မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်   ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ အင်္ဂါနေ့၊   အတွဲ [၅၄]၊ အမှတ် [၃၂၄]

ဒါန၌ တော်မင်္ဂလ မုတ္တမံ
စွန့်ကြဲပေးကမ်း
လှူဒါန်းခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

# ရေဘေးသင့်ပြည်သူများ အသက်ရှင်ရပ်တည်နိုင်ရန် စားရေး၊ နေရေး၊ ဝတ်ရေးနှင့် ကျန်းမာရေးကိစ္စရပ်များကို နည်းလမ်းမျိုးစုံဖြင့် ကူညီစောင့်ရှောက်ပေးရမည်

နေပြည်တော်   ဩဂုတ်   ၂၄

ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတနှင့်အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## နိုင်ငံတကာအကူအညီများ၊ ကရုဏာရှင်ပြည်သူများ၏ ဝိုင်းဝန်းကူညီထောက်ပံ့မှုနှင့် အစိုးရ၏စီမံခန့်ခွဲမှုကြောင့် ရေဘေးကြုံတွေ့ရသည့်အခက်အခဲများ အခိုက်အတန့် ပြေလည်မှုရှိနေသေးသော်လည်း ရှေ့ဆက်ရပ်တည်နိုင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းများစွာရှိ. . .


နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# လာမည့်တတိယအကြိမ်မြစ်ရေတက်ချိန်တွင် မြန်အောင်ရေကာတာ စိုးရိမ်စရာမရှိ



မြန်အောင်   ဩဂုတ်   ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မြန်အောင်ရေကာတာအခြေအနေမှာ လက်ရှိအနေအထားအရ လာမည့်စက်တင်ဘာလအတွင်း တတိယမြစ်ရေတက်ချိန်တွင် စိုးရိမ်စရာမရှိတော့ကြောင်း မြန်အောင်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၆ ရက်အထိ ဧရာဝတီမြစ်ရေသည် အမြင့်ဆုံးစံချိန်တင် တက်ခဲ့ရာ ရွှေကျင်ကျေးရွာအုပ်စု ငါးဘတ်ချောင်းကျေးရွာရှေ့ မြန်အောင်ရေကာတာအပိုင်းတွင် ရေကျော်မည့် အခြေအနေအထိဖြစ်ခဲ့သဖြင့် တားဆီးကာကွယ်မှုများကို ဆည်မြောင်းဦးစီးဌာနနှင့် ဒေသခံများစုပေါင်းဆောင်ရွက်ခဲ့ရပြီး ရေမကျော်အောင်ကာကွယ်နိုင်ခဲ့ကြကြောင်း ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးဇော်ဇော်က ပြောသည်။

လာမည့် စက်တင်ဘာလတွင်လည်း မြစ်ရေတက်လာနိုင်သည်ဟုခန့်မှန်းထားသောကြောင့် ဩဂုတ်လ မြစ်ရေ အမြင့်ဆုံးတက်ခဲ့စဉ်က တားဆီးကာကွယ်ခဲ့သော သဲအိတ်များကို စနစ်တကျဖြစ်အောင် ပြန်လည်ပြုပြင်ခြင်း၊ နေပူဒဏ်နှင့် မိုးဒဏ်ခံနိုင်သည့် ဖြက်ငါးပေထုငါးပေအထိ ဖြစ်အောင် စီမံဆောင်ရွက်ထားကြောင်း သိရသည်။ လာမည့် နွေရာသီတွင်လည်း ရေကာတာကို လက်ရှိအမြင့်ထက်

*စာမျက်နှာ ၁၁ ကော်လံ ၄* ✻

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၄-၈-၂၀၁၅

| မြို့ | မိုးရေချိန် |
| --- | --- |
| ဟင်္သာတမြို့ | ၃ ဒသမ ၃၀ လက်မ |
| ခန္တီးမြို့ | ၃ ဒသမ ၂၆ လက်မ |
| လားရှိုးမြို့ | ၃ ဒသမ ၀၆ လက်မ |
| တမူးမြို့ | ၂ ဒသမ ၇၆ လက်မ |
| ပေါင်မြို့ | ၂ ဒသမ ၄၀ လက်မ |
| သိမ်ဖြူရပ်မြို့ | ၂ ဒသမ ၃၆ လက်မ |



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အားကစားအောင်နိုင်ရေး ဆက်လက်ကြိုးပမ်း

အားကစားအောင်နိုင်ခြင်းသည် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ် အိမ်ရှင်ဆီးဂိမ်းကျင်းပခဲ့ချိန်မှ အစပြုကာ အားကစားနည်းစုံ ဖွံ့ဖြိုးတက်အောင် အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရသည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အထိုက်အလျောက် တိုးတက်လာသည်ဟု ဆိုနိုင်သော်လည်း အားကစားဖွံ့ဖြိုးသည့် အခြားသော အာဆီယံနိုင်ငံများကိုလိုက်မီရန် လိုအပ်နေဆဲဖြစ်သည်။ ကြိုးစားအားထုတ်ရန် လိုအပ်နေဆဲဖြစ်သည်။

မကြာသေးမီက အာဆီယံဆိုင်ရာ အားကစားဆုများ ပေးအပ်ချီးမြှင့်ရာတွင် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်နှင့် အကောင်းဆုံးလူငယ် ကစားသမားဆု နှစ်ဆုသာ ဆွတ်ခူးနိုင်ခဲ့သည်။ ဆုတံဆိပ် ၁၈ မျိုး ချီးမြှင့်ရာတွင် ထိုင်းနိုင်ငံက အများဆုံးဆွတ်ခူးသွားသည်ကို တွေ့ရသည်။ ဤအချက်ကို ထောက်ရှုလျက် အားကစားဖွံ့ဖြိုးပြီးသည့် အခြားသောအာဆီယံနိုင်ငံများကို အမီလိုက်ရန် လိုအပ်နေသေးကြောင်း တွေ့ရမည်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် အိမ်ရှင်ဆီးဂိမ်းကျင်းပစဉ် အိမ်ရှင်နှင့် လိုက်လျောညီထွေစွာ ရွှေတံဆိပ်ဆွတ်ခူးနိုင်မှု ဒုတိယအများဆုံးဆွတ်ခူးနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ဆီးဂိမ်းတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်မှု အလွန်နည်းပါးသွားသည်ကို တွေ့ရပေသည်။ လက်ရှိ မြန်မာနိုင်ငံ၏ အားကစားအောင်မြင်မှုကို လေ့လာကြည့်လျှင် ခြင်းလုံးနှင့် ရိုးရာလေ့လှော် အားကစားနည်းများလောက်သာ ရွှေတံဆိပ်ရရှိရန် အပိုင်ခန့်မှန်းတွက်ချက်နိုင်သေးသည်။ ရေကူး၊ အပြေး၊ တိုက်ကွမ်ဒို၊ ဂျူဒို အစရှိသော အားကစားနည်းများတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ရန် အတော်ကြိုးစားရမည့် အနေအထားရှိသည်။ တစ်ချိန်က မြန်မာအားကစားသမားများ ရွှေရရန်အပိုင်တွက်နိုင်သည့် ဝူရှူးနှင့် မြှားပစ်အားကစားနည်းများပင်လျှင် ဒေသတွင်းပြိုင်ဘက်များ အားကောင်းလာပြီဖြစ်၍ ဆုရရှိရန် တဖြည်းဖြည်း အလှမ်းဝေးလာပြီဖြစ်သည်။

ဘောလုံးအားကစားနည်းမှာ အနည်းငယ် တိုးတက်လာသည်ဟု ဆိုနိုင်သော်လည်း အဓိကပြိုင်ဘက်ဖြစ်သည့် ထိုင်းကိုယှဉ်ရန် အတော်ပင်ကြိုးစားရပေဦးမည်။ ထိုင်းအမျိုးသား၊ အမျိုးသမီးဘောလုံးအသင်းများသည် နည်းစနစ်ကောင်းသည်။ လူအရွယ်အစားရွေးချယ်မှု ညီညာသည်။ အစစအရာရာ အလေးသာသည့်ဘက်တွင် ရှိသည်။

အားကစားအလုပ်သည် ဖုတ်ပူမီးတိုက် တစ်ခဏအလုပ်မဟုတ်ပေ။ ရေရှည်ပြုစုပျိုးထောင်ရသော အလုပ်ဖြစ်သည်။ စနစ်တကျ ပျိုးထောင်ပြီး ပြိုင်ပွဲများအဆက်မပြတ်ယှဉ်ပြိုင်နေမှ တိုးတက်နိုင်သည်။ အားကစားအလုပ်သည် အလွန်ကျယ်ဝန်းသည်။ ဒေသတွင်းအဆင့်မှ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်မည်ဆိုလျှင် နိုင်ငံနှင့်လူမျိုးဂုဏ်ကို အောင်နိုင်ရုံမက ကြေးစားကစားသမားဘဝဖြင့် ဝင်ငွေဒေါ်လာသန်းပေါင်းများစွာ ပိုင်ဆိုင်နိုင်သည်။ သို့ပါ၍ အားကစားအလုပ်ကို ဒေသတွင်းသာမက ကမ္ဘာ့အဆင့်ထိ ရည်မှန်းချက်ရှိရှိ ရေရှည်ပြုစုပျိုးထောင်ပြီး ဝိုင်းဝန်းကြိုးစားအားထုတ်နိုင်မှသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါကြောင်း။


# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။   Established in 1914

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယှဉ်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဌာန်းထားပါသည်။ "

# ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက် သတင်းစာရှင်းလင်းပွဲကျင်းပ

**ပဲခူး ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး ရဲရိပ်သာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် သတင်းမီဒီယာအဖွဲ့များ တက်ရောက်ခဲ့ကြသည်။




အခမ်းအနားတွင် ရဲမှူးကြီးက အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများမှ သိရှိလိုသောအကြောင်းအရာများကို မေးမြန်းရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်နှင့် ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းစိန်တို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ပဲခူး(သန့်စင်)**

# ရွေးကောက်ပွဲကော်မရှင်များ တွေ့ဆုံဆွေးနွေး

**မာန်အောင် ဩဂုတ် ၂၄**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာကော်မရှင်များ ၊ ရပ်မိရပ်ဖများ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများတွေ့ဆုံပွဲကို ဩဂုတ် တတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်မောင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဌ ဦးဘဆွေက ကော်မရှင်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သိန်းဖေ( ပြန်/ဆက်)**



# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၄-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ |
| ဥရောပ | တစ်ယူရို | ၁၄၆၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၈.၆၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၂၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၀.၈၄ |

ခင်ရတနာ-စုစည်းသည်။

၁၇-၈-၂၀၁၅ မှ ၂၁-၈-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၂၁ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၆၀ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ကို အရေးပေါ်အခြေအနေ ကြေညာခဲ့ရပါကြောင်း၊ တိုင်းဒေသကြီးတစ်ခုနှင့် ပြည်နယ်နှစ်ခုမှလွဲ၍ တစ်နိုင်ငံလုံးနီးပါး ဖြစ်ပွားခဲ့သည့် အတွက် အိမ်ထောင်စု လေးသိန်းခန့်နှင့် လူဦးရေ တစ်ဆယ့်ခြောက်သိန်းကျော် ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံခဲ့ရပါကြောင်း၊ နေအိမ်စုစုပေါင်း တစ်သောင်းခုနစ်ထောင်ကျော် ပျက်စီးခဲ့ပါကြောင်း၊ စာသင်ကျောင်း ၅၂၈ ကျောင်းနှင့် ဘုန်းကြီးကျောင်းများ အပါအဝင် အခြားအဆောက်အအုံပေါင်း ငါးထောင်ခန့် ပျက်စီးခဲ့ပါကြောင်း။

ထို့ပြင် လမ်း၊ တံတားပျက်စီးမှုများလည်း ရှိပါကြောင်း၊ ရေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ရန်နှင့် ယင်းဒေသများ အမြန်ဆုံးပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုအချိန်သည် မိုးဦးကျ စိုက်ပျိုးချိန်ဖြစ်ပြီး လယ်မြေဧက ၁၄ သိန်းကျော်ခန့် ရေနစ်မြုပ်ခဲ့သည့်အတွက် ယင်းအထဲမှ ခုနစ်သိန်းခန့် ပျက်စီးခဲ့ပါကြောင်း၊ ရေကြီးနစ်မြုပ်မှုဖြစ်စဉ် တစ်ခုလုံးဆုံးရှုံးမှုအားလုံး၏ တန်ဖိုးမှာ ၁၆၅ ဘီလီယံခန့် ရှိမည်ဟုခန့်မှန်းပါကြောင်း။



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)

သဘာဝဘေးအန္တရာယ်သည် တားဆီး၍ မရနိုင်သော်လည်း ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ပါကြောင်း၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့နေရပါကြောင်း၊ သဘာဝဘေးဒဏ်ကြုံတွေ့ပါက ပထမအရေးကြီးဆုံးမှာ လူများအသက်ရှင်နိုင်ရန် ကယ်တင်ခြင်းနှင့် ပြောင်းရွှေ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ကျော်လွှန်လာခဲ့ပြီဖြစ်ပါကြောင်း၊ ဒုတိယအနေဖြင့် ဘေးကင်းလုံခြုံအောင် ရွှေ့ပြောင်းပြီးသည်နှင့် ရေဘေးသင့်ပြည်သူများ အသက်ရှင်ရပ်တည်နိုင်ရန် စားရေး၊ နေရေး၊ ဝတ်ရေးနှင့် ကျန်းမာရေးကိစ္စရပ်များကို နည်းလမ်းမျိုးစုံဖြင့် ကူညီစောင့်ရှောက်ပေးရမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာအကူအညီများ၊ ကရုဏာရှင်ပြည်သူများ၏ ဝိုင်းဝန်းကူညီ ထောက်ပံ့မှုနှင့် အစိုးရ၏စီမံခန့်ခွဲမှုကြောင့် ရေဘေးကြုံတွေ့ရသည့် အခက်အခဲများ အခိုက်အတန့် ပြေလည်မှုရှိနေသေးသော်လည်း ရှေ့ဆက်ရပ်တည်နိုင်ရန်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာရှိပါကြောင်း၊ စားရေး၊ နေရေး၊ အလုပ်အကိုင် အခွင့်အလမ်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် လမ်း၊ တံတားများကို ပြန်လည် ပြုပြင်ဆောင်ရွက်ပေးရန်နှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးကို အစိုးရက ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပြုစုထားသည့် ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအပေါ်အခြေခံပြီး စီမံဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် ကိန်းဂဏန်း အချက်အလက်များနှင့် စာရင်းဇယားများ တိကျမှန်ကန်အောင်အမြန်ဆုံးကောက်ယူနိုင်ရန် လိုအပ်ပါကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် ရေတိုဆောင်ရွက်ရမည့် စားဝတ်နေရေးအဆင်ပြေစေရေး၊ စာသင်ကျောင်းနှင့်ဆေးရုံများ အမြန်ပြန်လည် ဖွင့်လှစ်နိုင်ရေး၊ ဆက်သွယ်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ပြီး မူလအခြေအနေရောက်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရန်အတွက် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိအောင် စာရင်းဇယား တိတိကျကျဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီး နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး၊ လူမှုရေးပြဿနာများ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်ဆောင်ရွက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ အမြန်ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

ရေဘေးသင့်ပြည်သူများ၏ မူလလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် ဆောင်ရွက်ပေးနိုင်မှသာ ရေဘေးသင့်ပြည်သူများ ပုံမှန်ဝင်ငွေ ပြန်လည်ရရှိမည် ဖြစ်ပါကြောင်း၊ ယင်းတို့ကို ဆောင်ရွက်ပေးနိုင်ရန် အဖွဲ့များဖွဲ့စည်းပြီး ကျေးရွာအထိ ကွင်းဆင်း၍ စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်ကို လျင်လျင်မြန်မြန် ဆောင်ရွက်ပေးခြင်းအားဖြင့် မူလအနေအထားကို အမြန်ဆုံးပြန်လည် ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။


ဒုတိယအဆင့်အနေဖြင့် မူလအနေထားထက် သာလွန်အောင် ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၈)ရပ်နှင့်အညီ ဝန်ကြီးဌာနအလိုက် သက်ဆိုင်သည့်လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမျိုးသားအဆင့် ပြန်လည်ထူထောင်မှု လုပ်ငန်းညှိနှိုင်းရေးစုဖွဲ့မှုပုံစံနှင့် ပြန်လည်ထူထောင်မှုလုပ်ငန်းစုဖွဲ့မှုပုံစံ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းမှု မူဘောင်များ ချမှတ်၍ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ကမ္ဘာ့မိုးလေဝသ သတင်းထုတ်ပြန်ချက်များအရ အယ်နီညိုရာသီဥတု ဖြစ်ပေါ်နိုင်မှုကြောင့် မိုးနှောင်းကာလတွင် မြစ်၊ ချောင်းများ၌ ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပေါ်နိုင်သည့်အတွက် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို အခြေခံပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။


ယင်းနောက် သဘာဝဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဒေသအလိုက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြည်ထောင်စုအစိုးရမှ ကူညီပံ့ပိုးပေးစေလိုသည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၄ သို့*

## အမျိုးသားအဆင့် ပြန်လည်ထူထောင်မှု လုပ်ငန်းညှိနှိုင်းရေး စုဖွဲ့မှုပုံစံ




## ပြန်လည်ထူထောင်မှုလုပ်ငန်း စုဖွဲ့မှုပုံစံ



# လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁၆/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်ဖော်ပြပါ အရာရှိကြီးများကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီး သူရမျိုးတင် — ကချင်ပြည်နယ်အစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး ကျော်ကျော် — ချင်းပြည်နယ်အစိုးရအဖွဲ့
(၃) ဗိုလ်မှူးကြီး ကျော်သန့်နိုင် — စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
(၄) ဗိုလ်မှူးကြီးခင်မောင်ဌေး — ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၅) ဗိုလ်မှူးကြီးမျိုးမင်းအောင် — မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၆) ဗိုလ်မှူးကြီးဝင်းနိုင်ဦး — မွန်ပြည်နယ်အစိုးရအဖွဲ့
(၇) ဗိုလ်မှူးကြီးတင်အောင်ထွန်း — ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
(၈) ဗိုလ်မှူးကြီးစိုးမိုးအောင် — ရှမ်းပြည်နယ်အစိုးရအဖွဲ့

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး အလုပ်ရုံဆွေးနွေးမည်

**နေပြည်တော် ဩဂုတ် ၂၄**

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များကို ကြီးကြပ်ကွပ်ကဲရေးကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများက ကျယ်ပြန့်ရှင်းလင်းစွာ သိရှိနိုင်ရန်နှင့် အကြံဉာဏ်ကောင်းများပေးအပ်နိုင်ရန် နှီးနွှယ်ဆက်စပ်သော မိတ်ဖက်ဌာန/အဖွဲ့အစည်းများနှင့် ဟန်ချက်ညီပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်နှင့် အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များကို ရရှိသုံးစွဲနိုင်ရေးတို့အတွက် အဖွဲ့အစည်းပေါင်းစုံပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် နှီးနွှယ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ရန် စီစဉ်ထားရှိပြီး ကြီးကြပ်ကွပ်ကဲရေးနည်းလမ်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ အသက် ၁၀၀ နှစ်နှင့်အထက် အဘိုးအဘွားများအတွက် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ပွဲသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီးတက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

**နိုင်ငံတော်သမ္မတ၏ အသက် ၁၀၀ နှစ်နှင့်အထက် အဘိုးအဘွားများအတွက် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက လားရှိုးမြို့ မြို့တော်ခန်းမဧကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်၍ ချီးမြှင့်သည်။**



အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပြည်နယ်ဝန်ကြီးများ၊ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကန်တော့ခံအဘိုးအဘွားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဘိုးအဘွားများကို ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ အဘိုးအဘွားများကို ကန်တော့ကြရာ ဘိုးဘွားများကိုယ်စား အဘိုး ဦးဆန်မူးက ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် အသက် ၁၀၀ နှစ်နှင့်အထက် အဘိုးအဘွားများအတွက် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီကို နိုင်ငံတော်သမ္မတကိုယ်စား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက တန့်ယန်းမြို့နယ်မှ အသက် ၁၁၁ နှစ်ရှိ အဘွားဒေါ်နှိုင်းလွယ်လိုင်း၊ လားရှိုးမြို့မှ အသက် ၁၀၅ နှစ်ရှိ အဘွားဒေါ်ဒေါင်ယန်း၊ မိုင်းရယ်မြို့နယ်မှ အသက် ၁၀၂ နှစ်ရှိ အဘွား ဒေါ်နိုင်းဆာ၊ လားရှိုးမြို့နယ်မှ အသက် ၁၀၀ နှစ်ရှိအဘွား ဒေါ်စောမေနှင့် သီပေါမြို့မှ အသက် ၁၀၀ နှစ်ရှိ အဘိုးဦးဆန်မူးတို့အား ချီးမြှင့်ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ခံရသည့် အဘိုးအဘွားများအား ဒုတိယသမ္မတနှင့်ဇနီးတို့က တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီကို ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်က ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အဘိုးအဘွားများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ငွေကျပ်တစ်သိန်းစီကို ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့်က ထောက်ပံ့ပေးအပ်သည်။


ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် အဘိုးအဘွားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယနေ့ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ အသက် ၁၀၀ နှစ်နှင့်အထက် အဘိုးအဘွားများအတွက် ထောက်ပံ့ချီးမြှင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အဘိုးအဘွား ၁၇ ဦးအတွက် စုစုပေါင်း ချီးမြှင့်ထောက်ပံ့ငွေကျပ် ၆၈ သိန်း ထောက်ပံ့ပေးအပ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်မှုတွင် ယခုကဲ့သို့ သက်ကြီးရွယ်အိုများအပေါ် ဂုဏ်ပြုထောက်ပံ့ပေးသောအစီအစဉ်သည် ပထမဦးဆုံးအကြိမ် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစီမံချက်အရ နိုင်ငံတစ်ဝန်း လုံးရှိအသက် ၁၀၀ နှစ်နှင့်အထက် အဘိုး ၁၈၂ ဦး၊ အဘွား ၄၂၁ ဦး စုစုပေါင်း အဘိုးအဘွား ၆၀၃ ဦးတို့အား နိုင်ငံတော်သမ္မတ၏ အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေကျပ်နှစ်သိန်းစီကို ချီးမြှင့်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့်နေအိမ်များကို ပြန်လည်ဆောက်လုပ်ပေးရေး၊ ရေဘေးသင့် ပြည်သူများနှင့် ဝန်ထမ်းများ ရေရှည်စားသောက်ရေးအတွက် ဆန်ရိက္ခာနှင့်လတ်တလောသုံးစွဲရန်အတွက် ငွေကြေးထောက်ပံ့ပေးရေး၊ ရေဘေးသင့် သက်ကြီးရွယ်အိုနှင့် ကိုယ်ဝန်ဆောင်မိခင်များအားစောင့်ရှောက်ပေးရေး၊ အဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်း၍ ကွင်းဆင်းဆောင်ရွက်ပေးရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။ **(သတင်းစဉ်)**




# သံတမန်ရေးရာ သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာနကဖွင့်လှစ်သည့် သံတမန်ရေးရာသင်တန်းအမှတ်စဉ်(၄/၂၀၁၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ နိုင်ငံခြားရေးရာဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းသင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သော အရာထမ်းငယ်များ၏ အရည်အသွေးမြှင့်တင်စေရန်နှင့် ဗဟုသုတကြွယ်ဝစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းစီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ ဆက်ဆံရေးကျွမ်းကျင်မှု ဘာသာရပ်၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ သံခင်းတမန်ခင်းဆိုင်ရာ ဘာသာရပ်များနှင့် အာဆီယံရေးရာများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းကာလ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနစုမှူး-၂(၃၀) တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဩဂုတ် ၂၅ ရက်တွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။

**(မိုး/ဇလ)**

## ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁၃/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်ဖော်ပြပါအရာရှိကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးအသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ကာကွယ်ရေးဝန်ကြီးဌာန
(၂) ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ နယ်စပ်ရေးရာဝန်ကြီးဌာန

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နေပြည်တော်ကောင်စီ ကောင်စီဝင်ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁၄/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**နေပြည်တော်ကောင်စီ ကောင်စီဝင်ခန့်အပ်တာဝန်ပေးခြင်း**

နေပြည်တော်ကောင်စီ ကောင်စီဝင်ဗိုလ်မှူးကြီးမြင့်အောင်သန်းကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မ ၂၈၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မ ၈၄ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၄၊ ပုဒ်မ ၂၀ တို့ပါပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးမင်းနောင်ကို နေပြည်တော်ကောင်စီ ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁၅/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

အောက်ဖော်ပြပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်-

(၁) ဗိုလ်မှူးကြီးသန်းအောင် ကချင်ပြည်နယ်အစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီးဇော်မင်းဦး ချင်းပြည်နယ်အစိုးရအဖွဲ့
(၃) ဗိုလ်မှူးကြီးကြည်နိုင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
(၄) ဗိုလ်မှူးကြီးသက်ထွန်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၅) ဗိုလ်မှူးကြီးအောင်ကျော်မိုး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၆) ဗိုလ်မှူးကြီးငွေမြင့်အောင် မွန်ပြည်နယ်အစိုးရအဖွဲ့
(၇) ဗိုလ်မှူးကြီးတင်ဝင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
(၈) ဗိုလ်မှူးကြီးအောင်သူ ရှမ်းပြည်နယ်အစိုးရအဖွဲ့

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုလာသည့် ရလဒ်အပေါ်တွင်လည်း တပ်မတော်၏ ရပ်တည်ချက်သဘောထားအတိုင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် တွေ့ဆုံစဉ်။** (မြဝတီ)

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လောက်ကိုင်ဒေသဖြစ်စဉ်နှင့် နောက်ဆုံးမြေပြင်အခြေအနေများ၊ ပါကစ္စတန်၊ ဆားဗီးယားနှင့် အိန္ဒိယနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်မှုနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးအခြေအနေများ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် လွတ်လပ်ပြီး တရားမျှတမှုရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ လာမည့် ရွေးကောက်ပွဲအတွက် အထောက်အကူဖြစ်စေရန် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များ၊ လက်ရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင်ပိုင်းအပြောင်းအလဲနှင့် နိုင်ငံရေးပါတီများအပေါ် တပ်မတော်၏ သဘောထားရပ်တည်ချက်ဆိုင်ရာများ၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှု၊ သဘာဝဘေးဒဏ်များနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းအသီးသီး၏ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဦးစွာရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အဖွဲ့ဝင်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

မေးမြန်းချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ဖြေကြားရာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးရာတွင် MNDAA၊ TNLA နှင့် AA အဖွဲ့ သုံးဖွဲ့နှင့်ပတ်သက်၍ MNDAA သည် အချုပ်အခြာအာဏာကို ထိပါးလာ၍ တိုက်ခိုက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့နှင့် လောက်ကိုင်ဒေသကွပ်ကဲမှုစစ်ဌာနချုပ်တို့အား စတင်တိုက်ခိုက်လာခြင်းဖြစ်၍ ငြိမ်းချမ်းရေးလုပ်၍ မရကြောင်း၊ လက်နက်စွန့်ရမည်ဖြစ်ကြောင်း၊ MNDAA နှင့်ဆက်စပ်ပြီး ဝိုင်းဝန်းကူညီခဲ့ကြသူများဖြစ်သည့် TNLA နှင့် KIA တပ်မဟာ(၄)ဟု ၎င်းတို့ခေါ်ဆိုနေသူများမှာလည်း လက်နက်စွန့်ရမည်ဖြစ်ကြောင်း၊ NCA စာချုပ်လက်မှတ်ရေးထိုးသည့်အဖွဲ့များအနေဖြင့်လည်း နဂိုလက်ခံထားသည့်အတိုင်း SSR/DDR ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အတွက် လတ်တလောအချိန်ကာလတစ်ခုအထိ လက်နက်အပ်ရန်၊ ဖျက်ဆီးရန် မလိုသေးဘဲ လက်နက်များကို ထိန်းသိမ်းထားရမည်သာဖြစ်ကြောင်း၊ နောက်ပိုင်းတွင် SSR/DDR လုပ်ငန်းစဉ်များအတိုင်း စည်းကမ်းနှင့်အညီဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင် (MEC) တို့နှင့် ပတ်သက်၍ အခြားနိုင်ငံများတွင်လည်း တပ်မတော်၏ ကျောထောက်နောက်ခံ စီးပွားရေးလုပ်ငန်းများရှိကြကြောင်း၊ လည်ပတ်မှု မတူညီသော်လည်း တပ်မတော်အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏ သက်သာချောင်ချိရေး၊ စစ်မှုထမ်းဟောင်းများ၏ သက်သာချောင်ချိရေး၊ ပြည်သူလူထု၏ သက်သာချောင်ချိရေးများ ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံတော် စီးပွားရေးအား အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ MEC လုပ်ငန်းများသည် တပ်မတော်၏ ဘတ်ဂျက်ကို Save ဖြစ်စေရန်၊ တပ်မတော်ကို အထောက်အပံ့ ဖြစ်စေရန်အတွက် ပစ္စည်းထုတ်လုပ်မှုများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများသည် နိုင်ငံတော်သို့ အခွန်အခများ အပြည့်အဝပေးသွင်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ရရှိလာသည့် အမြတ်ငွေမှ တိုက်ပွဲတွင် ထိခိုက်ကျဆုံး ဒဏ်ရာရရှိသူများအား ထောက်ပံ့ခြင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများလုပ်ဆောင်ခြင်း စသည့် လုပ်ငန်းများတွင် သုံးစွဲရန် တပ်မတော်သက်သာချောင်ချိရေးရန်ပုံငွေသို့ ထည့်သွင်းရပါကြောင်း၊ MEC အနေဖြင့် နိုင်ငံတော်အစုရှယ်ယာအားလုံးနီးပါး ပြန်လည်ပေးသွင်းပြီးဖြစ်ကြောင်း၊ ဦးပိုင်တွင်လည်း တဖြည်းဖြည်းလျှော့ချလာပြီး နောင်တွင် အများပိုင်အဖြစ် တပ်မတော်သားမိသားစုများ၏ အစုရှယ်ယာ၊ စစ်မှုထမ်းဟောင်းများ၏ အစုရှယ်ယာ၊ တပ်များ၏ အစုရှယ်ယာနှင့် ထည့်ဝင်နိုင်သည့်သူများ၏ အစုရှယ်ယာများနှင့်သာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဦးပိုင်၊ MEC လုပ်ငန်းများအနေဖြင့်လည်း တိုင်းရင်းသားလုပ်ငန်းရှင်များ၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲလမ်းဖွင့်ထားပြီး ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်အားလုံးတွင် ဝင်ရောက်လက်တွဲ လုပ်ဆောင်ရန် ကြိုဆိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် အနောက်နိုင်ငံများနှင့် နိုင်ငံရေး ကူးလူးဆက်ဆံမှုများစွာရှိလာသော်လည်း တပ်မတော်ပိုင်းဆိုင်ရာ ဆက်ဆံမှုအရှိန်အဟုန် နှေးကွေးနေကြောင်းနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် တရုတ်၊ ရုရှား၊ အိန္ဒိယ စသည့် ဒေသတွင်းနိုင်ငံများရှိ တပ်မတော်များနှင့်သာမက အနောက်နိုင်ငံတပ်မတော်များနှင့်ပါ ရင်းနှီးပွင့်လင်းစွာ ဆက်ဆံလျက်ရှိကြောင်း၊ ပြင်သစ်၊ နော်ဝေ၊ အင်္ဂလန်စသည့် နိုင်ငံများတွင် ပညာတော်သင်များ စေလွှတ်တက်ရောက်လျက်ရှိကြောင်း၊ တပ်မတော်ချင်း ဆက်ဆံရေးကောင်းမွန်သော်လည်း နိုင်ငံရေး အဖွဲ့အစည်းများ၏ ဖိအားများရှိနေခြင်းကြောင့် ယင်းတို့အပေါ်တွင်သာ မူတည်နေကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တပ်မတော်အရာရှိများကို အရပ်ဘက်ဝန်ကြီးဌာနများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှု မူဝါဒနှင့်ပတ်သက်သည့် ကိစ္စနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများသည် မည်သည့်ဝန်ထမ်းဖြစ်စေ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်၍ရပါကြောင်း၊ မူအားဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ တောင်းဆိုမှု၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၏ သဘောတူညီမှု၊ အစိုးရအဖွဲ့၏ ခွင့်ပြုချက်တို့ဖြင့် ပြောင်းရွှေ့ရကြောင်း၊ တပ်မတော်သားများ အရပ်ဘက်ဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုသည်လည်း ထို့အတူဖြစ်ကြောင်း၊ ယခုလည်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝန်ထမ်းအခက်အခဲရှိ၍ တောင်းဆိုမှုကြောင့် မိမိအရန်ရှိသည့်အင်အားမှ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး ထိုသို့ကူးပြောင်းရာတွင် အချို့မှာ တပ်မတော်လစာထက်နိမ့်သောလစာအဆင့်ဖြင့် ပြောင်းရွှေ့သွားရခြင်းဖြစ်ကြောင်း၊ တချို့လည်း တိုက်ပွဲဒဏ်ရာရရှိသူ၊ ကျန်းမာရေးကြောင့် မသန်စွမ်းသူများအား အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြောင်းရွှေ့မှုများရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရွေးကောက်ပွဲတွင် သမ္မတအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ မဲဆန္ဒပေးရွေးချယ်မှုနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး လုံးဝဘက်လိုက်မှုမရှိကြောင်း၊ တပ်မတော်သားများ၊ မိသားစုဝင်များ မဲဆန္ဒပေးမှုနှင့်ပတ်သက်၍ တပ်မတော်၏ ရပ်တည်ချက် သဘောထားကို နားလည်အောင်သာ ရှင်းလင်းပြောကြားထားကြောင်း၊ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုလာသည့် ရလဒ်အပေါ်တွင်လည်း တပ်မတော်၏ ရပ်တည်ချက် သဘောထားအတိုင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်နှင့် သတင်းမီဒီယာများအကြား သတင်းစီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်လုပ်ဆောင်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။ **(မြဝတီ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ရေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း လွှတ်တော်အတည်ပြု

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၉ ရက် မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းအားလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေအားလည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်က သဘောတူသည်။

ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ မြို့ ငါးမြို့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စု ၁ အုပ်စု အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

အဆိုပါ မြို့ငါးမြို့နှင့် ကျေးရွာအုပ်စု တစ်အုပ်စုမှာ သာယာဝတီခရိုင် မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ နတ်တလင်းမြို့နယ် အတွင်းရှိ ရပ်ကွက်များကို မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်းရှိ ကျွဲပွဲကျေးရွာအုပ်စု ကျွဲပွဲမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်အတွင်းရှိ ဖဒိုကျေးရွာအုပ်စု၊ ဆီဆုံကုန်းကျေးရွာအုပ်စု၊ ခွက်မကျေးရွာအုပ်စုတို့ကို ဖဒိုမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် တောကျွဲအင်းကျေးရွာအုပ်စုအား အောင်မြင်ကျေးရွာအုပ်စုအဖြစ် အမည်ပြောင်းလဲ ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းအတွက် ဂျပန်ယန်း ၂၄ ဒသမ ၈၆၆ ဘီလီယံ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ အမျိုးသား လျှပ်စစ်ဖြန့်ဖြူးမှု ကွန်ရက်အဆင့်မြှင့်တင်ခြင်း စီမံကိန်းအဆင့်(၂)အတွက် ဂျပန်ယန်း ၄၁ ဒသမ ၁၁၅ ဘီလီယံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်းမကြီးပေါ်ရှိ တံတားသုံးစင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းအတွက် ဂျပန်ယန်း ၃၃ ဒသမ ၈၆၉ ဘီလီယံတို့ကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ ချေးယူခွင့်နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဦးမော်သာထွေး၊ ဦးစိုးတင့်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အဆိုပြုချက်အတိုင်း လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး ဥပဒေကြမ်းတစ်ခုလုံးကို အတည်ပြုနိုင်ရန် ပုဒ်မအချို့နှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များကလည်းဆွေးနွေးခဲ့ကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် သင့်လျော်သည့်တပ်မတော်သား အမည်စာရင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ညှိနှိုင်းစိစစ်ရွေးချယ်ပေး

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်းလေးခုမေးမြန်းဖြေကြားခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တင်သွင်းသော ဥပဒေကြမ်း နှစ်ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနက တင်သွင်းသည့် ဥပဒေကြမ်း နှစ်ခုနှင့်စပ်လျဉ်း၍ အစီရင်ခံစာများ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ် ဖြေကြားစဉ်။



လောက်ကိုင် မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် မေးမြန်းစဉ်။

ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာက မော်တော်ယာဉ်များ မှတ်ပုံတင်ရာတွင် ယာဉ်အမှတ်များကို အင်္ဂလိပ်နံပါတ်များ ပြောင်းလဲတပ်ဆင်ပေးရခြင်း အကြောင်းအရင်း၊ မော်တော်ယာဉ်နံပါတ်ပြား၏ အရောင်၊ ရေးသားထားသော အင်္ဂလိပ်အက္ခရာများ၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှထုတ်ပေးထားသော နံပါတ်ပြားများမဟုတ်ဘဲ အခြားနံပါတ်ပြားများ တပ်ဆင်သွားလာလျက်ရှိသည့် ယာဉ်များနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုသည့် မေးခွန်းအပေါ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့တွင် နံပါတ်ပြား၏ ရှေ့အက္ခရာမှာ မိမိဘာသာစာလုံးဖြစ်ပြီး နောက်ဂဏန်းများမှာ အင်္ဂလိပ်နံပါတ်များဖြစ်ပါကြောင်း၊ ကျန်အာဆီယံနိုင်ငံများတွင် ရှေ့အက္ခရာနှင့် နောက်ဂဏန်းတို့မှာ အင်္ဂလိပ်စာလုံးများ အသုံးပြုသောကြောင့် နိုင်ငံတကာနှင့် ဆက်ဆံသည့်အခါ အဆင့်မီ လွယ်ကူစေရန်အတွက် ဖြစ်ပါကြောင်း။

မော်တော်ယာဉ်အမှတ်များကို အင်္ဂလိပ်နံပါတ်များ ပြောင်းလဲခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် ဇူလိုင် ၃ရက်တွင် ကနဦးမှတ်ပုံတင်ပြုလုပ်ပေးသော 4F/8000 မှစ၍ သတ်မှတ်ပြောင်းလဲတပ်ဆင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီ စုစုပေါင်း ၁၅ ခု ကိုယ်စားပြု အင်္ဂလိပ်အက္ခရာ အတိုကောက်စာလုံးများကို တစ်ပါတည်း ထည့်သွင်းသတ်မှတ် အသုံးပြုခဲ့ပါကြောင်း။

မော်တော်ယာဉ် နံပါတ်ပြား၏ အရောင်များအား ယာဉ်များကို အသုံးပြုသည့် လုပ်ငန်းအမျိုးအစားနှင့် အဖွဲ့အစည်းများပေါ် မူတည်၍ သံရုံး/ အဖွဲ့အစည်းပိုင်ယာဉ်တွင် အောက်ခံအဖြူ စာလုံးရောင်အနက်၊ သာသနာပိုင်ယာဉ်တွင် အောက်ခံအရောင်အဝါ၊ စာလုံးအရောင်အနက်၊ ခရီးသွားလုပ်ငန်းယာဉ်တွင် အောက်ခံအရောင် အပြာ၊ စာလုံးအရောင်အဖြူ ကိုယ်ပိုင်ယာဉ်/ ဆိုင်ကယ်/ယန္တရားတွင် အောက်ခံအရောင်အနက်၊ စာလုံးအရောင်အဖြူ အငှားယာဉ်/ နောက်တွဲယာဉ်တွင် အောက်ခံအရောင်အနီ၊ စာလုံးအရောင်အဖြူ လျှပ်ဒါန်းယာဉ်တွင် အောက်ခံအရောင်အစိမ်း၊ စာလုံးအရောင်အဖြူ နိဗ္ဗာန်ယာဉ်တို့တွင် အောက်ခံအရောင်နီညို၊ စာလုံးအရောင် အဖြူစသည်ဖြင့် ခွဲခြားသတ်မှတ်ထားပါကြောင်း။

ထို့ပြင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော နံပါတ်ပြားများမဟုတ်ဘဲ အခြားနံပါတ်ပြားများ တပ်ဆင်သွားလာလျက်ရှိသည့်ယာဉ်များကို လိုင်စင်မဲ့ ယာဉ်များ ဟုတ်/ မဟုတ် မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့မှ စိစစ်မေးမြန်းလာသည့်အခါတွင် မော်တော်ယာဉ်နှင့်ပတ်သက်သော အထောက်အထားများဖြင့် စိစစ်ခြင်း၊ လိုအပ်ပါက ယာဉ်စစ်ဆေး၍ ရုံးမှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ပြုလုပ်၍ အကြောင်းပြန်ကြားပေးခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်မည့် တပ်မတော်သားများ၏ ရာထူးကို လက်ရှိဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးချုပ်အဆင့်ထိ တိုးမြှင့်ခန့်ထားပေးရန်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွင် အမြဲတမ်းကော်မတီဝင်အဖြစ် ခန့်အပ်မည့် တပ်မတော်သားများ၏ ရာထူးကို လက်ရှိ ဒုတိယဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးကြီးအဆင့်ထိ တိုးမြှင့်ခန့်ထားပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအပေါ် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၊ ပုဒ်မ ၂၆၂(က)၊ အပိုဒ်ခွဲ(၂)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် သင့်လျော်သည့် တပ်မတော်သား အမည်စာရင်းကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်မှ ညှိနှိုင်း စိစစ်ရွေးချယ်ပေးရပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင်ရှိသော တပ်ဖွဲ့များ၏ ဖွဲ့စည်းပုံ၊ အရာရှိများအင်အား အခြေအနေပေါ်မူတည်၍ အတွေ့အကြုံရင့်ကျက်သော အရာရှိကြီးများကို နယ်မြေဒေသ အခြေအနေအပေါ် မူတည်၍သင့်လျော်သည့် တပ်မတော်သားများ၏အမည်စာရင်းကို စိစစ်ရွေးချယ် တာဝန်ပေးအပ်ရခြင်းဖြစ်ပါကြောင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများရှိ သက်ဆိုင်ရာဒေသများတွင်ရှိသော တပ်ရင်း/တပ်ဖွဲ့များတွင် ရောက်ရှိတာဝန်ထမ်းဆောင်နေသည့် အရာရှိများထဲမှ အတွေ့အကြုံရင့်ကျက်သောအရာရှိများ၊ နယ်မြေဒေသနှင့် ရင်းနှီးကျွမ်းဝင်သူအရာရှိများအား စိစစ်ရွေးချယ်တာဝန်ပေးအပ်ရခြင်း ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယနေ့ အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော **လမ်းမကြီးများဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အမြန်လမ်းမကြီးများ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနကတင်သွင်းသည့် **သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းများ**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းသည်။ **(သတင်းစဉ်)**

# ချင်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ဆက်လက်ကျင်းပ

**ဟားခါး ဩဂုတ် ၂၄**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပဥ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်း၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး တက်ရောက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် အစည်းအဝေး စတုတ္ထနေ့က ဆွေးနွေးခဲ့သည့် ချင်းပြည်နယ်ဝန်ဆောင်မှုလုပ်ငန်း ဥပဒေ(မူကြမ်း)ကိုအတည်ပြုရန် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနိန်နိုင်းက တင်သွင်းရာ ပြည်နယ်လွှတ်တော်က အတည်ပြုသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ အစည်းအဝေးဒုတိယနေ့တွင်တင်သွင်းခဲ့သည့် ချင်းပြည်နယ်လမ်းများ၊ တံတားများဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြောင်း သိရသည်။ **(ချင်းပြည်နယ် ပြန်/ဆက်)**

## မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

# ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမှု ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်အစားထိုးစိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်၂၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ပဲခူးတိုင်းဒေသကြီးမှ တာဝန်ရှိသူများ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသောသီးနှံများဧက စာရင်းများကို လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်ဖြင့် ကွင်းဆင်းကြီးကြပ်၍ မှန်ကန်တိကျအောင် စာရင်းပြုစုတင်ပြရေး၊ ပျက်စီးသွားသောစပါးခင်းများ အချိန်မီ အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သောအရန်မျိုးနှင့် သက်လျှင်စပါးမျိုးစေ့များ အချိန်မီရရှိရေးနှင့် ရေကျချိန်နောက်ပိုင်း ဖြစ်တတ်သော ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ဂရုပြုဆောင်ရွက်ရန်ဆွေးနွေးသည်။ ဩဂုတ် ၂၃ ရက် အထိ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးစပါးရေလွှမ်းသည့်ဧက ၃၇၅၉၂၅ ဧက၊ ရေပြန်ပေါ်သည့်ဧက ၃၇၅၉၂၅ ဧက၊ ထိခိုက်ဧက ၂၂၉၉၈၉ ဧက၊ ပျက်စီးဧက ၁၅၂၈၄၇ ဧကရှိပြီး ပြန်စိုက်ဧက ၂၆၆၆၁ ဧကရှိကာ ထိခိုက်ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအား သားတက်ခွဲစိုက်ပျိုးနည်းဖြင့် ပြန်လည်စိုက်ပျိုးခြင်း၊ အရန်ပျိုးဖြင့် စိုက်ပျိုးခြင်း၊ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးခြင်းနည်းလမ်းများအား စိုက်ပျိုးရေးဦးစီးဌာန ကွင်းဝန်ထမ်းများက တောင်သူများအား ကွင်းဆင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**




စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ချင်းဆိုင်ရွာအနီး၌ ရေကြီးနစ်မြုပ်ပျက်စီးသွားသော တံတားအား ပြန်လည်တည်ဆောက်နေသည်ကို ဩဂုတ် ၂၄ ရက်က ဤသို့ တွေ့ရသည်။ တင်လှမောင်

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၄**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများက လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ယင်းသို့ပို့ဆောင်ရာ၌ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေသုံးခေါက်ဖြင့် ဆန်၊ စားစရာမျိုးစုံ၊ အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်မျိုးစုံ၊ ဆေးဝါးမျိုးစုံနှင့် ရေသန့်ဆေးများကို ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၄**

ဇွန်၊ ဇူလိုင်လများအတွင်း ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ဦးမောင်မောင်သန်း-ဒေါ်ခင်သန်း(မိသားစု)က ငွေကျပ် ၂၀၀၀၀၀၊ SI Myanmar အရှေ့တောင်အာရှ လူငယ်များ သဘော်ခရီးစဉ် လူငယ်ဖွံ့ဖြိုးရေးအသင်းမှ ငွေကျပ် ၃၁၀၀၀၀၀ တို့အား လှူဒါန်းပွဲကို ယနေ့တွင် နေပြည်တော်၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ထိုင်းနိုင်ငံရောက် ဦးကျော်နိုင်ထူးအဖွဲ့က ငွေကျပ် ၃၄၃၀၀၀ ကို နေပြည်တော်၌ လာရောက်လှူဒါန်းသည်။ **(သတင်းစဉ်)**

# ကနီရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၄**

မုံရွာတက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းကြက်ခြေနီဝင်များက ကနီမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ်လ ပထမပတ်က မြို့နယ်ရေဘေးသင့် ထောက်ပံ့ရေးပစ္စည်းများ လက်ခံဌာန၌ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ဆန်၊ ခေါက်ဆွဲထုပ်၊ ရေသန့်ဘူး၊ ဆပ်ပြာနှင့် မုန့်မျိုးစုံတန်ဖိုးငွေကျပ် ၃၆၅၄၅၀ ကို မုံရွာတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာ သက်နိုင်ဦးက မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးထံသို့ ပေးအပ်ခဲ့သည်။ **(ပညာရေး)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၀၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၀ | ၅၇၄၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၈၀၁၁ | ၁၈၄၄၅၆ | ၁၄၇၇၉၈ | ၁၁၇၅၈၇ | ၃၆၄၀၀ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၃၀၁၀၁ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၇၂၀၄ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၉၂၀၃၄ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၇၉၇၅၈ | ၆၉၆၀၄ | ၂၆၆၉၅ | ၃၀၉၆ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၃ | ၂၆၅၃ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၁၈၃၃၀၉ | ၂၃၂၇၆၀ | ၁၉၀၇၅၄ | ၇၆၇၇ |
| | **စုစုပေါင်း** | **၁၄၄၃၉၃၃** | **၁၂၇၆၃၁၅** | **၁၀၇၈၀၁၆** | **၇၈၉၅၄၂** | **၂၈၃၀၂၁** |



# ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စုတွင် ရေနစ်မြုပ်မှုလယ်မြေများ တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

**ပြည် ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စုတွင် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၇ ရက်အထိ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် စိုက်ပျိုးပြီးလယ်မြေ ၃၉၂ ဧက ရေနစ်မြုပ်ခဲ့သည်။ ပျက်စီးထိခိုက်နစ်နာသော စိုက်ခင်းများအား ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ် ဦးစီးမှူးတို့သည် ဩဂုတ် ၂၁ ရက်က မော်ဇာအုပ်စု တောင်သူ ဦးအေးထွန်း၏ ကွင်းအမှတ်(၇၄၃ A)တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသော စပါးခင်းများတွင် အရန်ပျိုးနှင့် စိုက်ပျိုးထားရှိသော မိုးစပါး စိုက်ပြီးဧကများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရန်ကျန်ရှိသော ဧရိယာများတွင် စပါးသီးနှံ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းထိခိုက်မှုမရှိစေရေးအတွက် သက်တမ်းတို၊ အထွက်ကောင်းမျိုးများ စိုက်ပျိုးရန် ပိုး၊ ရောဂါကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ မြေဩဇာ အချိန်မီအချိုးကျသုံးစွဲရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ရွှေဝင်း(ပြည်)**

# အလှူပစ္စည်းများ လက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်သို့ ဩဂုတ် ၂၃ ရက်က အလှူရှင်များ လာရောက်လှူဒါန်းသော အလှူပစ္စည်းများမှာ ဆန် ၂၄ ပြည်ပါ ၃၈ အိတ်၊ အိတ်ပိုင်းခုနစ်အိတ်၊ ဆီ ၂၅ ပိဿာ၊ ရေသန့် ၆၅ ကတ်၊ အအေး တစ်ကတ်၊ ဆားနှစ်အိတ်၊ ဆပ်ပြာမှုန့်လေးအိတ်၊ ငါးသေတ္တာ ၁၅ ကတ်၊ ဖိနပ်မျိုးစုံ ၄၅ ရန်၊ ခေါက်ဆွဲခြောက် ၁၇ ဖာ၊ ၆၇ ထုပ်၊ ဆပ်ပြာမွှေး သုံးခဲ၊ ဆပ်ပြာတောင့် ၁၆ တောင့်၊ ခြင်ထောင် ၁၀ လုံး၊ ဖယောင်းတိုင် အထုပ် ၂၀၊ ပန်းကန်/ဇွန်းအစုံ ငါးအိတ်၊ စာရေးကိရိယာ နှစ်အိတ်၊ ဗလာစာအုပ် နှစ်ဖာ၊ ပလတ်စတစ်ဖျာ တစ်ချပ်၊ အဝတ်အထည် ၁၆ ထုပ်၊ သက်န်းနှစ်စုံ၊ ကော်ဖီမစ် အထုပ် ၂၀၀၊ မီးခြစ်အလုံး ၃၀၊ မုန့်မျိုးစုံ တစ်အိတ်၊ ဆရာခိုဆေးဘူး ၁၈ ဘူး၊ စောင်ခြောက်ထည်၊ ခေါင်းအုံး သုံးလုံးတို့ကို နေပြည်တော်၌လည်းကောင်း၊ ရေသန့်ကတ် ၁၀၀၊ အဝတ်အထည် နှစ်ဖာကို နေပြည်တော် ပျဉ်းမနား၌ လည်းကောင်း၊ အဝတ်အထည် ခြောက်အိတ်၊ Lux ဆပ်ပြာ တစ်ဖာ၊ ဖယောင်းတိုင် နှစ်ဖာ၊ အမျိုးသမီးသုံးပစ္စည်း နှစ်ဖာ၊ မီးခြစ် ၅၀ ပါ နှစ်ဘူး၊ မျက်နှာသုတ်ပဝါ ၁၀၀၊ ဆရာခို ဒါဇင်၂၀၊ ခါတ်ဆားထုပ် ၁၀၀၊ ပါရာစီတမော ကတ် ၂၀၀၊ ငါးသေတ္တာ ၁၀ ဒါဇင်၊ အဝတ်အထည် ခြောက်ဖာတို့ကို ရန်ကုန်တိုင်းဒေသကြီး၌ လည်းကောင်း၊ နွားစာအိတ် ၁×၂၄ ၅၂၀ ကို မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်တွင်လည်းကောင်း လက်ခံရရှိခဲ့သည်။

ဩဂုတ် ၂၃ ရက်တွင် ပြည်တွင်း အလှူရှင်များက လှူဒါန်းသော အလှူပစ္စည်းများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၅၀၁၀၀ တန်ဖိုးရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ရေကြီးနစ်မြုပ်လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်

**မိုးမိတ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်၌ ဇူလိုင်လအတွင်းဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် တောင်ကျချောင်းရေများစီးဝင်မှုကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်၍ လယ်မြေအချို့ ပျက်စီးဆုံးရှုံးခဲ့သည်။

ပျက်စီးသွားသော လယ်မြေများအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးပြီးမျိုးများပိုသော တောင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ သက်တမ်းတိုမျိုးစပါးများ အခမဲ့ဖြန့်ဖြူးပေးခြင်း၊ ပျိုးသက်ငယ်ဖြင့် ရွှေ့ပြောင်းစိုက်ပျိုးနိုင်ရန် ပလတ်စတစ်ပိုက်ဖြင့်ပျိုးထောင်သည့် နည်းပညာများ ကူညီဆောင်ရွက်ပေးခြင်း၊ ရေလွှမ်းမိုးမှုနောက်ပိုင်း ဖြစ်ပေါ်တတ်သည့် ဖျက်ပိုးကျရောက်မှုများ ကြိုတင်ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကွင်းဆင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၄**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၂၅ ရက်တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ချောင်းကူးတံတားနှင့် ကမ်းထိန်းနံရံများ ရေတိုက်စားမှုဒဏ်ကာကွယ်ရေး စုပေါင်းဆောင်ရွက်

**ကသာ ဩဂုတ် ၂၄**

ကသာမြို့နယ် လမ်းခွကျေးရွာအနီးရှိ စောမှော်ချောင်းဖြတ်တံတားကို ရေတိုက်စားမှုဒဏ်မှ ကာကွယ်ရန်အတွက် ချောင်းရေစီးရေလာကောင်းမွန်ရေးနှင့် သဲအိတ်များဖြင့် ကမ်းထိန်းနံရံများပြုလုပ်ခြင်းတို့ကို သက်ဆိုင်ဌာနများနှင့် ဒေသခံများပူးပေါင်း၍ ဩဂုတ် ၂၂ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ဦးဆောင်၍ တံတားဦးစီးဌာန၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ လမ်းခွကျေးရွာနှင့် ပင်မလွတ်ကျေးရွာများမှ ဒေသခံပြည်သူများက တံတားရေတိုက်စားမှုမရှိစေရေးအတွက် စုပေါင်းဆောင်ရွက်ကြခြင်းဖြစ်ပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ကမ်းပါးရေတိုက်စားမှုမရှိစေရေးအတွက် သဲအိတ် ၁၀၀၀ ကျော်ကို ကမ်းထိန်းနံရံအဖြစ် ပြုလုပ်ဆောင်ရွက်ခြင်းတို့ကို အင်အား ၂၄၀ ကျော်က စုပေါင်းလုပ်အားပေးခဲ့ကြကြောင်း သိရသည်။

"အခုလို သက်ဆိုင်ရာက ညွှန်ကြားမှုနဲ့ ချောင်းကမ်းပါးမပြိုကျရေးနဲ့ လမ်းတံတားတွေ ရေတိုက်စားပြိုကျခြင်းမရှိရေးအတွက် စုပေါင်းလုပ်ကြတာကောင်းပါတယ်။ ဒီလိုမလုပ်ရင်အနီးက လယ်မြေတွေနဲ့ ခရီးသွားလာရေးအတွက် အားကိုးနေရတဲ့ တံတားတွေကို ထိခိုက်နိုင်ပါတယ်" ဟု ချောင်းကမ်းထိန်းနံရံများ ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဒေသခံတစ်ဦးက ပြောသည်။

**ငွေအိုး(ကသာ)**



# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၄ - ၈ - ၂၀၁၅)

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၄ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၁၉၂၄၈ စုမှ လူဦးရေ ၁၆၂၉၄၀၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၁ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ် အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၄၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၈၀၃၈၂၉၃၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

**(သတင်းစဉ်)**

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၂၆၉၄၀ | - | - | - | ၉၂၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၆၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၂၄ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၆ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၃ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၆၀၀၀၀၀ | ၁၂၈၃၂၂၇၁၀ | |
| ၂ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၆၆၆ | ၄၀၁၀ | ၂၀၂၈၄ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | ၄၄ | ၁၅၄၃ | ၆၇၈၃ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၃၅၃ | ၁၂၁၃၉၂ | ၅၀၄၂၀၈ | - | ၁၅၆၆၀၂၀၀ | - | ၆၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၁၆၇၈၄** | **၃၉၉၉၀၃** | **၁၆၁၄၄၉၄** | **၁၁၄** | **၁၀၂၁၃၅၈၀၀** | **၁၁၄၅၁၄၅၀** | **၁၈၀၈၉၀၀၀၀** | **၃၁၂၁၅၉၉၇၀** | **၉၇၀၀၀၀၀** | **၆၁၆၃၃၇၂၂၀** | |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | **၁၇၁၈၉** | **၄၀၂၀၅၉** | **၁၆၂၉၄၀၅** | **၁၂၁** | **၁၀၅၆၈၃၁၅၀** | **၁၅၂၄၄၂၃၀** | **၂၂၁၁၉၀၀၀၀** | **၃၂၇၈၆၅၅၅၀** | **၁၀၄၀၀၀၀၀** | **၆၈၀၃၈၂၉၃၀** | |

# ဘယ်လိုအခက်အခဲရှိရှိ ယနေ့ နိုင်ငံတော်၊ တပ်မတော်နဲ့ပြည်သူ ညီညီညွတ်ညွတ်ဆောင်ရွက်သွားမယ်

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း

ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ပံ့ပိုးကူညီဆောင်ရွက်မှုများနှင့် ရေဘေးသင့်ဒေသများကို ပြန်လည်ထူထောင်နိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်သို့ ရောက်ခိုက် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။လက်ရှိ ရခိုင်ပြည်နယ်ရဲ့ ရေဘေးပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှု အခြေအနေကို သိပါရစေ။

ဖြေ။ ။ကျွန်တော်စပြီး ပြောရမှာကတော့ နိုင်ငံတော် သမ္မတကြီးရဲ့ လမ်းညွှန်ချက်ဖြစ်တဲ့

နံပါတ် (၁) အသက်ရှင်ရပ်တည်နိုင်ရေး၊

နံပါတ် (၂) ပြန်လည်ထူထောင်ရေး၊

နံပါတ် (၃) မူလအနေအထား ပြန်လည်ရောက်ရှိရေးတို့ဖြစ်ပါတယ်။

နံပါတ်တစ်ဖြစ်တဲ့ အသက်ရှင်ရပ်တည်နိုင်ရေးအတွက်ကတော့ ဖြတ်သန်းနိုင်ခဲ့ပြီလို့ပြောရမှာ ဖြစ်ပါတယ်။ ရေဘေးမှာ (၅၆)ဦးအသက်ဆုံးရှုံးခဲ့ရပါတယ်။ ဝန်ကြီးချုပ် တစ်ယောက်အနေနဲ့ ဝမ်းနည်းကြေကွဲသလို နိုင်ငံတော်သမ္မတကြီးနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ကလည်း မိသားစုများနဲ့အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲခံစားရကြောင်း ပြောခဲ့ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ အသက်ရှင် ရပ်တည်နိုင်ရေးကို နိုင်ငံတော်အပိုင်း၊ တပ်မတော်အပိုင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအပိုင်းအားလုံး တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီတဲ့အတွက် ကျော်ဖြတ်နိုင်ခဲ့ပါပြီ။ ပြန်လည်ထူထောင်ရေးဆောင်ရွက်တဲ့အခါမှာလည်း ယခုဆိုရင် UMFCCI အသင်းချုပ် အပါအဝင် လုပ်ငန်းရှင်တွေ၊



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း။

လူမှုရေးအသင်းအဖွဲ့တွေ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ပြန်လည်ထူထောင်ရေးအပိုင်းဆောင်ရွက်နေမှုနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်လေးရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ပြန်လည်ထူထောင်ရေးအပိုင်းမှာ ဆိုရင် ပျက်စီးသွားတဲ့ အဆောက်အအုံ၊ နေအိမ်တွေ ပြန်လည်ပြုပြင် တည်ဆောက်ပေးဖို့ကိုလည်း နိုင်ငံတော်သမ္မတကြီးရဲ့ အထူးရန်ပုံငွေက ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဆုံးရှုံးသွားတဲ့လှေတွေ၊ ငါးဖမ်းပိုက်တွေ၊ လယ်ယာလုပ်ငန်းသုံးစက်ကိရိယာပစ္စည်းတွေ ပြန်လည်ထူထောင်နိုင်အောင် လုပ်ပေးရပါမယ်။ နောက်ပြီး မျိုးစပါးတွေနဲ့ ပတ်သက်ပြီး နိုင်ငံတော်သမ္မတကြီးက ကျွန်တော့်ကို ၁ ဒသမ ၅ ဘီလီယံ ကြိုတင်ငွေပေးထားပါတယ်။ မျိုးစပါးများ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် လက်တွန်းထွန်စက်အစီး(၁၀၀)ရောက်ရှိပြီး စက်သုံးဆီကအစ ကူညီပေးဖို့ နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ထားပါတယ်။ သမ္မတကြီးက ပြန်လည်ထူထောင်ရေးနဲ့ပတ်သက်ပြီး အိမ်ပါ ပါသွားတဲ့သူဆိုရင် ဖယောင်းတိုင်၊ မီးခြစ်က အစ ခါးမတစ်ချောင်းပါမကျန်၊ တာလပတ်၊ ရေပုံးအထိ ကျပ်တစ်သိန်းတန် မိသားစုသုံးပစ္စည်းတွေ ဝယ်ပေးဖို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ကို စေခိုင်းထားလို့ ယခုဆိုရောက်ရှိလို့ ခွဲဝေပေးနေပါပြီ။ အားလုံး ခြုံငုံကြည့်မယ်ဆိုရင် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို အရှိန်အဟုန်နဲ့ လုပ်ဆောင်နေပါတယ်။ လုပ်လို့ရတာ အကုန်လုပ်မှာ ဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အရှိန်အဟုန်နဲ့ သွားနေတဲ့အတွက် ယနေ့အထိ ပြဿနာတစ်စုံတစ်ရာမရှိသေးပါဘူး။ ကျန်းမာရေးမှာလည်း ယခုအချိန်အထိ ထူးခြားတဲ့ရောဂါ လက္ခဏာ ဘာတစ်ခုမှ မတွေ့ရသေးပါဘူး။ တပ်မတော်ကဆိုရင် နာဂစ်ကာလလို ပုံစံမျိုးဖြန့်ကျက်ပြီး ဆောင်ရွက်နေတဲ့အတွက် ရခိုင်ပြည်နယ်ရေဘေးနဲ့ပတ်သက်လို့ရှိရင် တည်ငြိမ်တိုးတက်မှုရှိပါတယ်။

မေး။ ။ဟုတ်ကဲ့၊ အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်မယ်လို့ ဝန်ကြီးချုပ်မျှော်လင့်ထားပါသလား။

ဖြေ။ ။ခရီးစဉ်တိုင်းမှာ ပြည်သူအများစုကို တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်းနဲ့ တွေ့မြင်ရပါတယ်။ ဒါဟာ ရခိုင်ပြည်နယ် အနာဂတ်အတွက် အင်မတန်ကောင်းမွန်တဲ့ နိမိတ်တွေပါပဲ။ ဒီလိုမျိုးရေဘေးသင့်အဖြစ်ဆိုးကြီးကို ကြုံတွေ့ရတဲ့ အချိန်မှာ အကောင်းတွေဖြစ်လာဖို့ နိမိတ်တွေပေါ်လာပြီလို့ ပြောလို့ရပါတယ်။ ဒါကြောင့် အကောင်းတွေဖြစ်လာမယ့် နိမိတ်တွေကို လက်ခံကြိုဆိုပြီး ဘယ်လို အခက်အခဲပြဿနာရှိရှိ ကျွန်တော်တို့ ယနေ့နိုင်ငံတော်ရယ်၊ တပ်မတော်ရယ်၊ ပြည်သူတွေရယ် အားလုံးညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့ ရခိုင်ပြည်နယ်ကြီးဟာ မကြာမီအချိန်အတွင်း "တည်ငြိမ်လုံခြုံဖွံ့ဖြိုးတိုးတက်" တဲ့ ပြည်နယ်ကြီး ဖြစ်လာမယ်လို့ ပြောချင်ပါတယ်။

**အင်တာဗျူးနှင့်ဓာတ်ပုံ-အေးကို(သတင်းစဉ်)**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ကောလင်း ဩဂုတ် ၂၄**

ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဦးတင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၂ ရက်တွင် ဝန်ကြီးနှင့်အဖွဲ့သည် သဖန်းကုန်းကျေးရွာအနီး ရေနစ်မြုပ် လယ်ယာမြေများအား ပြန်လည်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး လယ်ရင်းတဲကျေးရွာနှင့် ဆင်းမကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ တောင်သူများအနေဖြင့် စပါးပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်မှ မျိုးစပါးဖိုးငွေများ ထောက်ပံ့ပေးအပ်ပြီး ဖြစ်ကာ စက်မှုလယ်ယာ ဦးစီးဌာနကလည်း ထွန်စက်များဖြင့် အခမဲ့ ထွန်ယက်ပေးလျက်ရှိသဖြင့် လယ် ယာမြေများကို အမြန်ဆုံးပြန်လည် စိုက်ပျိုးစေလိုကြောင်း မှာကြားပြီး ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများကိုလည်း အမြန်ဆုံး ပြုပြင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဩဂုတ် ၂၃ ရက်တွင် ရေတိုက်စား ပျက်စီးသွားသော ကောလင်း-ကိုးတောင်ဘို့-ချပ်သင်းကားလမ်းပိုင်းရှိ ဇော်ချောင်းတံတားကို ကောလင်းမြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ယူ၍ အသစ်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုကာ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဦးက တံတားတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါတံတားသည် သံကူကွန်ကရစ်တံတားဖြစ်ပြီး အရှည်ပေ ၁၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် ပေ ၂၀ရှိပြီး တံတားတည်ဆောက်မှု ၇၅ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်၍ မကြာမီ အားလုံးပြီးစီးကာ ကားများလည်း ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်စိုး(ကောလင်း)**



## ရေဘေးပြန်လည်ထူထောင်ရေး ဂီတပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးက ကြီးမှူး၍ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေဂီတပွဲကို ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၃လမ်းထောင့်ရှိ ဒိုင်းမွန်းပလာဇာ ပဉ္စမထပ်၌ ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့သည်။ အဆိုပါ ဂီတပွဲတွင် ဇော်ပိုင်၊ လင်းလင်း၊ ဆိုတေး၊ ဂျီလတ်၊ ဖြိုးကြီး၊ ဟဲလေး၊ ဝေလ၊ နန္ဒစိုင်း၊ အစ္စဏီ၊ ဒီဖြိုး၊ စသည့်အဆိုတော်များစွာ ပါဝင်ဖျော်ဖြေခဲ့သည်။ ထို့အပြင် Myanmargirl SuperModel အဖွဲ့မှ မော်ဒယ်များ၊ အနုပညာရှင်များကလည်းပါဝင်ဖျော်ဖြေခဲ့ကြောင်းနှင့် ဂီတဖျော်ဖြေပွဲမှ ရရှိသောငွေများကို ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။ **ကျော်ထူး(မန္တလေး)**

## ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆက်သွယ်မှုပြတ်တောက်သွားသော ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများနှင့် ယာယီပြင်ဆင်ပြီးသည့်လမ်းများစာရင်း

| စဉ် | လမ်းအမည် | ယာယီပြင်ဆင်ပြီးနောက် ယာဉ်များ စတင်သွားလာနိုင်သည့်နေ့ |
|---|---|---|
| | **ယာဉ်သွားလာနိုင်ပြီဖြစ်သောလမ်းများ** | |
| ၁။ | ရွှေဘို-မြစ်ကြီးနားလမ်း | ၃-၈-၂၀၁၅ |
| ၂။ | မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း | ၂၅-၇-၂၀၁၅ |
| ၃။ | သံဖြူဇရပ်-ဘုရားသုံးဆူလမ်း | ၃၀-၇-၂၀၁၅ |
| ၄။ | မင်းတပ်-မတူပီလမ်း | ၁၉-၈-၂၀၁၅ |
| ၅။ | တီးတိန်-ရိဒ်လမ်း | ၁၂-၈-၂၀၁၅ |
| ၆။ | ကလေး-ဖလမ်း-ဟားခါးလမ်း | ၇-၈-၂၀၁၅ |
| ၇။ | သိုင်းငင်း-တီးတိန်လမ်း | ၁၀-၈-၂၀၁၅ |
| ၈။ | ရှာတလိုင်း-လိုတောလမ်း | ၁၆-၈-၂၀၁၅ |
| ၉။ | ဖလမ်းမြို့တွင်းလမ်း | ၁၀-၈-၂၀၁၅ |
| ၁၀။ | ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်း | ၁၆-၈-၂၀၁၅ |
| ၁၁။ | ကလေးဝ-ကျီကုန်း-တမူး | ၁၈-၈-၂၀၁၅ |
| ၁၂။ | ဂန့်ဂေါ-ကလေးလမ်း | ၁၈-၈-၂၀၁၅ |
| ၁၃။ | ငဖဲ-စေတုတ္တရာလမ်း | ၂၀-၈-၂၀၁၅ |
| ၁၄။ | တွင်းငယ်-မိုးမိတ်လမ်း | ၁၆-၈-၂၀၁၅ |
| ၁၅။ | ပေါက်တော-မင်းပြားလမ်း | ၁၇-၈-၂၀၁၅ |
| ၁၆။ | အမ်း-စစ်တွေလမ်း | ၁၈-၈-၂၀၁၅ |
| ၁၇။ | ကျောက်တော်-ပလက်ဝလမ်း | ၁၇-၈-၂၀၁၅ |
| ၁၈။ | သီပေါ-နမ္မတူလမ်း | ၃၀-၇-၂၀၁၅ |
| ၁၉။ | မိုင်းတုံ-မိုင်းဆတ်လမ်း | ၈-၈-၂၀၁၅ |
| ၂၀။ | မိုင်းပျင်း-မက်မန်းလမ်း | ၈-၈-၂၀၁၅ |
| ၂၁။ | တာလေ-ပါသျှိုး-ကျိုင်းလပ်လမ်း | ၁၆-၈-၂၀၁၅ |
| | **ပြုပြင်နေဆဲလမ်းများ** | |
| ၁။ | ဟားခါး-ဂန့်ဂေါလမ်း | |
| ၂။ | ဂန့်ဂေါ-အိုက္ကားလမ်း | |
| ၃။ | ဟားခါး-မတူပီလမ်း | |
| ၄။ | တီးတိန်-တွန်းဇံ-ကျီခါးလမ်း | |
| ၅။ | ကလေး-နတ်ချောင်း-ဖလမ်းလမ်း | |
| ၆။ | ကန်ပက်လက်-မင်းတပ်လမ်း | |
| ၇။ | တမူး-စေတီလမ်း | |

# ရေကြီး၍ပျက်စီးသော လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်လျက်ရှိ

**မြန်အောင် ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကာ ဒေသခံတောင်သူများ စိုက်ပျိုးထားသော မိုးစပါး ၅၄၂၅၄ ဧက ရေနစ်မြုပ်ခဲ့ပြီး ဩဂုတ် ၂၃ ရက်အထိ ပျက်စီးဧရိယာစိစစ်ရရှိမှုမှာ ၃၃၉၆၆ ဧက ဖြစ်ပြီး ပြန်လည်စိုက်ပျိုးပြီးသည့် လယ်မြေ ၉၇၆ ဧကရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

မြန်အောင်မြို့နယ်အတွင်း မိုးစပါးပျက်စီးဧရိယာများကို ပြန်လည်ထူထောင်စိုက်ပျိုးရေးအတွက် ထူးကုမ္ပဏီကလှူဒါန်းသော သီးထပ်ရင်မျိုးစပါး တင်း ၅၀၀ ကို တောင်သူများထံ ဖြန့်ဝေပေးခဲ့ပြီး ယခုအခါ စတင်စိုက်ပျိုးနေပြီဖြစ်သည်။ ထို့အပြင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော မြို့နယ်ဌာနဆိုင်ရာများနှင့် မမြရေလှောင်တမံမှ ဝန်ထမ်းများကလည်း သီးထပ်ရင်မျိုးစပါး တင်း ၂၀၀ ကို စုပေါင်းလှူဒါန်းခဲ့ပြီး အဆိုပါစပါးများကို မိုးစပါးစိုက်ပျိုးချိန်အမီ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်တိုးမြှင့်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ က ရေနစ်မြုပ်မှု ပြန်လည်ထူထောင်ရေး ရွှေ့တန်းစခန်းနယ်မြေ ခုနစ်ခုထံသို့ ခွဲဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်မြေများကို ပြန်လည်စိုက်ပျိုးရာတွင် တောင်သူများ အခက်အခဲမရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်မြေများအလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## သဘာဝပတ်ဝန်းကျင်နှင့် မြစ်ကမ်းပါးထိန်းသိမ်းရေး စုပေါင်းသစ်ပင်စိုက်

**မြဝတီ ဩဂုတ် ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုရန်၊ ဒေသတွင်းစိမ်းလန်းစိုပြည်စေရန်နှင့် မြစ်ကမ်းပါးထိန်းသိမ်းရေး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဩဂုတ်လ တတိယပတ်က ဝေါလေမြိုင်မြို့ မြစ်ကမ်းပါးတစ်လျှောက်၌ ကျင်းပခဲ့ရာ ဝေါလေမြိုင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျေးရွာများရှိ ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ် စသည့်ပျိုးပင်ပေါင်း ၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြစ်ရေကျဆင်း၍ နေရပ်သို့ အသီးသီးပြန်

**ကျောင်းကုန်း ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် အနိမ့်ပိုင်းတွင် နေထိုင်သူများသည် စခန်းသို့ အစောဆုံးရောက်ရှိလာသူများမှအပ ကျန်သည့်သူများအားလုံးနီးပါး မိမိနေရပ်သို့ ပြန်ကုန်ကြပြီဖြစ်သည်။ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားကြသည့် ရပ်ကွက်/ကျေးရွာ ၆၈ အုပ်စုမှ ကယ်ဆယ်ရေးစခန်း ၈၆ ခုတွင် ၆၀ခန့် နေရပ်ပြန်သွားကြပြီဖြစ်ကြောင်း၊ ဒါးကမြစ်ရေသည် လေးပေခွဲခန့်ကျဆင်းသွားပြီဖြစ်ကြောင်း ခါတိုင်းရေကျလျှင် ငါးများမြူးကြပြီး ယခုရေကျခြင်းသည် ငါးများမမြူးသေး၍ နောက်တစ်ရေလာနိုင်ကြောင်း ဒေသခံများက ခန့်မှန်းပြောကြားကြောင်း သိရသည်။

**ဝင်းကြိုင်( ပြန်/ဆက်)**

## တကောင်းမြို့နယ် သိမ်းဆည်းခံလယ်မြေများ ကာလပေါက်ဈေးဖြင့်ရရှိရေး တောင်သူများဆန္ဒထုတ်ဖော်

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တကောင်းမြို့မှ လယ်မြေများ သိမ်းဆည်းခံခဲ့ရမှုအပေါ် တောင်သူ ခုနစ်ဦးက သိမ်းဆည်းခံလယ်မြေများကို ကာလပေါက်ဈေးဖြင့်ရရှိရေး ယနေ့နံနက် ၈ နာရီခွဲက မန္တလေးမြို့ လူထုဆန္ဒထုတ်ဖော်ကွင်း မနော်ရမန်၌ ခွင့်ပြုချက်ရယူပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အဆိုပါဆန္ဒပြမှုမှာ သပိတ်ကျင်းမြို့နယ် တကောင်းမြို့ရှိ လယ်မြေဧက ၁၂၀ ကို ၁၉၉၇-၁၉၉၈ ခုနှစ်ခန့်က တောင်သူ ၂၂ ဦးထံမှ သိမ်းဆည်း၍ ဆေးရုံ၊ အထွေထွေရုံးများ၊ ရဲစခန်းများနှင့် ပါတီရုံးများဆောက်လုပ်ခဲ့ခြင်းကြောင့်ဖြစ်ပြီး အဆိုပါလယ်မြေများကို ကာလပေါက်ဈေးဖြင့်ရရှိလို၍ ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း၊ ဆန္ဒထုတ်ဖော်ခြင်းမှာ နံနက် ၉ နာရီခွဲတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အလုပ်သမားအများစုမှာ လူမှုဖူလုံရေးဥပဒေကို သိရှိနားလည်ခြင်းမရှိသဖြင့် မိမိတို့ရရှိပိုင်ဆိုင်သင့်သည့် အကျိုးရလဒ်များ ဆုံးရှုံးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

လူမှုဖူလုံရေးအကျိုးခံစားခွင့်နှင့်ပတ်သက်၍ အလုပ်သမားအများစုမှာ လူမှုဖူလုံရေးဥပဒေကို သိရှိနားလည်ခြင်းမရှိသဖြင့် မိမိတို့ရရှိပိုင်ဆိုင်သင့်သည့် အကျိုးရလဒ်များ ဆုံးရှုံးလျက်ရှိကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန နေပြည်တော်ကောင်စီ နယ်မြေတာဝန်ခံ ဦးစီးအရာရှိ ဦးချစ်ကိုကိုက ဩဂုတ် ၂၄ ရက်၌ နေပြည်တော်တွင် ပြုလုပ်သည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းများအား လူမှုဖူလုံရေး အသိပညာပေးဟောပြောပွဲတွင် ပြောကြားခဲ့သည်။

"လူမှုဖူလုံရေးအကျိုးခံစားခွင့်ကို အလုပ်သမားတော်တော်များများက နားမလည်ကြဘူး။ ကျွန်တော်တို့အနေနဲ့လည်း အသိပညာပေးဟောပြောပွဲတွေ တတ်နိုင်သလောက် ပြုလုပ်ပေးနေပါတယ်။ လူမှုဖူလုံရေးအကျိုးခံစားခွင့်က မသိသူကျော်သွား သိသူဖော်စားဆိုသလိုပဲ ဒီလုပ်ငန်းကို နားလည်တဲ့ အလုပ်သမားတွေ၊ ဝန်ထမ်းတွေက ကျွန်တော်တို့ဆီမှာ လာရောက်ထုတ်ယူပြီး အကျိုးခံစားခွင့်တွေရရှိနေပါပြီ။ ခံစားခွင့်ထုတ်ယူတဲ့နေရာမှာ အဆင့်ဆင့်ဆောင်ရွက်ရတဲ့အတွက် ကြန့်ကြာမှုတွေရှိနိုင်ပါတယ်။ ကျွန်တော်တို့ဆီကို တင်ပြလာတဲ့အကျိုးခံစားခွင့်တွေမှာ တချို့အလုပ်သမားတွေက စာရွက်စာတမ်းပြည့်စုံမှုမရှိတာတွေ တွေ့ရပါတယ်။ မပြည့်စုံတဲ့အတွက် လာထုတ်တဲ့သူတွေကို အကြိမ်ကြိမ် ပြန်လွှတ်ရတာတွေရှိပါတယ်။ ဒါကို နားမလည်ကြတဲ့သူတွေက လာမထုတ်ကြပါဘူး။ တကယ်ကို အကျိုးခံစားခွင့်တွေ ဆုံးရှုံးကြပါတယ်" ဟု ဦးချစ်ကိုကိုက ပြောကြားသည်။

အမျိုးသမီးများ မီးဖွားခွင့်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ "လူမှုဖူလုံရေးဆေးခန်းမှာလာအပ်ဖို့ လိုပါတယ်။ မီးမဖွားခင် ခြောက်ပတ်နဲ့ မီးဖွားပြီး ရှစ်ပတ် မီးဖွားခွင့် စုစုပေါင်း ၁၄ ပတ်ပေးပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကဌာနမှာ အလုပ်လုပ်တဲ့ အမျိုးသမီးတွေကို လစာရဲ့ ၇၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်ပေးပါတယ်။ အမျိုးသမီးတစ်ဦး မီးဖွားစရိတ် အကျိုးခံစားခွင့်ပေးတဲ့နေရာမှာ ကလေးတစ်ဦးဖွားရင် လစာရဲ့ ၅၀ ရာခိုင်နှုန်း၊ နှစ်ဦးဆိုရင် ၇၅ ရာခိုင်နှုန်း၊ သုံးဦးအထက်ဆို ၁၀၀ ရာခိုင်နှုန်းပေးပါတယ်။ ဒါ့အပြင် အမျိုးသားက ဖူလုံရေးကတ်ပြုလုပ်ထားတဲ့ဝန်ထမ်းဖြစ်ပြီး သူရဲ့မှီခိုသူ အမျိုးသမီး မီးဖွားရင်လစာရဲ့ ၂၅ ရာခိုင်နှုန်း အကျိုးခံစားခွင့်ရှိပါတယ်။ အပျိုကြီးများ မွေးကင်းစကလေးငယ်ကို မွေးစားရင်လည်း မီးဖွားခွင့်အတိုင်း ခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်။ အမှန်တကယ် မွေးစားတာဖြစ်ဖို့တော့ လိုအပ်ပါတယ်" ဟု ဆက်လက် ပြောကြားသည်။

ထို့အပြင် အလုပ်သမားတစ်ဦးလုပ်ငန်းခွင်ထိခိုက်မှုဖြစ်ပွားပါက လုပ်ငန်းခွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုဖြစ်လျှင် နောက်ဆုံးလေးလ ပျမ်းမျှလုပ်ခ၏ ၇၀ ရာခိုင်နှုန်းအပေါ် လုပ်အားဆုံးရှုံးမှုကို အခြေပြု၍ လုပ်အားဆုံးရှုံးမှု ၂၀ ရာခိုင်နှုန်းနှင့်အောက်ဖြစ်ပါက ငါးနှစ်နှင့်ညီမျှသော ငွေကြေးခံစားခွင့်၊ လုပ်အားဆုံးရှုံးမှု ၂၀ ရာခိုင်နှုန်းအထက်မှ ၇၅ ရာခိုင်နှုန်းထိဖြစ်ပါက လစဉ်ပင်စင် သို့မဟုတ် ခုနစ်နှစ်နှင့်ညီမျှသော ငွေကြေးခံစားခွင့်၊ လုပ်အားဆုံးရှုံးမှု ၇၅ ရာခိုင်နှုန်းအထက်ဖြစ်ပါက လစဉ်ပင်စင် သို့မဟုတ် ကိုးနှစ်နှင့်ညီမျှသော ငွေကြေးခံစားခွင့်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်ထိခိုက်မှုနှင့် ပတ်သက်၍ လူမှုဖူလုံရေး ထည့်ဝင်ကြေးနှင့် မသက်ဆိုင်ကြောင်း သိရသည်။

"စုပေါင်းခြင်းဖြင့် ဖူလုံအံ့ဆိုတဲ့အတိုင်း အလုပ်သမားတွေလည်း အသိအမြင်ကျယ်ပြီး ကျွန်တော်တို့ပြောလိုက်တဲ့ လူမှုဖူလုံရေးနဲ့ပတ်သက်တဲ့ အကျိုးကျေးဇူးတွေကို ကိုယ်ရဲ့ မိသားစုဝင်တွေ၊ ကိုယ့်ရဲ့ဆွေမျိုးတွေနဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို ပြန်လည်ဖြန့်ဝေပေးပါ။ ကျွန်တော်တို့ဌာနအနေနဲ့လည်း တတ်နိုင်သမျှ အလုပ်သမားတွေသိအောင်လည်း ဟောပြောပွဲတွေ ပြုလုပ်နေပါတယ်။ ကိုယ့်အလုပ်ကိုလည်း ဂုဏ်ယူတယ်။ သဘောလည်းကျပါတယ်။ လူအများရဲ့ အကျိုးကိုလုပ်ဆောင်နေရတဲ့အတွက် သူတစ်ပါးအကျိုးရသွားရင် ပီတိဖြစ်ပါတယ်" ဟု ဦးချစ်ကိုကိုက ပြောကြားသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## အကယ်ဒမီငါးဆုရှင် ရုပ်ရှင်ဒါရိုက်တာ မောင်တင်ဦးကွယ်လွန်

**မန္တလေး ဩဂုတ် ၂၄**



မြန်မာ့ရုပ်ရှင် လောကတွင် ထင်ရှားကျော်ကြားသူ တစ်ဦးဖြစ်ပြီး အကယ်ဒမီ ရွှေစင်ရုပ်ဆု (မြန်မာ့ရုပ်ရှင်ထူးချွန်ဆု) ငါးဆု ဆွတ်ခူးခဲ့သူ ဒါရိုက်တာ မောင်တင်ဦးသည် ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန် ၁၁ လမ်း လမ်းသွယ်-၂ အမှတ်-၀၆၆ နေအိမ်၌ အသည်းခြောက် ရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။

အသက် ၇၅ နှစ် အရွယ်ရှိ အကယ်ဒမီဆုများရှင် ဒါရိုက်တာမောင်တင်ဦးသည် ရုပ်ရှင်ဇာတ်ကားကြီး ၃၀ ကျော်ကို ရိုက်ကူးခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် နေထွက်သောည ၊ ၁၉၇၈ ခုနှစ်တွင် တခါက တဘာဝ၊ ၁၉၈၅ ခုနှစ်တွင် သကြဲန်မိုး(ဆေးရောင်စုံ) ၊ ၁၉၉၅ ခုနှစ်တွင် တိုက်ပွဲခေါ်သံ(ဆေးရောင်စုံ)၊ ၂၀၀၁ ခုနှစ်တွင် နှလုံးလှလှမိုက် (ဆေးရောင်စုံ) ဇာတ်ကားများဖြင့် ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီရွှေစင်ရုပ်ဆု(မြန်မာ့ရုပ်ရှင်ထူးချွန်ဆု) ငါးဆုကို ရရှိခဲ့သည်။

အနုပညာလက်ရာမြောက် ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများကို ဖန်တီးရိုက်ကူးခဲ့သူ ဒါရိုက်တာမောင်တင်ဦးသည် ရုပ်ရှင်လောကသို့ ၁၉၆၄-၆၅ ခုနှစ်တွင် စတင်ရောက်ရှိခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ဒါရိုက်တာရှုမဝဦးကျော်ထံ သုံးနှစ်ကြာ ရုပ်ရှင်ပညာ သင်ကြားခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဒါရိုက်တာအဖြစ် ၎င်း စတင်ရိုက်ကူးခဲ့သော နေထွက်သောည ရုပ်ရှင်ဇာတ်ကားဖြင့် အကယ်ဒမီ ရွှေစင်ရုပ်ဆုကို ပွဲဦးထွက် ဆွတ်ခူးရရှိခဲ့သည်။

၎င်းဖန်တီးရိုက်ကူးခဲ့သည့် ဇာတ်ကားများအနက် နေထွက်သောည၊ တခါကတဘာဝ၊ နွေရှုပ၊ မမုန်းလေနဲ့ပလီ၊ ဒဏ္ဍာရီ မမစိမ်း၊ ပန်းမြိုင်လယ်က ဥယျာဉ်မှူးစသည့် ရုပ်ရှင်ဇာတ်ကားကြီးများသည် ထင်ရှားကျော်ကြားသည့် ရုပ်ရှင်ဇာတ်ကားများဖြစ်ပြီး သကြဲန်မိုးရုပ်ရှင်ကားသည် ဂန္ထဝင်အနုပညာမြောက် လက်ရာတစ်ခုအဖြစ် မြန်မာ့ရုပ်ရှင်လောကတွင် အသိအမှတ်ပြုခြင်းခံရသည်။

ကွယ်လွန်သူ ရုပ်ရှင်မင်းသားကြီး ဦးဇော်ဝမ်း၏ အစ်ကိုအကြီးဆုံးဖြစ်သူ ဒါရိုက်တာမောင်တင်ဦးသည် မန္တလေးမြို့ရှိနေအိမ်တွင် ဇနီးဖြစ်သူ ဒေါ်တင်တင်အေးနှင့်အတူ နေထိုင်စဉ် ယခုကဲ့သို့ အသည်းခြောက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ကွယ်လွန်ချိန်တွင် သူ၏ ဇနီးဖြစ်သူနှင့် သမီးသုံးဦး ကျန်ရစ်ခဲ့ကြောင်း ၎င်း၏ မိသားစု အသိုင်းအဝိုင်းနှင့်နီးစပ်သူများထံမှ သိရသည်။

ကွယ်လွန်သွားသူ ဒါရိုက်တာ မောင်တင်ဦး၏ ဈာပနအခမ်းအနားကို ဩဂုတ် ၂၇ ရက် ညနေ ၃ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်၌ မီးသဂြိုဟ်ရန် စီစဉ်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ပြင်ပဘော်ဒါဆောင်မှ ကျောင်းသားကျောင်းသူအချို့ အစာအဆိပ်သင့်မှုဖြစ်ပွား

**ရွှေကူ ဩဂုတ် ၂၄**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ဘိုကုန်းကျေးရွာတွင်ဖွင့်လှစ်ထားသော ဇီးဖြူမြေဘော်ဒါဆောင်မှ ဩဂုတ် ၂၃ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က အဋ္ဌမတန်း၊ နဝမတန်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ၅၀ တို့သည် ဘော်ဒါအုပ် ဆရာဦးတင်နိုင်နှင့် ဆရာမငါးဦးတို့ဦးဆောင်၍ ဝါတွင်းကာလဓလေ့အရ ဘိုကုန်းကျေးရွာနှင့် ၂ မိုင်ခန့်ကွာဝေးသည့် ဇီးဖြူကုန်းကျေးရွာရှိ ရွာဦးဘုန်းကြီးကျောင်းသို့ ရောက်ရှိကာ ဝါဆိုသင်္ကန်းများကပ်ကြသည်။

ထို့နောက် ဘုန်းကြီးကျောင်းမှ ဧည့်ခံကျွေးမွေးသော မုန့်ဟင်းခါးနှင့် ကော်ဖီတို့ကို စားသောက်နေစဉ် တက္ကသိုလ်ဝင်တန်းအပြင်ဖြေ ကျောင်းသူ မအိသန္တာပိုးသည် ဘုန်းကြီးကျောင်းပေါ်၌ဗိုက်အောင့်မူးဝေ၍ အော့အန်ခြင်းများရှိပြီး လဲကျသွားရာ အခြားကျောင်းသား ကျောင်းသူများလည်း အော့အန်ခြင်းများ ဖြစ်ကြသဖြင့် စက်လှေဖြင့် ဇီးဖြူကုန်းကျေးရွာမှ ဘိုကုန်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းသား ကျောင်းသူတို့သည် အစားစုံမိရာမှ မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ခြင်းနှင့် ကြွက်တက်ခြင်းများဖြစ်ကြပြီး တိုက်နယ်ဆရာဝန်ဒေါက်တာ သန်းစိုးအောင်နှင့် ဆေးရုံဝန်ထမ်းများက ဆေးဝါးကုသခြင်းများဆောင်ရွက်ခဲ့သည်။ ထို့နောက် ရွှေကူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသူရဇော်နှင့် ကျန်းမာရေးဝန်ထမ်းများ ရောက်ရှိကာ ဆေးဝါးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ အစာအဆိပ်သင့်သည့် ကျောင်းသား ကျောင်းသူ ၄၉ ဦးအနက် ၂၇ ဦးသည် ဆေးရုံမှဆင်းသွားပြီး ကျန်ရှိသည့် ကျောင်းသားကျောင်းသူများသည် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုများခံယူနေပြီး စိုးရိမ်စရာမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

❋ ကျောဖုံးမှ

ကူဝိတ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ဦးအောင်သက်၊ ကြံ့ခိုင်ရေးနည်းပြ ကိုဗာဆီဗစ်၊ ကစားသမားများအဖြစ် ဂိုး- ကျော်ဇင်ဖြိုး(မကွေး)၊ မျိုးမင်းလတ်(ကမ္ဘောဇ)၊ ရန်အောင်လင်း(ဟံသာဝတီ)၊ နောက်တန်း- ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း(ရန်ကုန်)၊ နန္ဒကျော်၊ ကျော်ဇင်လွင် (မကွေး)၊ စည်သူအောင်(ရတနာပုံ)၊ အောင်ဇော်(ဟံသာဝတီ)၊ ဇော်လင်း (ကမ္ဘောဇ)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ အလယ်တန်း-ရဲကိုဦး၊ လှိုင်းဘိုဘို (ရတနာပုံ)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ နေလင်းထွန်း၊ သီဟဇော်၊ ကျော်မင်းဦး (ဧရာဝတီ)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ ဆောင်လမန် (ချင်းယူနိုက်တက်)၊ ရှေ့တန်း-အောင်သူ(ရတနာပုံ)၊ ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်) တို့ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် မိုဗစ်သည် လက်ရွေးစင်အသင်းကို သွေးသစ်လောင်းထားပြီး အသက်(၃၀)ဝန်းကျင် ကစားသမားများ ပါဝင်လာခြင်းမရှိဘဲ ဝါရင့်ကစားသမားများအဖြစ် ကျော်ကိုကို၊ ကြည်လင်း၊ ရန်အောင်ကျော်၊ အောင်ဇော်၊ ဇော်မင်းထွန်းနှင့် ဒေးဗစ်ဒန်းတို့ ပါဝင်လာသည်။

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ငွေတံဆိပ်ရ မြန်မာယူ-၂၃ အသင်းနှင့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြန်မာယူ-၂၀ အသင်းမှ ကစားသမားအများဆုံး ပါဝင်လာသည်။ ယူ-၂၃အသင်းမှ ကျော်ဇင်ဖြိုး၊ ကျော်ဇင်လွင်၊ စည်သူအောင်၊ ဖြိုးကိုကိုသိန်း၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ နေလင်းထွန်းနှင့် သီဟဇော်၊ ယူ-၂၀ အသင်းမှ အောင်သူ၊ သန်းပိုင်၊ ကျော်မင်းဦး၊ မောင်မောင်လွင်၊ နန္ဒကျော်နှင့် မျိုးမင်းလတ်တို့ အပြီးသတ်လူရွေးချယ်ရာတွင် ပါဝင်လာသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၅ ရက်တွင် နယူးဇီလန်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

# လက်ရှိအစိုးရနဲ့အတူ ပူးတွဲဆောင်ရွက်တဲ့ ကလေးသူငယ်အရေး ကိစ္စတွေအတွက် အားရကျေနပ်မှုရှိပါတယ်

## ယူနီဆက်ဖ်၏ဌာနေကိုယ်စားလှယ် မစ္စတာ ဗာထရန်ဘင်ဗန်

**"သားဘယ်သူလဲဆိုတာ သိချင်တယ်။ ဖေဖေ၊ မေမေ ဘယ်သူလဲဆိုတာ သိချင်လိုက်တာ"**

**ကလေးအခွင့်အရေးတွေကို အပြည့်အဝရရှိဖို့အတွက် ယူနီဆက်ဖ်(မြန်မာ)ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ထွက်ပေါ်လာတဲ့ ဗီဒီယိုဖိုင်တစ်ခုထဲက အသံဖြစ်ပါတယ်။**

**တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

"ကလေးတိုင်းဟာ ကလေးသူငယ်ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို တစ်ပြေးညီရဖို့ လိုအပ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့က မြန်မာအစိုးရနဲ့လက်တွဲပြီး ကြိုးပမ်းနေတယ်"လို့ ပြောလာသူကတော့ ယူနီဆက်ဖ် (မြန်မာ)ရဲ့ ဌာနေကိုယ်စားလှယ် မစ္စတာ ဗာထရန် ဘင်ဗန် ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲမှာ မစ္စတာ ဗာထရန် ဘင်ဗန်နဲ့ တွေ့ဆုံခိုက် လက်ရှိဆောင်ရွက်နေတဲ့အခြေအနေတွေနဲ့ လုပ်ဆောင်ချက်တွေအကြောင်း မြန်မာ့အလင်းက မေးမြန်းဖြစ်ခဲ့ပါတယ်။

**မေး။ လက်ရှိယူနီဆက်ဖ် (မြန်မာ)ရဲ့ လုပ်ဆောင်ချက်တွေအကြောင်းကို ပြောပြပေးပါဦး။**

ဖြေ။ လက်ရှိမှာ ရေဘေးသင့်ဒေသက ကလေးငယ်တွေအတွက် အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ သန်း အကူအညီတွေကို ဩဂုတ်လဆန်းကတည်းကနေ စတင်ပေးအပ်နေပါတယ်။ အရေးပေါ်အခြေအနေဖြစ်တာကြောင့် ကလေးတွေရဲ့ ကျန်းမာရေး၊ ပညာရေးနဲ့ စားဝတ်နေရေးအတွက်ကို ဦးစားပေးပါတယ်။ ရေဘေးသင့်ဒေသအပြင် ပဋိပက္ခဒေသတွေက ကလေးငယ်တွေအတွက်လည်း ထောက်ပံ့နေပါတယ်။

**မေး။ ယူနီဆက်ဖ်တာဝန်ခံအနေနဲ့ မြန်မာနိုင်ငံရဲ့ မွေးဖွားမှုမှတ်ပုံတင်ရေး အနေအထားအပေါ်ကိုလည်း သုံးသပ်ပေးပါဦး။**

ဖြေ။ ကျွန်တော့်အမြင်ပြောရရင် မွေးဖွားမှုမှတ်ပုံတင်ရေးဟာ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ နိုင်ငံအတွက် အလွန်အရေးကြီးသလို ကလေးအတွက်လည်း အခွင့်အရေးရယူမှုဆိုင်ရာတွေမှာ လိုအပ်ပါတယ်။ ကလေးတွေကို မတရားခိုင်းစေတာ၊ အကြမ်းဖက်တာ၊ အသက်မပြည့်ဘဲ အလုပ်လုပ်တာ၊ ကျန်းမာရေးဆိုင်ရာ အဖြေရှာတာ၊ ပညာရေးဝန်ဆောင်တာတွေနဲ့ ကလေးသူငယ်ပြစ်ဒဏ်တွေ ကျခံရတော့မယ့်အခါ မွေးဖွားမှုမှတ်ပုံတင်ဆိုတာ လိုအပ်ပါတယ်။ နိုင်ငံအနေနဲ့ဆိုလည်း နိုင်ငံရဲ့လူဦးရေ၊ မွေးဖွားမှုနှုန်း၊ ကျား၊ မ အချိုးနဲ့ နိုင်ငံလူဦးရေပျံ့နှံ့မှုနှုန်းတွေအားလုံးနဲ့ အမျိုးသားအဆင့်ရေးဆွဲမယ့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ စီမံကိန်းအတော်များများမှာ အချက်အလက်တွေရရှိဖို့အတွက် မွေးဖွားမှုမှတ်ပုံတင်ကြဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မွေးဖွားမှုမှတ်ပုံတင်ကို မြန်မာကလေးသူငယ် ၁၀၀ ရာခိုင်နှုန်းမှာ ပေးအပ်နိုင်အောင် အစိုးရနဲ့ ပူးပေါင်းပြီးဆောင်ရွက်နေပါတယ်။




မစ္စတာ ဗာထရန် ဘင်ဗန် (ယူနီဆက်ဖ် (မြန်မာ) ဌာနေကိုယ်စားလှယ်)

**မေး။ ကလေးသူငယ်တွေနဲ့ ပတ်သက်ပြီး အချက်အလက်တွေ ကောက်ယူတဲ့အခါနဲ့ ဆောင်ရွက်ချက်တွေ လုပ်ဆောင်ပေးတဲ့အခါမှာ အခက်အခဲနဲ့ စိန်ခေါ်မှုတွေက ဘာတွေများလဲရှင့်။**

ဖြေ။ မြန်မာနိုင်ငံမှာလေ့လာမှုနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ပေးအပ်ခြင်းနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် အချက်အလက် အမှန်တကယ်ရရှိနိုင်ဖို့က အခက်အခဲအချို့ ရှိပါတယ်။ ဥပမာပြောရရင် ဝေးလံခေါင်းပါးတဲ့ဒေသတွေမှာ ကလေးလူဦးရေ ဘယ်လောက်ရှိမလဲဆိုတာကို မှန်းဆမရသလို အဲဒီကလေးတွေကို ရာနှုန်းပြည့်ကာကွယ်ဆေးတိုက်ကျွေးခွင့်၊ ကလေးသူငယ်အခွင့်အရေးတွေအကြောင်း ကူညီလမ်းညွှန်ဖို့ဖြစ်ဖြစ် ခက်ခဲပါတယ်။ ဒ့ါအပြင် ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ကလေးငယ်တွေအတွက် ကိန်းဂဏန်းအချက်အလက်တွေ တိတိကျကျ မရနိုင်ပါဘူး။ ကျွန်တော်တို့ကတော့ ဌာနဆိုင်ရာအသီးသီးနဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်။

**မေး။ မကြာခင်မှာ ရွေးကောက်ပွဲကာလကို ရောက်ရှိလာတော့မှာပါ။ ယူနီဆက်ဖ်အနေနဲ့ မြန်မာအစိုးရနဲ့ အဓိက ပူးပေါင်းဆောင်ရွက်နေတာမို့ လက်ရှိအနေအထားအပေါ် ဝေဖန်သုံးသပ်ချက်ပေးပါဦး။**

ဖြေ။ ကျွန်တော့်အနေနဲ့ပြောရရင် မြန်မာအစိုးရနဲ့ ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့လို့ ကလေးသူငယ်တွေအတွက် အကျိုးအမြတ်အများကြီးရရှိပါတယ်။ ဥပမာပြောရရင် လက်ရှိအစိုးရနဲ့ ကာကွယ်ဆေးလုပ်ငန်းတွေ လုပ်တဲ့အခါ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ၉၀ ရာခိုင်နှုန်းကျော် လွှမ်းခြုံနိုင်ခဲ့တယ်။ ဒါဟာ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မှု တောက်လျှောက်မှာ အကောင်းဆုံးဖြတ်ကျော်နိုင်ခဲ့တာပါပဲ။ ဒ့ါအပြင် ကျန်းမာရေးနဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကိုလည်း အကောင်အထည်ဖော်နေပြီး လူမှုရေးကဏ္ဍ မူဘောင်ကိုလည်း အစိုးရနဲ့အတူတူ လက်တွဲလုပ်ဆောင်နိုင်ခဲ့တာ ကြီးမားတဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်။

မကြာခင်မှာ မြန်မာနိုင်ငံရဲ့ ၂၀၁၅ ရွေးကောက်ပွဲ ရောက်ရှိလာတော့မယ်လို့ သိထားပါတယ်။ ရွေးကောက်ခံရတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့လည်း လွှတ်တော်တွင်းမှာ ကလေးသူငယ်အခွင့်အရေးတွေကို ရှင်းလင်းစွာသိမြင်ပြီး နောင်အစိုးရသစ်လက်ထက်မှာလည်း ပိုမိုများပြားတဲ့ ကလေးသူငယ်အရေးကိစ္စတွေ အထူးသဖြင့် လိင်ခေါင်းပုံဖြတ်မှု၊ အသက်မပြည့်သေးဘဲ စေခိုင်းမှုနဲ့ ကလေးစစ်သားကိစ္စတွေကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားဖို့ ယူနီဆက်ဖ်က ပြင်ဆင်ထားပါတယ်။

**မေး။ မြန်မာနိုင်ငံက အသက် ၁၈ နှစ်အောက် ကလေးသူငယ်အခွင့်အရေးအတွက် အများဆုံးလိုအပ်နေတဲ့ အကူအညီက ဘာများလဲရှင့်။**

ဖြေ။ အရင်ကဆိုရင်တော့ ကလေးစစ်သားတွေနဲ့ စစ်ဘေးရှောင်ဒေသတွေက ကလေးတွေအတွက် အခွင့်အရေးတွေ ဆုံးရှုံးမှုဟာ အကြီးမားဆုံးကာကွယ်မှု လိုအပ်ချက်ပါ။ လက်ရှိအစိုးရလက်ထက်မှာ တပ်မတော်ကို ဝင်ရောက်နေတဲ့ ကလေးစစ်သားတွေကို မိဘရင်ခွင်ဆီကို ပြန်ပို့တာတွေရှိနေပါပြီ။ သို့သော် ရွှေ့ပြောင်းမိသားစုတွေနဲ့ ဝေးလံခေါင်းပါးတဲ့ဒေသတွေမှာ နေထိုင်ကြတဲ့ ကလေးတွေအတွက်တော့ အစိုးရနဲ့ပူးပေါင်းပြီး ကာကွယ်စောင့်ရှောက်သွားကြဖို့ ရှိပါတယ်။

**မေး။ ငါးနှစ်အောက်ကလေးတွေအတွက် မွေးဖွားမှုရက်သတ္တပတ်လှုပ်ရှားမှု အကြောင်းကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ မြန်မာတစ်နိုင်ငံလုံးက အသက် ငါးနှစ်အောက် ကလေးတွေတိုင်း မွေးဖွားမှုမှတ်ပုံတင်နိုင်ဖို့ ရက်သတ္တပတ်အနေနဲ့ ဆောင်ရွက်တာ နှစ်ကြိမ်မြောက်ခဲ့ပါပြီ။ ယူနီဆက်ဖ်(မြန်မာ)နဲ့အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့တွေ အားလုံးဝိုင်းဝန်းဆောင်ရွက်နေပါတယ်။ လက်ရှိမှာ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ ရက်သတ္တပတ်လှုပ်ရှားမှုတွေနဲ့ ဆောင်ရွက်ခဲ့ပြီး ကလေးသုံးသိန်းကျော်ကို မွေးဖွားမှုမှတ်ပုံတင်ခြင်း ပြုလုပ်ပေးနိုင်ခဲ့ပါပြီ။

ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရှစ်ခုမှာ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် စုပေါင်းအဖြေရှာမှုတွေကနေတစ်ဆင့် လုပ်ဆောင်သွားမယ်။ မွေးဖွားမှုမှတ်ပုံတင်လက်မှတ်ဟာ ကလေးတွေအတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတစ်ရပ်ဖြစ်သလို သူတို့ဘဝတစ်လျှောက်လုံးနဲ့ သက်ဆိုင်တဲ့ အမည်၊ အသက်၊ မွေးရပ်ဇာတိ၊ မိဘအမည်နဲ့ အလုပ်အကိုင်တို့ပါဝင်တဲ့ သက်သေခံလက်မှတ်တစ်ခုဖြစ်ပါတယ်။ ဒါဟာ ပြည်သူ့ရေးရာ မှတ်ပုံတင်လုပ်ငန်းတွေရဲ့ အစပထမလုပ်ငန်းလည်းဖြစ်ပြီး နောက်ပိုင်းမှာ သေဆုံးခြင်း၊ လက်ထပ်ထိမ်းမြားခြင်းနဲ့ ကွာရှင်းခြင်းဆိုင်ရာတွေဟာလည်း ပါဝင်လာမှာဖြစ်ပါတယ်။

ယူနီဆက်ဖ်(မြန်မာ)ရဲ့ လက်ရှိအလေးထားဆောင်ရွက်နေတဲ့ အစီအစဉ်ကတော့ ပြည်သူ့ရေးရာမှတ်ပုံတင်စနစ် အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်အတွင်းမှာ ကျွန်တော်တို့တွေ စုပေါင်းကောက်ခံချက်အရ မွေးဖွားသူ ၈၅၄၄၇၉ ဦးအထိ ရှိခဲ့တာကို တွေ့ရပြီး သေဆုံးသူဦးရေဟာ ၃၁၀၅၇၃ ဦး ရှိခဲ့တာကြောင့် အချက်အလက်တွေကိုကြည့်ပြီး နိုင်ငံတော်ရဲ့ ရှေ့ဆက်ရမယ့် ပညာရေး၊ ရောဂါကာကွယ်တားဆီးရေး၊ အထွေထွေကျန်းမာရေး၊ ဒေသန္တရအလိုက် ရေရှည်အစီအမံတွေနဲ့ မဟာဗျူဟာရေးဆွဲရာမှာ လိုအပ်တဲ့အချက်အလက်တွေကို ဒီကနေရရှိနိုင်ပါတယ်။ အခုက နိုင်ငံရဲ့ ကလေး ၇၀ ရာခိုင်နှုန်းကို မွေးဖွားမှုမှတ်ပုံတင်လုပ်ပေးထားပြီး ယခုနှစ်အတွင်းမှာပဲ ကျန် ၃၀ ရာခိုင်နှုန်းပြည့်မီအောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်မယ်။

ကလေးမွေးဖွားပြီးပြီးချင်း မိဘများက ကျန်းမာရေးဝန်ကြီးဌာနလက်အောက် ပြည်သူ့ဆေးရုံတွေမှာဖြစ်စေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတွေမှာဖြစ်စေ၊ ကျေးလက်ကျန်းမာရေးဌာနတွေမှာဖြစ်စေ ကလေးမွေးစာရင်း ပြုလုပ်ထားဖို့ လိုအပ်ပါတယ်။

"ကလေးတွေရဲ့ အခြေခံလူ့အခွင့်အရေးဖြစ်ပြီး ကလေးကို နိုင်ငံတော်က တရားဝင်မှတ်တမ်းတင်ထားတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ကလေးရှင်သန်နေထိုင်မှုအတွက် တရားဝင်မှတ်တမ်းလေးဟာ ကလေးငယ်တိုင်း သူ့အခွင့်အရေးတွေအတွက် ပိုင်ဆိုင်ထားသင့်တယ်"လို့ ဩဂုတ် ၂၄ ရက်က နေပြည်တော်ရှိ ရွှေ်င်ရယ်အေ့စ်ဟိုတယ်မှာ ကျင်းပတဲ့ မြန်မာနိုင်ငံ၏ မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို တက်ရောက်လာသူ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

**(မြန်မာ့အလင်း)**


## ကုမ္ပဏီများသိစေရန် ကြေညာချက်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ကုမ္ပဏီများဖွဲ့စည်း မှတ်ပုံတင်ခြင်းလုပ်ငန်းအား ၁၉၁၄ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့် ၁၉၅၀ အထူးကုမ္ပဏီအက်ဥပဒေများနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင် ပေးလျက်ရှိပါသည်။ အဆိုပါ ဖွဲ့စည်းမှတ်ပုံတင်ပြီးသော ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်သက်တမ်းကျန်ရှိသည် ဖြစ်စေ၊ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည်ဖြစ်စေ လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါက ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)နှင့်ရုံးခွဲများသို့ အောက်ဖော်ပြပါလိပ်စာများအတိုင်း ၁၄-၉-၂၀၁၅ရက် နောက်ဆုံးထားသတင်းပေးပို့ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတင်းပေးပို့ခြင်းမရှိသော ကုမ္ပဏီများအား မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| ၁။ ရန်ကုန်ရုံးချုပ် | - | အမှတ်-၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့<br>ဖုန်း-၀၁-၆၅၇၈၉၁၊ ဖက်စ်-၀၁-၆၅၈၁၃၅<br>core.gov.mm@gmail.Com |
| ၂။ နေပြည်တော်ရုံး | - | ရုံးအမှတ်-၃၂၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၀၆၁၂၄၊ ၀၆၇-၄၀၆၁၆၆၊ ဖက်စ်-၀၆၇-၄၀၆၃၀၆<br>myomin.dec1976@gmail.com |
| ၃။ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး | - | ၂၆×၂၇ လမ်းကြား၊ ၈၄ လမ်း၊ ဈေးချိုအရှေ့ဘက်တိုက်တန်း၊ တတိယထပ်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့<br>ဖုန်း-၀၂-၈၆၆၆၁၊ ၀၂-၈၆၆၆၂၊ ဖက်စ်-၀၂-၈၆၆၆၀<br>dicamdy.mm@gmail.com |
| ၄။ ရှမ်းပြည်နယ်ဦးစီးမှူးရုံး | - | ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဝင်း၊ အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်<br>ဖုန်း-၀၈၁-၂၁၂၄၂၉၃၊ ဖက်စ်-၀၈၁-၂၁၂၄၉၇၄<br>dica.tgi18@gmail.com |
| ၅။ မွန်ပြည်နယ်ဦးစီးမှူးရုံး | - | အမှတ် ၄၀၁၊ တိုးချဲ့ကမ်းနားလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်<br>ဖုန်း-၀၅၇-၂၃၃၉၅၊ ဖက်စ်-၀၅၇-၂၃၃၈၅<br>dica.mawlamyaing1102014@gmail.com |

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**


*** ရှေ့ဖုံးမှ**

ငါးပေထပ်မံတိုးမြှင့်ရန် နိုင်ငံတော်သမ္မတကြီးက ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ်တွင် လမ်းညွှန်ထားသဖြင့် ဆည်မြောင်း ဦးစီးဌာနအနေဖြင့် ခန့်မှန်းတွက်ချက်မှုများကို မြေပြင်တွင် ဆောင်ရွက်လျက်ရှိကြောင်း ဦးစီးအရာရှိ ဦးမျိုးဇော်ဇော်က ရှင်းပြသည်။

ဩဂုတ်လဆန်းပိုင်းက မြစ်ရေကြီးမှုကြောင့် ငါးဘတ်ချောင်းရွာအနီးရှိ မြန်အောင်ရေကာတာ ကျိုးပေါက်သည်ဟု ကောလာဟလသတင်းများ ထွက်ပေါ်သဖြင့် ရွှေကျင်ကျေးရွာအုပ်စု အတွင်းရှိ အချို့ကျေးရွာများမှာ ကုန်းမြင့်ရာနေရာဖြစ်သော ထူကျေးရွာအုပ်စုသို့ ခေတ္တပြောင်းရွှေ့ခဲ့ကြကြောင်း၊ ထူကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများတွင် ရေဘေးရှောင်စခန်းများဖွင့်လှစ်ထားရှိခဲ့ရကြောင်း၊ ဩဂုတ် ၇ ရက်က မြစ်ရေပြန်ကျသွားသဖြင့် ဒေသခံပြည်သူများမှာ ရေဘေးရှောင်စခန်းများမှ ယင်းတို့နေထိုင်ရာကျေးရွာများသို့ ပြန်လည်ရောက်ရှိပြီး လုပ်ငန်းများ ပုံမှန်ပြန်လည်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း ဒေါင်းကျကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

မြန်အောင် ရေကာတာသည် ကြံခင်းမြို့နယ် တိုက်ကြီးကျေးရွာမှ စတင်ကာ အင်္ဂပူမြို့နယ် လူတော်စုကျေးရွာတွင်ဆုံးပြီး အရှည် ၄၈ မိုင် ခြောက်ဖာလုံရှိကြောင်း သိရသည်။

မြစ်ရေကြီးစဉ် ကာလတွင် ၎င်းရေကာတာ အပိုင်းအားလုံးကို ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံများစုပေါင်း၍ ကာကွယ်စောင့်ရှောက်ခဲ့ကြကြောင်း၊ ဧရာဝတီမြစ်ရေသည် တစ်နှစ်လျှင် သုံးကြိမ်တက်လေ့ ရှိကြောင်း၊ ပထမမြစ်ရေတက်သည့်လမှာ ဇွန်လ၊ ဒုတိယမြစ်ရေတက်သည့်လမှာ ဇူလိုင်လနှင့် ဩဂုတ်လဖြစ်ပြီး တတိယမြစ်ရေတက်သည့်လမှာ စက်တင်ဘာလဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိက ပြောသည်။

ယခုနှစ်တွင် ဒုတိယမြစ်ရေတက်စဉ်ကာလက စိုးရိမ်ရေမှတ်ထက်ကျော်လွန်သွားခဲ့သော်လည်း ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဒေသခံများနှင့်စုပေါင်း၍ တာကျိုးပေါက်မှုမရှိအောင် ကာကွယ်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့ကြောင်း၊ လာမည့် စက်တင်ဘာလ ရေကိုလည်း ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားပြီးဖြစ်သဖြင့် ဒေသခံများအနေဖြင့် စိုးရိမ်စရာမရှိကြောင်း ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ၏ ပြောကြားချက်အရ သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

# လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု တေးသီချင်းရေးဖွဲ့ သီဆိုပြိုင်ပွဲကျင်းပ




**နေပြည်တော် ဩဂုတ် ၂၄**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု တေးသီချင်းရေးဖွဲ့သီဆိုပြိုင်ပွဲကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်း၌ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ကျောင်းသားကျောင်းသူများ တက်ကြွပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု တေးသီချင်းရေးဖွဲ့သီဆိုပြိုင်ပွဲကို ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီမောဆို၊ ဘားအံ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ကျောင်းသားကျောင်းသူများက ကိုယ်ပိုင်သံစဉ်တေးသီချင်းများဖြင့် သီဆိုပြိုင်ပွဲဝင်ကြရာ အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် ပျဉ်းမနားဂီတအစည်းအရုံးမှ ပညာရှင်များက ပါဝင်ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနား ကျင်းပရာ ပထမဆုရ မြောင်းမြစိုက်ပျိုးရေးသိပ္ပံကျောင်းကို ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးကျော်ဝင်းကလည်းကောင်း၊ ဒုတိယဆုရ သာယာဝတီစိုက်ပျိုးရေးသိပ္ပံကျောင်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက လည်းကောင်း၊ တတိယဆု ပွင့်ဖြူစိုက်ပျိုးရေးသိပ္ပံကျောင်းကို စိုက်ပျိုးရေးသိပ္ပံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်ကလည်းကောင်း၊ နှစ်သိမ့်ဆုများကို တာဝန်ရှိသူများက လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# တန်ဖိုးနည်း အာဟာရချက်ပြုတ်သရုပ်ပြပွဲကျင်းပ

**တနိုင်း ဩဂုတ် ၂၄**

ပြည်သူများအားလုံး အစားအစာမှ အာဟာရရရှိရေးနှင့် အဓိကအားဖြင့် ကိုယ်ဝန်ဆောင် မိခင်၊ နို့တိုက် မိခင်တို့အတွက် အစာမှ ခန္ဓာကိုယ်အတွက် အာဟာရ ရရှိစေရန် ရည်ရွယ်ပြီး ကချင်ပြည်နယ် တနိုင်းမြို့ မုန်ဒိန်ရပ်ကွက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ တန်ဖိုးနည်း အာဟာရ ချက်ပြုတ်သရုပ်ပြပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆရာမကြီး ဒေါ်ဝင်းမာလေး (သူနာပြုအဆင့်-၁)က တန်ဖိုးနည်းအာဟာရချက်ပြုတ်နည်းနှင့်ပတ်သက်ပြီး တန်ဖိုးနည်းသော်လည်း အာဟာရဓာတ်မြင့်မားဆုံး အစားအစာများဖြစ်သော အာလူး၊ ခရမ်းချဉ်သီး၊ ပဲသီးနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုး ချက်ပြုတ်နည်းတို့ကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင် ဒေါ်ခင်စောညွန့်က မိခင်များ တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း သရုပ်ပြဆွေးနွေးပို့ချခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ထစ်ချုန်းမိုး

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**(မိုး/ဇလ)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

**လယ်ဝေး ဩဂုတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဩဂုတ် ၂၃ ရက်က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည်။

အခမ်းအနားသို့ ဒက္ခိဏခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြသီ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များ၊ လယ်ဝေးခုတင် ၁၀၀ ဆေးရုံအုပ်ဒေါက်တာစုစုထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် တာဝန်ရှိသူများက လှုပ်ရှားမှုနှင့်ပတ်သက်သော အသိပညာပေးခြင်းများ ဟောပြောပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို ကြက်ဥ၊ အိုင်အိုဒင်းဆား၊ သံဓာတ်အားဆေးများ ထောက်ပံ့ပေးကာ ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်ဆေးတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# ဩဂုတ် ၂၄ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၅၀၀ မှ ၅၁၀၀၀ |
| ၂ | ဧရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၆၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၅၁၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၈၀ မှ ၂၃၅၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပျော်ဘွယ်၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၂၅ မှ ၁၀၀၀ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၂၅ မှ ၂၅၅၀ |
| ၁၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၉၅၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀ မှ ၆၂၀ |
| ၁၃ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀၀ မှ ၁၃၀၀၀ |
| ၁၄ | သရက်သီး(စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၅၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်၊တပ်ကုန်း)ရှိ**
**လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (နေပြည်တော်၊ တပ်ကုန်း)ရှိ အောက်ဖော်ပြပါ လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
(က) Studio Complex ရှိ လေအေးပေးစက်များ
(ခ) Radio Transmitter Complex-1 ရှိ လေအေးပေးစက်များ
(ဂ) Radio Transmitter Complex-2 ရှိ လေအေးပေးစက်များ
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၈-၂၀၁၅ရက်မှ ၁၆-၉-၂၀၁၅ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၉-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်တင်သွင်းလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊၀၆၇-၇၉၁၃၅၊၀၆၇-၇၉၄၁၁**

**ဖခင် အမည်မှန်**

ရွှေပြည်သာမြို့နယ်နေ မအေးကြည်ခိုင်၊ မဝင်းကြည်ခိုင်၊ မတင်မျိုးခိုင်လွင်၊ မတင်မျိုးခိုင်တို့၏ဖခင်အမည်မှန်မှာ ဦးစိုးသိန်း ၁၂/ရပသ(နိုင်) ၀၀၄၇၀၃ ဖြစ်ပါကြောင်း။ ဦးစိုးသိန်း

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)တွင် အောက်ပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူများ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| (က) | ရုံးအမှတ်(၃) | RC-နှစ်ထပ်အဆောက်အအုံဆောက်လုပ်ရန် နေပြည်တော်(50'x24'x20') |
| (ခ) | ရုံးအမှတ်(၃) | (500KVA)Caterpiller မီးစက်ဝယ်ယူရန် နေပြည်တော် |
| (ဂ) | ကန်ပိုက်တီး | Weight Bridge(100)တန်ဝယ်ယူရန် (ကုန်သွယ်ရေးစခန်း) ကချင်ပြည်နယ် |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်နှင့်အချိန် -၃၁-၈-၂၀၁၅ရက် နံနက် ၁၁နာရီ
တင်ဒါဖွင့်မည့်ရက်နှင့်အချိန် -၃၁-၈-၂၀၁၅ရက် ညနေ ၃နာရီ

**ကုန်သွယ်ရေးဦးစီးဌာန**
**ရုံးအမှတ်(၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၀၁၂၊ ၀၆၇-၄၀၈၄၁၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဟိန်းခန့်ဦး ၇/ဒဥန(နိုင်) ၁၄၁၁၆၈၂၏ CDC-91400၏ SIDလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွား ပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၀၈၃၂၃၃

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၂-၈-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၄)ပါ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများ ကြီးကြပ်ရေးဌာန စက်မှုသင်တန်းကျောင်းများသို့ တက်ရောက်ရန် သင်တန်းသားသစ်များ ခေါ်ယူခြင်း ကြော်ငြာတွင် အမှတ်စဉ်(၁)ပါ လက်တွေ့ ၇%အစား ၇၀%ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## စုပေါင်းရုံးဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ၄/ဗြဲပြဟ္မစိုရ်လမ်းနှင့် သီလလမ်းထောင့်ရှိ မြေဧရိယာ ၁ဒသမ၆၈၉၈ဧကပေါ်တွင် အာရ်စီ(၆)ထပ် စုပေါင်းရုံးတစ်ရုံးကို တည်ဆောက်သွားမည် ဖြစ်ပါသည်။
၂။ အဆိုပါလုပ်ငန်းအတွက် မြန်မာနိုင်ငံသားကုမ္ပဏီများသည် အောက်ပါအခြေခံအချက်များနှင့်အတူ အဆိုပြုတင်ပြသွားရန်ဖြစ်ပါသည်-
(က) ကုမ္ပဏီဆိုင်ရာအချက်အလက်များ။
(ခ) အဆိုပြုဒီဇိုင်း (Floor Plan အပါအဝင်)
(ဂ) ငွေကြေးဆိုင်ရာအစီအစဉ်။
(ဃ) နည်းပညာဆိုင်ရာဆောင်ရွက်မည့်အစီအစဉ်။
(င) စီမံကိန်းအကောင်အထည်ဖော်မည့် အစီအစဉ် (လုပ်ငန်း/ကာလ)။
(စ) အထူးဖော်ပြလိုသည့် အချက်များ။
၃။ အဆိုပြုတင်ဒါလျှောက်လွှာ တစ်စုံလျှင် ကျပ်(၁၅၀၀၀)ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ၈-၉-၂၀၁၅ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၄။ အဆိုပြုတင်ဒါလျှောက်လွှာများကို ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ နောက်ဆုံးထားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ တင်ဒါခေါ်ယူရေး လုပ်ငန်းအဖွဲ့ရုံးတွင် ကုမ္ပဏီတာဝန်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်လွှဲစာဖြင့် တာဝန်ပေးအပ်သူက မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်ဒါပုံးအတွင်းသို့ လာရောက်ထည့်သွင်းရမည်။
၅။ တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက်ကို မှတ်ပုံတင်စာရင်းရေးသွင်းသည့် လိပ်စာ/ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပါမည်။
၆။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

# ဆီးရီးယား ပါမိုင်ရာရှေးဟောင်းမြို့တော် အိုင်အက်စ်စစ်သွေးကြွများက ဝင်ရောက်ဖျက်ဆီး

**ဒမတ်စကတ် ဩဂုတ် ၂၄**

ဆီးရီးယားနိုင်ငံ ပါမိုင်ရာရှေးဟောင်းမြို့ရှိ အထင်အရှားဆုံးဖြစ်သည့် ဘားလ်ရှာမင်းဘုရားကျောင်းကို အိုင်အက်စ်စစ်သွေးကြွများက တနင်္ဂနွေနေ့တွင် တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း ဆီးရီးယားရှေးဟောင်းအမွေအနှစ်အကြီးအကဲ မာမွတ်အဗ္ဗဒူလ်ကာရင်က ပြောကြားလိုက်သည်။

မေလအတွင်းက အီရတ်၊ ဆီးရီးယားနယ်စပ် ဆဝပ်ပါမိုင်ရာရှေးဟောင်းမြို့ကို သိမ်းပိုက်ထားသော အဆိုပါစစ်သွေးကြွများက ယင်းကဲ့သို့ဖျက်ဆီးမှုသည် ပထမဆုံးအကြိမ် ဖြစ်သည်ဟုဆိုသည်။ ယင်းကဲ့သို့ ဖျက်ဆီးမှုကြောင့် ရောမခေတ်က အဆောက်အအုံများပျက်စီးခဲ့ရသည်။

"အခုသူတို့က ဘုရားကျောင်းတွေကို စတင်ဖျက်ဆီးနေပြီ။ နောက်လူတွေပါ အဖျက်ဆီးခံရတော့မယ်လို့ ကျွန်တော် ခဏခဏ ပြောပါတယ်" ဟု အဗ္ဗဒူလ်ကာရင်က ရိုက်တာသို့ ပြောသည်။

"ပါမိုင်ရာကို ဖျက်ဆီးတာဟာ ကျွန်တော်တို့ မျက်လုံးနဲ့ကို တွေ့ခဲ့တာပါ" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ လွန်ခဲ့သောသီတင်းပတ်က အဆိုပါစစ်သွေးကြွများက ပါမိုင်ရာ ရှေးဟောင်းဌာနတွင် နှစ်ပေါင်း ၅၀ ကျော်ကြာ အလုပ်လုပ်ခဲ့သောအသက် ၈၂ နှစ်အရွယ်ရှိ ခါလက်အာဆတ်ကို ခေါင်းဖြတ်သတ်ခဲ့သည်။ အဆိုပါ ရှေးဟောင်းမြို့ကို အိုင်အက်စ်တို့က မသိမ်းပိုက်မီကပင် ရာပေါင်းများစွာသော ရှေးဟောင်းအမွေအနှစ်နေရာ များရှိ ရုပ်တုများကို နေရာရွှေ့ပြောင်း ရန် ဆီးရီးယားတာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြပြီး ၎င်းရုပ်တုများကို အိုင်အက်စ်တို့က ဖျက်ဆီးလိမ့်မည်ဟု ပြောခဲ့သည်။ **(ရိုက်တာ)**



# မြေမြှုပ်မိုင်းခွဲမှုကို တောင်းပန်ရန် တောင်ကိုရီးယားတောင်းဆို

**ဆိုးလ် ဩဂုတ် ၂၄**

ကိုရီးယားကျွန်းဆွယ်လက်နက်ကိုင်ပဋိပက္ခတင်းမာမှု ဖြေလျှော့နိုင်ရေး ခါးသီးသောပြိုင်ဘက်များအနေဖြင့် ရှည်ကြာသောဆွေးနွေးပွဲများပြုလုပ်နေချိန် တောင်ကိုရီးယားသမ္မတပတ်ဂွန်ဟေးက မြောက်ကိုရီးယားက မကြာသေးမီ မြေမြှုပ်မိုင်းထောင်ဖောက်ခွဲမှုကို တောင်းပန်ရန် ဩဂုတ် ၂၄ ရက်တွင် တောင်းဆိုလိုက်သည်။

ပြုံယမ်းအနေဖြင့် နှစ်နိုင်ငံသီးခြားစီပိုင်းခြားထားသော စစ်မဲ့ဇုန်အတွင်း ယခုလအစောပိုင်းက တောင်ကိုရီးယား တပ်ဖွဲ့ဝင်နှစ်ဦး မြေမြှုပ်မိုင်းထောင်မှုကြောင့် ဒဏ်ရာရခဲ့ခြင်းအပေါ် တာဝန်ခံမှုမရှိလျှင် မြောက်ကိုရီးယား ဆန့်ကျင်ရေးဝါဒဖြန့် ထုတ်လွှင့်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပတ်ဂွန်ဟေးက ပြောဆိုလိုက်သည်။

မြောက်ကိုရီးယားက အဆိုပါမိုင်းထောင်မှုကို ငြင်းဆိုထားသည်။ အဆိုပါ မြေမြှုပ်မိုင်းပေါက်ကွဲမှုသည် ကြာသပတေးနေ့က အပြန်အလှန်အမြောက်များဖြင့် ပစ်ခတ်ခဲ့သည်အထိ အကျပ်အတည်းများ အရှိန်မြင့်တက်ခဲ့ပြီး နှစ်ဖက်စလုံးမှ စစ်ရေးပြင်ဆင်မှုများ ပြုလုပ်လာသည်။

ကုလသမဂ္ဂ၊ အမေရိကန်နှင့် မြောက်ကိုရီးယား၏ တစ်နိုင်ငံတည်းသော မဟာမိတ်တရုတ်တို့က အကျပ်အတည်းကို အဆုံးသတ်ရန် တိုက်တွန်းထားသည်။ **(ရိုက်တာ)**

# ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အောက်တိုဘာလတွင် အီရန်သို့ အလည်အပတ်သွားမည်

**ဘာလင် ဩဂုတ် ၂၄**

ဥရောပ၏ အကြီးမားဆုံးစီးပွားရေး ပြန်လည်ထူထောင်ရန်အလို့ငှာ အစ္စလာမ်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန်လာမည့် အောက်တိုဘာလတွင် အီရန်သို့ အလည်အပတ်ခရီးသွားရောက်ရန် စီစဉ်ထားကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖရန့်ဝေါ်လ်တာ စတိန်းမီယာက ဩဂုတ် ၂၄ ရက်က ပြောကြားခဲ့သည်။

အဆိုပါ သုံးရက်ကြာခရီးစဉ်တွင် ပြီးခဲ့သောလက အနောက်အစိုးရအဖွဲ့နှင့် တီဟီရန်ကြားနျူကလီးယား သဘောတူညီချက်ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သော စီးပွားရေးဝန်ကြီး ဆစ်ဂမာဂါဘရီရယ်လည်း လိုက်ပါမည်ဖြစ်သည်။

ဩဂုတ် ၂၄ ရက်က ဘာလင်၌ကျင်းပသော သံတမန်ညီလာခံတွင် "အောက်တိုဘာမှာ ကျွန်တော်အီရန်မှာရှိနေမှာပါ"ဟု စတိန်းမီယာက အဖွင့်စကားပြောကြားခဲ့သည်။ ခရီးစဉ်နှင့်ပတ်သက်ပြီး အချက်အလက်အတိအကျ မပေးနိုင်သေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူတစ်ဦးက ဆိုသည်။

၁၉ ရာစုမှစ၍ ဂျာမနီနိုင်ငံသည် အီရန်နှင့် ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုအရ ချိတ်ဆက်ခဲ့သည်။ အီရန်၏အဓိကစက်မှုလုပ်ငန်း အတော်များများတွင် ဂျာမနီနိုင်ငံ ပါဝင်ပတ်သက်ခဲ့သည်။

**(ရိုက်တာ)**

## လူ ၂၀ သေဆုံးစေခဲ့သည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် သီတင်းတစ်ပတ်အကြာ၌ ဗန်ကောက်မြို့၌ ဗုံးတစ်လုံးတွေ့ရှိ

**ဗန်ကောက် ဩဂုတ် ၂၄**

ဗန်ကောက်မြို့လယ်ကောင်၌ လူ ၂၀ သေဆုံးစေခဲ့သည့် ထိုင်းနိုင်ငံ၏ အဆိုးရွားဆုံးဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် သီတင်းတစ်ပတ်ခန့်အကြာ ဩဂုတ် ၂၄ ရက်တွင် ဗန်ကောက်မြို့လယ်ကောင်ရှိ ဆောက်လုပ်ရေးလုပ်ကွက်တစ်ခု၌ ဗုံးတစ်လုံးရှာဖွေတွေ့ရှိပြီး စနက်တံဖြုတ်ခဲ့ကြောင်း၊ သို့သော် အဆိုပါဗုံးမှာ ဗန်ကောက်မြို့၌ ပြီးခဲ့သည့်သီတင်းပတ်ကပေါက်ကွဲခဲ့သည့် ဗုံးများနှင့် ဆက်စပ်မှု ရှိ မရှိ အသေအချာမသိရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

ဗန်ကောက်မြို့၏ အထင်ရှားဆုံးဟိန္ဒူဘုရားကျောင်းကို ပစ်မှတ်ထားပြီး ဩဂုတ် ၁၇ ရက်ပေါက်ကွဲမှု၌ တာဝန်ရှိသူတရားခံများ၏ ခြေရာလက်ရာမှာ ပျောက်ဆုံးသွားခဲ့သည်။ ယင်းတရားခံများ ထိုင်းနိုင်ငံထဲ၌ ရှိ မရှိကိုလည်း အသေအချာမသိရှိနိုင်သေးကြောင်းဖြင့် ထိုင်းရဲတပ်ဖွဲ့က ပြောကြားခဲ့ပြီးနောက် အဆိုပါဗုံးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ "ဗန်ကောက်မြို့လယ်ကောင်မှာရှိတဲ့ ဆောက်လုပ်ရေးလုပ်ကွက်တစ်ခုမှာ ဗုံးတစ်လုံးတွေ့ရှိခဲ့တဲ့သတင်းတွေကို ဒီနေ့နေ့လယ်ပိုင်းက ကျွန်တော်တို့လက်ခံရရှိခဲ့ပါတယ်" ဟု ပေါက်ကွဲပစ္စည်းရှာဖွေရေးဆိုင်ရာထိုင်းရဲတပ်ဖွဲ့မှ တပ်မှူး ကမ်သောန် အော်ချာရွန်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါဗုံးမှာ ဗန်ကောက်မြို့လယ်ကောင်ရှိ ဆောက်လုပ်ရေးလုပ်ကွက်တစ်ခုတွင် ကမ္ဘောဒီးယားဆောက်လုပ်ရေးလုပ်သားတစ်ဦးက တွင်းတူးနေစဉ် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်၍ မကြာသေးခင်က ပေါက်ကွဲမှုများနှင့် ဆက်စပ်မှုမရှိကြောင်း၊ ယခုတွေ့ရှိသောဗုံးမှာ ယခင်ကတည်းကမပေါက်ကွဲခဲ့သည့် လက်ပစ်ဗုံးဖြစ်၍ မကြာသေးခင်က ဧရာဝဏ်လေးမျက်နှာ နတ်ကွန်း၌ ပေါက်ကွဲခဲ့သည့်ဗုံးနှင့်ဆက်စပ်မှုမရှိကြောင်း ဒေသဆိုင်ရာ Spring News သတင်းစာက ရေးသားဖော်ပြသည်ဟု ဆင်ဟွာသတင်းအရသိရသည်။ **(ရိုက်တာ)**


MAMDA

**မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း (MAMDA) ၏**
**ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့်**
**မော်တော်ယာဉ်မူဝါဒ (Automobile Policy) ဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ**

**ဖိတ်ကြားလွှာ**

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် မော်တော်ယာဉ်မူဝါဒဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၉-၉-၂၀၁၅ ရက် (စနေနေ့)
**အချိန်** - နံနက် ၉း၀၀ နာရီမှ ၁၀း၀၀ နာရီထိ (နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး)
နံနက် ၁၀း၃၀ နာရီမှ ၁၁း၃၀ နာရီထိ (မော်တော်ယာဉ်မူဝါဒဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ)
**နေရာ** - UMFCCI ပထမထပ် (မင်္ဂလာခန်းမ)
အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း (MAMDA)**

**အမည်ပြောင်း**

ဒေါ်အေးမြင့်၏သမီး မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မအေးသဇင်အောင်အား မအေးနန္ဒာအောင် ၁၀/မဒန(နိုင်)၂၂၅၁၇၃ ဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ပြောင်း**

ဦးမျိုးမင်းသန့် ၁၀/ကထန(နိုင်)၁၁၆၃၇၃၏ သား ကျိုက်ထိုမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(ID)မှ မောင်ကျော်ထက်အောင်အား မောင်ဆန်းမင်းထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဆန်းမင်းထွဋ်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးရဲမြင့်၏ သား မုဒုံမြို့၊ မြို့မ (၄)ရပ်ကွက်၊ ထိန်ကုန်းလမ်းနေ ဦးသန်းထိုက် ၁၀/မဒန(နိုင်)၁၀၁၇၃၂နှင့် ဦးဆန်းထိုက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၂၈၉၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**ဆရာဒွေး နှင့် သမီး- ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
စက်တင်ဘာ (၂/၃/၅)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ဖခင်အမည်မှန်**

ပခုက္ကူမြို့၊ အမက (၁၇)၊ ဒုတိယတန်း(B)မှ မဇင်မြို့ဝင်း အထက(၃) ဆဋ္ဌမတန်း(B)မှ မခင်မြို့ဝင်း၊အထက(၃)၊ အဋ္ဌမတန်း(C)မှ မောင်ပြည့်ဖြိုးအောင်တို့၏ ဖခင်မှာ ဦးအောင်ဆွေဝင်း(ခ)ဦးဆွေဝင်း ၈/ပခက(နိုင်)၁၇၁၇၇၁ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ပခုက္ကူမြို့၊ ပညာစံအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်ဖြိုးထွန်းနှင့် အထက(ကျော)ဂန့်ဂေါ သတ္တမတန်းမှ မောင်ချမ်းငြိမ်းထွန်းတို့၏ဖခင်အမည်မှန်မှာ ဦးစိုးရ ၈/ပမန(နိုင်)၀၃၆၁၃၆ ဖြစ်ပါကြောင်း။

**မြောက်ဦးမြို့၊ ရွှေသဇင်ဟိုတယ်အား ကျေးဇူးအထူးတင်ရှိပါကြောင်း**

ကချင်ပြည်နယ်၊ ဖားကန့်ရောက် ရခိုင်ရိုးရာ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ရခိုင်ပြည်နယ်ရေဘေးသင့်ပြည်သူများအား လှူဖွယ်ပစ္စည်းများ လှူဒါန်းရန်သွားရောက်သည့်အခါ မြောက်ဦးမြို့၊ ရွှေသဇင်ဟိုတယ်တွင် (၁) ပတ်ကျော်တည်းခိုခဲ့ရာ အလှူရှင်များနှင့် တည်းခိုသည့် ဧည့်သည်များကို လိုအပ်သည်ထက် ပိုပြီး (၂၄) နာရီဝန်ဆောင်မှု အပြည့်အဝ ပေးသည့်အပြင် အခန်းကိုလည်း (30%) နှုန်း (Discount) လျှော့၍ ဝန်ဆောင်မှုပေးခဲ့ပါသည်။ ၎င်းအပြင် မြောက်ဦးမြို့၊ ရွှေသဇင် ဟိုတယ်တွင် (၁-၁၀-၂၀၁၅) နေ့အထိ တည်းခိုသူများကိုလည်း (30%) နှုန်း (Discount) လျှော့၍ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ၎င်းအပြင် လိုအပ်လျှင်လည်း အခြေအနေအပေါ် မူတည်၍ လိုအပ်သည့် ဝန်ဆောင်မှု များကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ယခုကဲ့သို့ ဧည့်သည်များနှင့် အလှူရှင်များအား လိုအပ်သည်များကို အစစအရာရာ အကူအညီပေးသည့်အတွက် မြောက်ဦးမြို့၊ ရွှေသဇင်ဟိုတယ်အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကိုဇော်မင်း (၁၁/ပဏတ (နိုင်) ၀၄၈၂၂၉)
ကိုဇေအောင်အောင်ဝင်း (၁၁/ရသတ (နိုင်) ၀၄၃၀၅၇)
ကချင်ပြည်နယ်၊ ဖားကန့်ရောက် ရခိုင်ရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့

# ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်အတွင်းသို့ နယ်ကျွံတောဆင်ရိုင်းများ ဖြတ်သန်းဝင်ရောက် အနီးကပ်ဓာတ်ပုံရိုက်ရန်ကြိုးစားသူ ကျေးရွာသားတစ်ဦး နှာမောင်းဖြင့်အရိုက်ခံရ၍သေဆုံး

**ညောင်ဦး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်မှ ဖြတ်သန်း၍ ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်နှင့် ညောင်ဦးမြို့နယ်အတွင်းသို့ တောဆင်ရိုင်းခြောက်ကောင် နယ်ကျွံဝင်ရောက်လာရာ သွားရာလမ်းတစ်လျှောက်တွင် ဆင်ရိုင်းများဝင်ရောက်တိုးခံရသော ကျေးရွာသားတစ်ဦး ဒဏ်ရာရရှိမှုနှင့် ၎င်းဆင်ရိုင်းတို့ကို အနီးကပ်ဓာတ်ပုံရိုက်ကူးရန်ကြိုးစားသူ ကျေးရွာသားတစ်ဦး သေဆုံးမှုတို့ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်ရိုင်းခြောက်ကောင်တို့သည် ကျောက်ပန်းတောင်းမြို့နယ်ဘက်မှ ငါ့သရောက်မြို့နယ် ကူတောကျေးရွာဘက်သို့ ဩဂုတ် ၂၄ ရက် နံနက် ၆ နာရီခန့်က ဝင်ရောက်လာခဲ့သည်။ ယင်းနေ့ နံနက် ၇ နာရီခန့်တွင် ကန်တိမ်ကျေးရွာအုပ်စု ကန်တိမ်ကျေးရွာနေသူ ဦးသန်းအောင်(၆၅နှစ်)သည် ကန်တိမ်ကျေးရွာနှင့် တစ်မိုင်ခန့်အကွာ ယာခင်းအနီး ချုံထဲတွင် အလေးသွားနေစဉ် ဆင်ရိုင်းခြောက်ကောင်အုပ် ရောက်ရှိဝင်တိုးမိကာ နှာမောင်းနှင့်အရိုက်ခံရမှုကြောင့် ဒဏ်ရာများရရှိခဲ့သဖြင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိပြီး အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ဆက်လက်၍ တောဆင်ရိုင်းခြောက်ကောင်တို့သည် မွန်းလွဲ ၁ နာရီခန့်တွင် ငါ့သရောက်မြို့နယ်အတွင်းရှိ တယ်ပင်တဲကျေးရွာမှ ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု၊ ပြွန်ကျေးရွာအုပ်စု၊ အရှေ့ဘက်ရှိ လျှိုထဲတွင် ရောက်ရှိနေခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ပြွန်ကျေးရွာအုပ်စု တာလန်းကန်ဘက်တွင် ရောက်ရှိနေစဉ် တောင်ဇင်းကျေးရွာအုပ်စု ကံကျဲကျေးရွာနေသူ ဖိုးပိန်(၃၀နှစ်)သည် ဆင်ခြောက်ကောင်ကို ဓာတ်ပုံရိုက်ရန်ပြင်နေစဉ် ဆင်တစ်ကောင်က နှာမောင်းဖြင့်ရိုက်ခဲ့မှုကြောင့် ဒဏ်ရာများရရှိခဲ့၍ တောင်ဇင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် အဆိုပါဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သံလွင်စစ်ဆင်ရေး စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်၊ မူးယစ်တပ်ဖွဲ့စု(၁၀၃) နေပြည်တော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်ဘက်မှ လွိုင်လင်ဘက်သို့ စိုင်းထွန်း(ခ)ဦးထွန်း မောင်းနှင်ပြီး စိုင်းဆွယ်ဆိုင် လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၃၅ ပြားကို ဖမ်းမိခဲ့သည်။

အလားတူ ဩဂုတ် ၂၁ ရက်က မိုးမိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့ ဝဲပေါင်းကျေးရွာနေ သန်းအောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၈၀ ကိုလည်းကောင်း၊ ဩဂုတ် ၂၁ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ ကျောက်မျက်ရုံးအနီးရှိ တံတားထိပ်တွင်လုံးခင်းကျေးရွာဘက်မှ သန်းဇော် မောင်းနှင်ပြီး မသန်းမြလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် ပင်နီဆီလင်ပုလင်းများဖြင့် ထည့်လျက် ဘိန်းဖြူ ၀ ဒသမ ၀၃၃ ကီလိုတို့ကိုလည်းကောင်း ဖမ်းဆီးရမိသည်။

အလားတူ ဩဂုတ် ၂၁ ရက်က ဗိုလ်တထောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်တံတားမြို့နယ်ဘက်မှ ဗိုလ်တထောင်မြို့နယ်ဘက်သို့ ကျော်ကျော်လွင်(ခ) ကျော်နိုင်မောင်းနှင်ပြီး ကျော်မြင့်ဦး(ခ) ဝီဂျေးဂန်း၊ ဝေမင်းကိုကိုနှင့် ပိုင်သုခတို့ လိုက်ပါလာသည့် အငှားယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၇ ပြား၊ မြန်မာငွေကျပ် ၆၂၂၅၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြစ်မှုကျူးလွန်သူ စိုင်းထွန်း(ခ) ဦးထွန်းနှင့် စိုင်းဆွယ်ဆိုင်တို့ နှစ်ဦးကို ဖမ်းဆီး ရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

# အရှိန်မထိန်းနိုင်သောယာဉ် လဲကျတိမ်းမှောက်

**နေပြည်တော် ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကန်ချောင်းကျေးရွာအနီး ကိုးပင်-သာဂရကားလမ်း မိုင်တိုင်အမှတ်(၆၈/၄)၌ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ လဲဇင်ရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သာဂရဘက်မှ ကိုးပင်ဘက်သို့ တောင်တွင်းကြီးမြို့နယ် အုန်းတော(၁)ရပ်ကွက်နေ ကျော်ကျော်ဆွေ(ခ)ပုကြီး(၄၈နှစ်) မောင်းနှင်ပြီး ဝါးများတင်ဆောင်လာသည့် နစ်ဆန်းဒီဇယ်ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ လဲကျတိမ်းမှောက်ခဲ့ကာ ယာဉ်မောင်း ကျော်ကျော်ဆွေ(ခ)ပုကြီး၊ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် တောင်တွင်းကြီးမြို့နယ် ရွာသာကျေးရွာနေ ရဲကိုနိုင်(၂၅နှစ်)နှင့် ဦးကျော်လွင် (၅၁နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျော်ကျော်ဆွေ(ခ)ပုကြီးကို ကိုးပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# အဆန်ရထားပေါ် သယ်ဆောင်လာသော ဆိတ် ၁၉၀ ကောင်ဖမ်းမိ

**နောင်ချို ဩဂုတ် ၂၄**

နောင်ချို လရ(၁) လှုပ်ရှားအဖွဲ့ ဌာနပေါင်းစုံ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့သည် သတင်းအရ ဩဂုတ် ၂၃ ရက် နံနက် ၁၁ နာရီခွဲခန့်က မန္တလေးဘက်မှ လားရှိုးဘက်သို့ မောင်းနှင်ထွက်ခွာလာသော အမှတ်(၁၃၁) အဆန်စာပို့ရထားကုန်တင်တွဲပေါ်၌ ဆိတ်ကောင်ရေ ၁၉၀ ကို တွေ့ရှိရသဖြင့် စစ်ဆေးကြရာ သယ်ဆောင်ခွင့်စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာမပါရှိဘဲ သယ်ဆောင်လာသဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆိတ်များသည် မကြာခဏ စာရွက်စာတမ်း အထောက်အထားများ မပါရှိဘဲ တင်ဆောင်သွားလာလျက်ရှိကြောင်း သိရသည်။ **(ဝဇိရ)**

# ယာဉ်ကိုတားပြီး ညစ်ညမ်းစွာဆဲဆို ခြိမ်းခြောက်ငွေတောင်းသူများကို အရေးယူထား

**နေပြည်တော် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက်နေ ဦးသိန်းဝေ(၅၂)နှစ်သည် ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီက သားဖြစ်သူ ကောင်းခန့်ဝေ(၁၅နှစ်)နှင့်အတူ 6G/---- HAIMA Saloon အနီရောင်ယာဉ်ဖြင့် ၆၂ လမ်းအတိုင်း မောင်းနှင်လာရာ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် သာယာဝတီမင်းကြီးလမ်းဆုံမီးပွိုင့်အလွန် ရွှေရိုးမဘီယာဆိုင်အနီး အရောက် အမျိုးသားတစ်ဦးမောင်းနှင်ပြီး နောက်မှလူတစ်ဦး လိုက်ပါလာသည့် ဆိုင်ကယ်က ကားကိုကျော်တက်ပြီး ကားရှေ့တွင်ပိတ်ရပ်ခဲ့သည်။ ၎င်းတို့လက်ထဲတွင် အုတ်ခဲများကိုင်၍တားသဖြင့် ကားကိုရပ်ပေးခဲ့သည်။

အဆိုပါလူနှစ်ဦးက ဆိုင်ကယ်ကိုကားဖြင့်ပွတ်တိုက်သွားသဖြင့် ပါလာသောငွေများပေးရန်၊ မပေးပါက အုတ်ခဲဖြင့်ထုသတ်မည်ဟု ခြိမ်းခြောက်ပြောဆိုသည့်အပြင် ညစ်ညမ်းစွာဆဲဆိုနေစဉ် နယ်မြေအတွင်း မပေါ်ပေါက်သေးသည့် အမှုများအား ကူညီစုံစမ်းရန် သက်သေများနှင့်အတူ သတင်းစုံစမ်းနေသည့် တိုင်းရဲအကူတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင်များက တွေ့ရှိသဖြင့် ခြိမ်းခြောက်ပြောဆိုသူနှစ်ဦးအား စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ချမ်းအေးသာစံမြို့နယ် ပော်ကုန်းရပ်ကွက်နေ သီဟဇော် (၂၅ နှစ်)နှင့် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်နေ ကျော်ရဲအောင် (၂၄ နှစ်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ဦးသိန်းဝေက အရေးယူပေးရန် တိုင်တန်းသဖြင့် ၎င်းတို့နှစ်ဦးအား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

7Stars(ရာထူးဝင်သင်တန်းကြီး)
ဦးစီးအရာရှိ (၂၂၆) နေရာ (တက္ကသိုလ်တစ်ခုခုမှဘွဲ့) (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)
ဦးစီးအရာရှိ (၃၄) နေရာ (B.com, B.Act, DA) (ကျန်းမာရေး / စာရင်းစစ်ချုပ်ရုံး) (အပြည့်စုံဆုံးမှတ်စုများ နယ်သို့ပို့ပေးသည်။)
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါပြီ ။
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.789107733, 09.780080052, 09421052736, 09.799860155

★ နေမင်းခြင်္ကာ ★
ရာထူးဝင်သင်တန်းကြီး
★ ကျန်းမာရေး/ရွေးကောက်ပွဲကော်မရှင် (ဦးစီး) ၂၃၅ နေရာ
★ စာရင်းစစ်/ရာထူးဝင်အဖွဲ့ (ဦးစီး) ၂၆ နေရာ
အားလုံးထက်အပြည့်စုံဆုံးမှတ်စုများဖြစ်စေရမည်၊ နယ်သို့ပို့ပေးသည်၊
အနော်ရထာအိမ်ရာအတွင်း၊ လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊
Ice Berry ရေခဲမုန့်ဆိုင်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၉ ၄၂၀၀၄၂၂၀၀၊ ၀၉ ၂၅၃၀၃၃၉၂၃

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
0973001453, 0930775232, 503472 တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 31 Aug
1 - 4:00 (Sat + Sun) 5 Sep
6 - 7:30 (Mon ~ Thurs) 7 Sep
9 - 12:00 (Sat + Sun) 12 Sep
BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 24 Aug
7:30-10:30 (Sat + Sun) 29 Aug
1 - 4:00 (Sat + Sun) 29 Aug
3:30 - 5 (Mon ~ Thurs) 31 Aug
7:30 - 9 (Mon ~ Thurs) 7 Sep
1 - 2:30 (Mon ~ Thurs) 7 Sep
BASIC GRAMMAR
10-11:30 (Mon ~ Thurs) 31 Aug
1 - 4:00 (Sat + Sun) 12 Sep
3:30 - 5 (Mon ~ Thurs) 28 Sep
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 7 Sep
1 - 2:30 (Mon ~ Thurs) 14 Sep
7:30 - 9 (Mon ~ Thurs) 23 Sep
1 - 4:00 (Sat + Sun) 27 Sep
INTERMEDIATE (ACADEMIC ENGLISH)
9 - 12:00 (Sat + Sun) 23 Aug
1 - 4:00 (Sat + Sun) 5 Sep
10-11:30 (Mon ~ Thurs) 7 Sep
VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 14 Sep
1 - 4:00 (Sat + Sun) 19 Sep
INTERMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 24 Aug
BASIC WRITING
10-11:30 (Mon ~ Thurs) 7 Sep
12 - 3:00 (Sat + Sun) 19 Sep
BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 14 Sep
12 - 3:00 (Sat + Sun) 20 Sep
BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 24 Aug
7:30 - 9 (Mon ~ Thurs) 1,7 Sep
4:30-7:30 (Sat + Sun) 5 Sep
12 - 3:00 (Sat + Sun) 6 Sep
3:30 - 5 (Mon ~ Thurs) 7 Sep
BASIC GRAMMAR
7:30-10:30 (Sat + Sun) 19 Sep
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 2 Sep
6 - 7:30 (Mon ~ Thurs) 14 Sep
7:30 - 9 (Mon ~ Thurs) 30 Sep
INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 12 Sep
IELTS (Preparation)
7:30-9:30 (Mon ~ Thurs) 14 Sep
1 - 3:30 (Mon ~ Thurs) 21 Sep
IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 14 Sep
IELTS (Reading)
1 - 3:00 (Mon ~ Thurs) 7 Sep
IELTS (Writing)
7:30 - 9 (Mon ~ Thurs) 7 Sep
IELTS (Grammar)
10-11:30 (Mon ~ Thurs) 14 Sep

**မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာမိသားစုများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ**

ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် သီတင်းသုံးတော်မူကြကုန်သော ဆရာတော်၊ သံဃာတော် အပါး ၄၄၀ အား မအူပင်မြို့နယ် ရေလဲကလေးကျေးရွာမိသားစုများနှင့် ဓမ္မမိတ်ဆွေများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်းနှင့် ဆွမ်းစုပေါင်းဆက်ကပ်လှူဒါန်းပွဲကို ၃၀-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) ဝါခေါင်လပြည့်နေ့ နံနက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေများမှ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် -
ဦးကျော်ကျော်(A1) ဖုန်း-၀၉-၈၆၀၁၂၃၆၊ ဦးမိုးမြင့် ဖုန်း-၀၉-၄၂၀၀၀၃၈၇၉၊
ဦးသန်းအောင် ဖုန်း-၀၉-၄၃၀၅၅၁၉၅

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

တောင်ငူတက္ကသိုလ်၊ ၂၀၁၅ခုနှစ် နှစ်လည်မဂ္ဂဇင်းတင်ဒါအတွက် ၂၄-၉-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံများ တင်သွင်းနိုင်ပါသည်။ တင်ဒါတင်သွင်းရာတွင် အောက်ပါအချက်များပါဝင်ရန် လိုအပ်ပါသည်။

(၁) မျက်နှာဖုံးစက္ကူအမျိုးအစားနှင့် သုံးစွဲမည့်အရောင်အရေအတွက်
(၂) လှုပ်ရှားမှုဓာတ်ပုံကဏ္ဍအတွက် သုံးစွဲမည့် စက္ကူအမျိုးအစားနှင့် သုံးစွဲမည့်အရောင်အရေအတွက်
(၃) အတွင်းစာမျက်နှာများအတွက် သုံးစွဲမည့်စက္ကူအမျိုးအစားနှင့် သရုပ်ဖော်ပန်းချီများအတွက် သုံးစွဲမည့်အရောင်အရေအတွက်
(၄) မဂ္ဂဇင်းတစ်အုပ်အတွက် ရိုက်နှိပ်ပေးနိုင်မည့်တန်ဖိုး

အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၅၁၀၄၈၂၉၊ ၀၅၄-၂၄၀၀၂ နှင့် Fax No ၀၅၄-၂၄၀၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
နှစ်လည်မဂ္ဂဇင်းတင်ဒါခေါ်ယူရေးအဖွဲ့
တောင်ငူတက္ကသိုလ်

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/1348 TOYOTA COROLLA FIELDER, STATION WAGON ယာဉ်လက်ဝယ်ရှိသူ ဗိုလ်မှူးချုပ်စိုးထွန်း ၈/ပခက(နိုင်)၀၄၃၅၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

# မကွေးမြို့၏ သမိုင်းဝင် မင်းကြီးကန်(ခ) ကန်သာကန်ကြီး သန့်ရှင်းလှပစေရန် ဒေသခံများလိုလား

**မကွေး ဩဂုတ် ၂၄**



မကွေးတိုင်းဒေသကြီး မကွေးမြို့ အထက(၁)လမ်းတောင်ဘက်ရှိ ဧက ၂၀ ကျယ်ဝန်းခဲ့သော မင်းကြီးကန် (ခေါ်)ကန်သာကန်ကြီးသည် မိုးရွာသွန်းမှုများခဲ့သော်လည်း ရေဝင်ကောင်းသည့် ရေမြောင်းဝတို့တွင် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်သရိုက်များ ပိတ်ဆို့နေခြင်းကြောင့် ရေဝင်အားနည်းခဲ့ကြောင်း သိရသည်။

၎င်းကန်ထဲတွင် ချုံနွယ်များ ထူထပ်လျက်ရှိရာ ခြင်ပေါက်ဖွားမှု မြန်ဆန်စေသဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျောင်းသား ကျောင်းသူများ၊ သက်ကြီးအဘိုး အဘွားသွေးလွန်တုပ်ကွေး ကျန်းမာရေးအတွက် စိုးရိမ်ရသဖြင့် ပြုပြင်ထိန်းသိမ်းသင့်ကြောင်း ကန်သာရပ်ကွက်မှ ဒေသခံများက ပြောကြားသည်။

မကွေးမြို့၏ အထင်ကရ သမိုင်းဝင် ကန်သာကန်ကြီးကို ထိန်းသိမ်းစောင့်ရှောက်မှု အလွန်အားနည်းခြင်းကြောင့် ကန်ကြီး၏ ဂုဏ်ကျက်သရေနှင့် သဘာဝအလှတရားများ ပျက်စီးယိုယွင်းနေသည်ကို ဒေသခံများက မလိုလားကြောင်း သိရသည်။

"ဟိုအရင် ကန်သာရပ်ကွက်ထိပ်မှာရှိတဲ့ ကန်သာကန်ကြီးကို ရှေးက မင်းကြီးကန်လို့ခေါ်ခဲ့ပြီး သက္ကရာဇ် ၁၁၂၀ အလောင်းမင်းတရားကြီး လက်ထက်မှာ မကွေးဒေသခံတွေ လုပ်အားနဲ့ တူးဖော်ခဲ့တာဖြစ်ပါတယ်။ တူးဖော်ခဲ့စဉ်က တစ်ဖက်ဆည်ကန် အမျိုးအစားဖြစ်ပြီး ဧက ၂၀ ကျော်လောက်ရှိတယ်။ ကန်ထဲမှာ ငါး၊ လိပ်၊ပုစွန်နှင့် ကြာမျိုးစုံ ဖူးပွင့်သာယာလှပပါတယ်။ ကန်ပေါင်ကြီး အရှည်တည်တံ့ခိုင်မာစေဖို့ မင်းကြီးရဲ့ အစီအမံနဲ့ အညာဒေသမျိုးရင်းအပင်တွေဖြစ်တဲ့ ထနောင်း၊ တမာ၊ မန်ကျည်းနှင့် ကုက္ကိုပင်တွေကို ကန်ပတ်လည်မှာ စိုက်ပျိုးခဲ့ပါတယ်" ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးလေးဂျမ်းက ရှင်းပြသည်။

မင်းကြီးကန်ကို အမှီပြု၍ မင်းကန်ကြီးကျေးရွာတောင်သူများသည် နှစ်ပေါက် ရေသိုလှောင်ထားနိုင်သည့် တစ်ဖက်ဆည်ကန်တော်ကြီးမှ ရေကို အသုံးပြုကာ စပါးသီးနှံများ စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကြောင်း အဆင်ပြေခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ်တွင် မြို့ကွက်သစ်တိုးချဲ့စီမံချက်ဖြင့် ရပ်ကွက်သစ်များ ချထားပေးပြီးနောက် အကျယ်အဝန်းဧက ၂၀ ကျော်ခဲ့သော မင်းကန်ကြီးသည်လည်း ဧက ၁၈ ဒသမ ၃၀ သာ ကျန်ရှိတော့သည့်အပြင် မင်းကြီးကန်ဟူသော မူရင်းအမည်ပျောက်ကာ ကန်သာကန်ဟု အမည်ပြောင်းလဲလာခဲ့သည်။

ကန်သာကန်ကြီး အနီးတွင် ကန်သာရပ်ကွက် ဖြစ်တည်လာပြီး ရပ်ကွက်နှင့် ကန်ပေါင်မှာ ပေ ၃၀ အကွာ နယ်နိမိတ်ခြားသော်လည်း ကန်ပတ်လည်လမ်းအဖြစ် အသုံးပြုခြင်းမရှိဘဲ စည်းကမ်းမဲ့ ကျူးကျော်အိမ်များသာ ရွာတန်းငယ်အဖြစ် ဆောက်လုပ်နေထိုင် လျက်ရှိသည်ကို တွေ့ရသည်။

ကန်သာကန်ကြီး၏ ညစ်ညမ်းမှု များကြောင့် အနီးဝန်းကျင်ရှိ အေးစေတီဘုရားကြီးနှင့် သံဃာ ၅၀၀ ကျော် သီတင်းသုံးလျက်ရှိသော အောင်မြေရတနာ ကျောင်းတိုက်ရှိ စာသင်သား သံဃာတော်များ၊ ဘုရားဖူးများ၊ တရားအားထုတ်သူများအတွက် အထူးအနှောင့်အယှက်ဖြစ်ကြရသည်။ တိုင်းဒေသကြီး မြို့တော်အင်္ဂါရပ်နှင့်အညီ သမိုင်းဝင်ရှေးဟောင်း ကန်တော်ကြီးနှင့် အနီးပတ်ဝန်းကျင်အား သန့်ရှင်းသာယာရေး အမြန်ဆုံးဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**သတင်း-ဇွဲထက်ရှင်**
**ဓာတ်ပုံ-မိုးဒေဝါ**

# ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**ဘားအံ ဩဂုတ် ၂၄**

နေပြည်တော်တွင် ဩဂုတ် ၆ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ လုပ်ငန်းလမ်းညွှန်ချက်များအပေါ် ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဩဂုတ်လ ၂၂ရက်က ဘားအံမြို့ ကရင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားပြီးနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများက တရားစီရင်ရေးလုပ်ငန်းများကို လည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူးက တရားရုံးဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများကိုလည်းကောင်း၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးနှင့် တရားရုံးစီမံခန့်ခွဲမှုဆိုင်ရာများကို လည်းကောင်း တင်ပြခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ် အတွင်းရှိ တရားရေးအရာရှိများ စုစုပေါင်း ၂၅ ဦးတက်ရောက်ခဲ့ကြောင်းနှင့်တစ်ဆက်တည်း သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများမှ မိသားစုများအတွက် ကရင်ပြည်နယ်တရားရေးမိသားစုများက လှူဒါန်းကူညီခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**ဘိုကလေး ဩဂုတ် ၂၄**

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ရပ်ဒုက္ခသည်များ ... 

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ရဟန်းရှင်လူ ပြည်သူများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကူညီပံ့ပိုးပေးနိုင်ရန် ဘိုကလေးမြို့နယ်တွင် မြို့နယ်အတွင်းရှိ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ဆရာဝန်များ၊ စေတနာရှင်လူငယ်များပါဝင်ဖွဲ့စည်းပြီး ဘိုကလေးမြို့တွင် လိုက်လံ၍ အလှူငွေများနှင့် ဆန်နှင့်အစားအသောက်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများကို အလှူခံလျက်ရှိပြီး ရရှိလာသော အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ စဉ်ဆက်မပြတ်ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ဌေးနိုင်(ဘိုကလေး)**

# တမူးခရိုင်အတွင်း မိုးများ၍ပျက်စီးသွားသော တံတားများအား ယာယီတံတားများအဖြစ် တည်ဆောက်

**တမူး ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်နှင့် ခမ်းပတ်မြို့နယ်များတွင် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေလျှံမှုများ ဖြစ်ပေါ်ကာ လမ်းတံတားများ ရေတိုက်စားမျောပါပြီး ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။

အဆိုပါ ထိခိုက်ပျက်စီးမှုများတွင် မြန်မာ-အိန္ဒိယနယ်စပ်၏ အဓိက ကုန်သွယ်မှုလမ်းမကြီးဖြစ်သည့် ကလေး၊ တမူး၊ ကလေးဝလမ်းပေါ်ရှိ အာဆီယံ ချစ်ကြည်ရေး လမ်းမကြီး (AH 1) တွင် အရေးပါသည့် ပေ ၂၈၀ အရှည်ရှိ ခမ်းပတ်မြို့ဝင် သံပေါင်ဘေလီတံတား၊ ပေ ၂၉၀ အရှည်ရှိ ကနန်သံပေါင်ဘေလီတံတား၊ ပေ ၃၁၀ အရှည်ရှိ ကမ္ဘကြီးဘေလီတံတား၊ ပေ၂၁၀ အရှည်ရှိ တွိုဗန်သံပေါင် ဘေလီတံတား၊ ပေ၂၃၀ အရှည်ရှိ တီးတိန်ယံဘေလီတံတားကြီးများသည် ချောင်းရေတိုက်စားပြီး ရေထဲမျောပါပျက်စီးသွားခဲ့သဖြင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ကာ နယ်စပ်ကုန်စည်စီးဆင်းကုန်သွယ်မှုများ လျော့နည်းကျဆင်းခဲ့သည်။

ယခုအခါ ဒေသတွင်းပြည်သူများ လမ်းပန်းဆက်သွယ်သွားလာမှု အဆင်ပြေစေရန်နှင့် နယ်စပ်ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တံတားဦးစီးဌာန၊ လမ်းဦးစီးဌာနတို့က ပြည်သူများနှင့် ပူးပေါင်း၍ ပျက်စီးသွားသော လမ်းတံတားများကို ယာယီလမ်းလွှဲများ နှင့်ယာယီဘေလီတံတားများပြန်လည် တည်ဆောက်ပြုလုပ်ပေးခဲ့ရာ ပြီးစီးသွားပြီဖြစ်၍ ခရီးသွားဒေသတွင်းပြည်သူများ၊ ခရီးသည်တင်ဆောင်သည့် ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်ငယ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။

ရေတိုက်စား၍ ပျက်စီးသွားသည့် ကလေး၊ တမူး၊ ကလေးဝလမ်း၊ အာဆီယံချစ်ကြည်ရေးလမ်းမကြီး (AH1) ပေါ်ရှိ အရေးပါသည့် တံတားကြီးများအား ခိုင်ခံ့သည့် အမာခံတံတားကြီးများအဖြစ် ဆက်လက်ပြုပြင်တည်ဆောက် ဆောင်ရွက်လျက်ရှိကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းတံတားဦးစီးဌာနမှ သိရသည်။

**(၁၅၈)**

# မန္တလေး၌ စာအုပ်လှူဒါန်းပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၄**

အမေရိကန်စင်တာ U.S Embassy နှင့် Asia Foundation တို့ ပူးပေါင်းစာအုပ်လှူဒါန်းခြင်းကို ဩဂုတ် ၂၁ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း × ၇၁ လမ်းထောင့်ရှိ The Jefferson Center ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် U.S Embassy မှ ပြည်သူ့ရေးရာအရာရှိ Satrajit (Jitu) Sardar က အဖွင့်စကားပြောကြားပြီး Asia Foundation မှ မြန်မာပြည်ဌာနေကိုယ်စားလှယ် Dr. Kim Ninh က Asia Foundation အနေဖြင့် U.S Embassy နှင့် ပူးပေါင်း၍ ၂၀၀၇ ခုနှစ်မှစတင်၍ တက္ကသိုလ်၊ ကောလိပ်၊ ဘုန်းတော်ကြီးကျောင်းများ၊ အစိုးရကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ NGOs များ၊ နိုင်ငံရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများရှိ စာကြည့်တိုက်ပေါင်း ၃၅၁ ခုကို စာအုပ် စုစုပေါင်း ၁၈၃၀၀၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် ဟောပြော

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)တို့ပူးပေါင်းပြီး မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ ရက်က အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄) အမျိုးသားကျောင်း၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးက ငယ်ရွယ်နုပျိုလူငယ်များ လမ်းမှားမလိုက်မိစေရေးအတွက် ယခုကဲ့သို့ ကျောင်းများတွင် အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူတို့က ဟောပြောပွဲကျင်းပပေးခြင်း၏ ရည်ရွယ်ချက်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းခြင်းနှင့် ပြစ်ဒဏ်များအကြောင်းတို့ကို ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသားလူငယ်ထု ဆက်သွယ်ရေးသံတမန် ဟာသလူရွှင်တော် ဦးချစ်ချောက ယနေ့လူငယ်နှင့် ကိုယ်ကျင့်တရားဆက်နွယ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးအန္တရာယ်များကိုဟောပြောခဲ့သည်။ ဆက်လက်၍ အဖွဲ့ဝင်များနှင့် ကျောင်းသားများက "မူးယစ်ကင်းစင် ဒို့ကျောင်းတော် တစ်ခွင်" ဆိုင်းဘုတ်ကို ကျောင်းဝင်းရှေ့၌ စုပေါင်းစိုက်ထူခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**




# မြစိမ်းရောင်ကျေးရွာစီမံကိန်း သင်တန်းဖွင့်

**တန့်ဆည် ဩဂုတ် ၂၄**

မြစိမ်းရောင်စီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၂ ရက်က တန့်ဆည်မြို့အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပြီး တန့်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးဇော်သက်နိုင်က မြစိမ်းရောင် စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ ယခုနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျသည့် တန့်ဆည်မြို့နယ်အတွင်းရှိကျေးရွာ ကိုးရွာနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းသတ်မှတ်ခံရသည့်ကျေးရွာ တစ်ရွာတို့မှမြစိမ်းရောင်ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြကြောင်းသိရသည်။

**မျိုးဝင်းညွန့်(တန့်ဆည်)**

# နေပြည်တော် အမျိုးသားပြတိုက်

မောင်သာ-(ရှေးဟောင်းသုတေသန)



မြန်မာတို့၏ ဂုဏ်ယူဖွယ် ယဉ်ကျေးမှုအမွေအနှစ်များကို ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ရှေးဟောင်းသုတေသနပြတိုက်ကြီးဖြစ်သည့် နေပြည်တော်အမျိုးသားပြတိုက်သို့ ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီစဉ်ပေးမှုဖြင့် ကျွန်တော် ရောက်ရှိခဲ့ပါသည်။

နေပြည်တော် အမျိုးသားပြတိုက်သည် နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမပေါ်ရှိ ကြာပန်းအဝိုင်းအနီးတွင် တည်ရှိသည်။ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်တို့သည် ရာဇသင်္ဂဟလမ်းမပေါ်တွင် တစ်ဆက်တည်း တည်ရှိနေကြသည်။

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားမှုများကို ဖော်ထုတ်ရန်၊ ကြွယ်ဝပြီး အဆင့်အတန်းမြင့်မားသောယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ဖော်ထုတ်ရန်၊ မိမိတို့လူမျိုး၏ (Soft Power) စွမ်းဆောင်ချက်များကို ဖော်ထုတ်ရန်၊ အမျိုးသားအဆင့်နှင့်လျော်ညီသော နိုင်ငံတော်နှင့် လူမျိုး၏ဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေရန်၊ ထိန်းသိမ်းမှုစနစ်၊ ပြသမှုစနစ်မှန်ကန်သော အဆင့်အတန်းမြင့်မားသည့် ပြတိုက်ဖြစ်စေရန်နှင့် ဆွဲဆောင်မှုရှိသော ခေတ်မီပြတိုက်ဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့သည့် နေပြည်တော် အမျိုးသားပြတိုက်ကြီးကို ၃၄ ဒသမ ၇၉ ဧကကျယ်ဝန်းသည့် မြေကွက်ပေါ်တွင် ၂၀၁၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့က ပန္နက်တင်ခဲ့သည်။ နေပြည်တော်ပြတိုက် စီမံကိန်းလုပ်ငန်းတွင် အဆောင်ငါးဆောင်ပါဝင်သည့်အနက် အဆောင်အေနှင့်ဘီတို့ကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ပထမအဆင့်ဖွင့်လှစ်ခဲ့သည်။

နေပြည်တော် အမျိုးသားပြတိုက်အား နိုင်ငံတကာအဆင့်မီ ပြတိုက်ကြီးတစ်ခုအဖြစ် တည်ဆောက်နေစဉ် အဆင့်အတန်းမြင့်မား၍ ထိန်းချုပ်မှုစနစ်ကောင်းမွန်မှန်ကန်သော ခင်းကျင်းမှုများပြုလုပ်နိုင်ရန် အိန္ဒိယ၊ ပြင်သစ်နှင့် ဂျပန်နိုင်ငံ ပြတိုက်ပညာရှင်များထံမှ အကြံဉာဏ်များရယူခဲ့သည်။ ပြည်ပပညာရှင်များက မြန်မာနိုင်ငံသို့ သင်တန်းများလာရောက်ပို့ချခဲ့သည့်အပြင် ဂျပန်နိုင်ငံနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပြတိုက် နှီးနှောဖလှယ် ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ရာ အမျိုးသားပြတိုက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးသင်းနှင့် ဦးစီးအရာရှိ ဦးကျော်ရှင်နောင်တို့က စာတမ်းများ ဖတ်ကြားခဲ့ကြသည်။ ထို့အပြင် ပြတိုက်ကြီးကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ခင်းကျင်းပြသနိုင်ရေးအတွက် ပြတိုက်ပစ္စည်းများဝယ်ယူခြင်း၊လှူဒါန်းမှုများအား လက်ခံခြင်း၊ ဌာနအချင်းချင်း လွှဲပြောင်းလက်ခံခြင်းများကို ဆောင်ရွက်ခဲ့သည်။

နေပြည်တော် အမျိုးသားပြတိုက်သည် အာရှ ဥရောပ ပြတိုက်များကွန်ရက် (ASEMUS) အဖွဲ့ဝင်အဖြစ် ၂၀၁၂ ခုနှစ်တွင် ပါဝင်ခဲ့သည်။

အဘက်ဘက်မှ ပြည့်စုံစေရန် စီစဉ်ဆောင်ရွက်ဖွင့်လှစ်ခဲ့သော ခံ့ညားသပ်ရပ် ခမ်းနားလှပသည့် နေပြည်တော် အမျိုးသားပြတိုက်သို့ဝင်လိုက်သည်နှင့် ကျယ်ဝန်းသော ခန်းမဆောင်ဝင်ပေါက်အလယ်တွင် ကြီးမားသော မြန်မာ့ရိုးရာဆွမ်းအုပ်နီကြီးတစ်ခုကို မြင်ကြရသည်။ အဆောင်အေတွင် ခန်းမဆောင်ငယ် (Mini Theatre) တစ်ခုနှင့် အရေးကြီးပုဂ္ဂိုလ် နားနေခန်းများ၊ အများပြည်သူများ နားနေရန် နေရာများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအား ပြည်ပနိုင်ငံ ခေါင်းဆောင်များက ပေးအပ်ခဲ့သည့် လက်ဆောင်ပစ္စည်းများ ပြခန်းကို မြင်တွေ့ကြရပေသည်။

**နေပြည်တော် အမျိုးသားပြတိုက်အား နိုင်ငံတကာအဆင့်မီ ပြတိုက်ကြီးတစ်ခုအဖြစ် တည်ဆောက်နေစဉ် အဆင့်အတန်းမြင့်မား၍ ထိန်းချုပ်မှုစနစ်ကောင်းမွန် မှန်ကန်သော ခင်းကျင်းမှုများ ပြုလုပ်နိုင်ရန် အိန္ဒိယ၊ ပြင်သစ်နှင့် ဂျပန်နိုင်ငံ ပြတိုက်ပညာရှင်များထံမှ အကြံဉာဏ်များရယူခဲ့**




ယင်းပြခန်းတွင် နိုင်ငံတော်သမ္မတ၏ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း ပြည်ပနိုင်ငံအကြီးအကဲများက နိုင်ငံတော်သမ္မတသို့ ပေးအပ်ခဲ့သည့် လက်ဆောင်များနှင့် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက နိုင်ငံတော်သမ္မတအားပေးအပ်ခဲ့သည့် လက်ဆောင်ပစ္စည်းများကိုပြသထားသည်။ အရှေ့တောင်အာရှ၊ အာရှ၊ ဥရောပနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ လှပဆန်းပြားသော လက်ဆောင်ပစ္စည်းများကို ဂုဏ်ယူဖွယ် တွေ့မြင်ကြရပေသည်။

အဆောင်ဘီတွင် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့သမိုင်းတင်ခေတ်ဦးပြခန်းနှင့် သမိုင်းတင်ခေတ်ပြခန်းများ၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း ဟူ၍ အခန်းခြောက်ခန်းရှိသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် စဉ်ဆက်မပြတ်သော မြန်မာ့ယဉ်ကျေးမှု သမိုင်းကိုဖော်ထုတ်ပြသနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်းတွင် လူသားအစ မြန်မာကဟု ဂုဏ်ယူကြရမည့် လွန်ခဲ့သော နှစ်သန်းလေးဆယ်က ကျောက်ဖြစ် ရုပ်ကြွင်းများအား ပြသထားသည်။ ယင်းတို့သည် ပုံတောင်ဒေသနှင့် ဧရာဝတီကျောက်လွှာစုများမှ တွေ့ရှိခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အပင်ရုပ်ကြွင်းများဖြစ်ကြသည်။ ရှမ်းပြည်နယ်ရှိ လိုဏ်ဂူများမှ တွေ့ရှိခဲ့သော ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အင်ကြင်းကျောက် ရုပ်ကြွင်းများကိုလည်း ဒေသအလိုက် မှတ်တမ်းဓာတ်ပုံများဖြင့် ပြသထားသည်။ ယင်းတို့အနက် ပုံတောင်ကျောက်လွှာစုမှ ရရှိခဲ့သော ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများသည် သက်တမ်း နှစ်သန်းလေးဆယ်ရှိကြောင်း ပြည်တွင်းပြည်ပ ပညာရှင်များက စစ်ဆေးအတည်ပြုထားသဖြင့် လူသားမျိုးနွယ်အစ အထောက်အထားတစ်ရပ် ဖြစ်ပေသည်။

ယခင်က အာဖရိကတွင်တွေ့ရှိခဲ့သော သက်တမ်းနှစ် ၃၃ သန်းရှိ ရုပ်ကြွင်းများကို ကမ္ဘာပေါ်တွင် အစောဆုံးသော လူသားမျိုးနွယ်ဟု သတ်မှတ်ထားကြရာမှ ပုံတောင် ပရိုင်းမိတ်များသည် ယင်းယူဆချက်အား ပြောင်းလဲစေခဲ့သည်။

ယင်းခန်းမမှာပင် သက်တမ်း နှစ်သန်းလေးဆယ်ရှိသည့် သစ်ရွက်ကျောက်ဖြစ်ရုပ်ကြွင်းနှင့် မူလကြံ့မျိုးနွယ် ညာဘက် အောက်မေးရိုးတစ်ခုတို့ကိုလည်း ကြည့်ရှုခဲ့ရသည်။သက်တမ်း နှစ် သန်းဂဏန်း ရှိသည့်ဆင်အံသွား၊ တောနွားဦးခေါင်းခွံ အပိုင်းအစ၊ လိပ်ကျောရိုးဆစ်၊ မိကျောင်းသွား၊ ငါးမေးရိုး စသည်ဖြင့် များပြားလှစွာသော ရုပ်ကြွင်းများအား ပြကွက် ၂၂ ကွက် ပြသထားသည်။

မြန်မာနိုင်ငံတွင် ထွန်းကားခဲ့သော ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဒေသများမှရရှိခဲ့သော ကျောက်လက်နက်ပစ္စည်းများ၊ အညာသား ကျောက်ခေတ် ယဉ်ကျေးမှု အထောက်အထားများကို သမိုင်းမတင်မီခေတ်ပြခန်းတွင်မြင်ကြရသည်။ မှတ်တမ်းတင် အထောက်အထားမရှိသေးသည့်ခေတ်ကို သမိုင်းမတင်မီခေတ်ဟု ပညာရှင်များက သတ်မှတ်ကြသည်။ ထိုခေတ်က မြန်မာနိုင်ငံတွင် တည်ရှိခဲ့သော နေရာဒေသများအနက် ကမ္ဘာကျော် ပြဒါးလင်းဂူနှင့် ကြေးခေတ်ထွန်းကားခဲ့သော ပျော်ဘွယ်မြို့နယ် ကြို့ကုန်း တူးဖော်မှုတို့ကို ပုံစံတူများပြုလုပ်ပြသထားသည်။ ယင်းပြခန်းတွင် ပြကွက် ၁၅ ကွက်ပြသထားပြီး ပြဒါး လင်းဂူနံရံတွင် ကျောက်ခေတ်လူသားများရေးဆွဲခဲ့သည့် ပန်းချီပုံ ၁၂ ပုံ ရော်ဘာတံဆိပ်တုံးများနှင့်စက္ကူရွက်အလွတ်များကိုချပေးထားသဖြင့် ယင်းပုံများကို စက္ကူပေါ်တွင် မင်နှိပ်ကာ ယူသွားနိုင်ရန်စီစဉ်ထားမှုသည် ထူးခြားကောင်းမွန်လှပေသည်။

သမိုင်းတင်ခေတ်ဦးပြခန်းတွင် ပြကွက် ၂၆ ကွက် ပါဝင်သည်။ အရိုးအိုးများ၊ ရွှေငွေအဆင်တန်ဆာများ၊ လက်ဝတ် ရတနာများ၊ အုတ်ချပ်များ၊ ကျောက်စာများကို ပြသထားသည်။ ယင်းတို့အနက် ပျူခေတ်လက်ရာ နယားခေါင်းပုံရွှေလက်ကြပ်၊ ဆင်သုံးကောင်ပါ ကျောက်ဆွဲကြိုး၊ မဟာယနကြေးခေါင်းလောင်းတို့သည် အထူးဆွဲဆောင်မှုရှိသည့် ပြကွက်ပစ္စည်းများဖြစ်ကြပေသည်။ ယင်းပြခန်းတွင် ပြသထားသည့် သရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် ရွှေပေလွှာများသည် မြန်မာနိုင်ငံတွင် ခရစ်နှစ်ဦးပိုင်းကပင် ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြောင်းဖော်ညွှန်းသည့် အထောက်အထားများဖြစ်ကြသည်။ ပျူခေတ် ငွေဒင်္ဂါးနှင့် ပျူဘုရင် သီရိဝိကြမမင်း၏ ကျောက်အရိုးအိုးကိုလည်း လေ့လာနိုင်ကြသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာနှင့် ဗိဿနိုးမြို့ဟောင်းများ၏ ပုံစံငယ်များကိုလည်း ပြသထားသည်။

မြန်မာနိုင်ငံ၏ သမိုင်းတင်ခေတ်ဖြစ်သည့် အေဒီ ၁၁ ရာစုမှ အေဒီ ၁၃ ရာစုအထိ အပိုင်းအခြားကာလ၊ ပုဂံခေတ်စေတီအချို့၏ စကေးကိုက်ပုံစံတူများ၊ ဗုဒ္ဓဆင်းတုတော်များ၊ အင်္ဂတေပန်းများ၊ စဉ့်ပန်းဝိုင်းများ၊ အန္တဂူရုပ်ကြွများကိုလည်း ပြသထားရာ စုစုပေါင်း ပြကွက် ၃၀ ရှိသည်။ ပြခန်းအလယ်တွင် ပုဂံခေတ် သာသနိက အဆောက်အအုံကို ပုံစံတူပြုလုပ်ပြသထားသည်။ ပုဂံခေတ် အုတ်ခွက်ဘုရားများ၊ ရွှေ၊ ငွေ ဗုဒ္ဓဆင်းတုတော်များ၊ ပုဂံခေတ် ပန်းတော့နှင့် ပန်းရန်လက်ရာများကို အထူးပြုဖော်ထုတ်ထားသည်။

ပြကွက် ၁၂ ကွက်ရှိသည့် မြန်မာ့ပန်းချီပြခန်းတွင် မြန်မာ့ပန်းချီဆင့်ကဲ တိုးတက်လာပုံ၊ ပြဒါးလင်းဂူနှင့် ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်းခေတ်များမှ နံရံပန်းချီများ၊ ပုရပိုက်ပန်းချီများ၊ ရှေးရိုးပန်းချီများ၊ ခေတ်ပြိုင် ပန်းချီများ၊ ခေတ်ပေါ်ပန်းချီများနှင့် ဂန္ထဝင်ပန်းချီကားများကိုပြသထားရာ ဆရာခ၊ ဦးဘညာဏ်၊ ဦးငွေကိုင်၊ ဦးချစ်မြဲ၊ ပေါ်ဦးသက်စသော အကျော်အမော် ပန်းချီဆရာများ၏လက်ရာများကို ကြည့်ရှုနိုင်ကြပေသည်။ ရှေးရိုးမြန်မာပန်းချီပညာရပ်အား ခံစားနိုင်ကြစေရန်နှင့် ရိုးရာ နိပါတ်ပန်းချီကားများကို ဖော်ထုတ်ထိန်းသိမ်း ပြသနိုင်ရန် ရည်ရွယ်သည့် မြန်မာ့ပန်းချီပြခန်းသည် ကြည့်ရှုကြသူတိုင်းကို အထူးစိတ်ဝင်စားစေသည်။

မြန်မာ့အနုသုခုမပြခန်းကို ကြွယ်ဝလှသော မြန်မာတို့၏ ရိုးရာဖျော်ဖြေတင်ဆက်မှု အနုပညာများကို လေ့လာနိုင်စေရန်၊ မြန်မာတိုင်းရင်းသားတို့၏ တူရိယာပစ္စည်းများနှင့် ရိုးရာပွဲတော်များကို လေ့လာနိုင်စေရန်၊ မြန်မာ့အနုပညာကိုချစ်ခင်မြတ်နိုးတတ်စေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ခင်းကျင်းပြသထားသည်။

*စာမျက်နှာ ၁၇ သို့*

## မိုးမိတ်မြို့တွင် (OSS ) ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံးစတင်ဖွင့်

**မိုးမိတ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်အတွင်းမှ ပြည်သူတို့နှင့် နေ့စဉ်ထိတွေ့ ဝန်ဆောင်မှုပေးနေရသည့်ဌာနများကို တစ်နေရာတည်းတွင် စုပေါင်းဖွင့်လှစ်သည့် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး (One Stop Shop) ကို မိုးမိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအတွင်း၌ ဩဂုတ် ၁၇ ရက်မှ စ၍ ခရိုင်အုပ်ချုပ်ရေးမှူးက ဦးဆောင်၍ ဖွင့်လှစ်ထားကြောင်းနှင့် OSS ရုံးမန်နေဂျာအဖြစ် ခရိုင်ဦးစီးအရာရှိက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ဝန်ဆောင်မှုပေးမည့်ဌာနများအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းစုစုပေါင်း ခုနစ်ဌာနဖြင့် စတင်ဖွဲ့စည်းထား၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ပျိုရွယ်သူကျန်းမာရေးအသိပညာ ပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာ အုပ်စု အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၁ ရက် နံနက် ၁၀နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပျိုရွယ်သူကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် (ခေတ္တ) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်ဦးက ဆယ်ကျော်သက်အရွယ် ခန္ဓာကိုယ်အဆင့်ဆင့်ပြောင်းလဲလာပုံ၊ H.A(1) ဒေါ်မြင့်မြင့်သန်းက ဆယ်ကျော်သက်အရွယ်များ တွေ့ကြုံရတတ်သော အကြမ်းဖက်အန္တရာယ်များအကြောင်းနှင့် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ခင်မျိုးလွင်က မျိုးဆက်ပွားကျန်းမာရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပျိုရွယ်သူကျန်းမာရေးအသိပညာပေးစကားဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဟောပြောပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဟောပြောခြင်းနှင့် စံပြနို့တိုက်မိခင်ပြိုင်ပွဲ၊ အာဟာရချက်ပြုတ် သရုပ်ပြပွဲကို ဩဂုတ် ၂၁ ရက်က ဥတ္တရသီရိမြို့နယ်ခုတင် ၅၀ ဆေးရုံ၌ ကျင်းပသည်။




ရှေးဦးစွာ ဥတ္တရသီရိမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲဖြိုးနှင့် ဆရာမ ဒေါ်ရီရီအေးတို့က အာဟာရအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေစင်ဝင်းက ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝစေရေးအတွက် ကြက်ဥ၊ အိုင်အိုဒင်းဆား၊ ကွေကာ၊ မုန့်နှင့် ထောက်ပံ့ငွေများနှင့် စံပြနို့တိုက်မိခင်ပြိုင်ပွဲတွင် ဆုရရှိခဲ့သူများကို ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

# မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် HIV ကာကွယ်ရေးသင်တန်းပို့ချ

**မူဆယ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် HIV ကာကွယ်ရေးလုပ်ငန်း အထောက်အကူပြုသင်တန်းကို ဩဂုတ် ၂၀ ရက်က မူဆယ်မြို့ရှိ Twin Star ဟိုတယ်၌ ကျင်းပသည်။

မူးယစ်ဆေးဝါးကြောင့်ဖြစ်ပွားသော HIV ကာကွယ်တားဆီးရေးအတွက် ကာကွယ်ကုသခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်လျှော့ချရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ကဏ္ဍပေါင်းစုံမှဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ရန် အမှန်တကယ်လိုအပ်ပါကြောင်း၊ တားဆီးနှိမ်နင်းရေးအပိုင်းတွင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နေရာဒေသအသီးသီးတွင် စစ်ဆင်ရေးလုပ်ငန်းများ၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် မူးယစ်ဆေးသုံးစွဲသူများအား ဆေးဖြတ်ကုသခြင်းနှင့် ပညာပေးလုပ်ငန်းကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မူဆယ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းခမ်းမြတ်ကလည်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပွားသော HIV ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အယ်လ်စိုး(ပြန်/ဆက်)**

**စာမျက်နှာ ၁၆ မှ**

ယင်းပြခန်းတွင် မြန်မာ့ရိုးရာ မင်္ဂလာဆိုင်းဝိုင်း၊ မြန်မာ့ရိုးရာကဇာတ်စင်၊ မြန်မာ့ရုပ်သေးစင်တို့ကို မြင်တွေ့နိုင်သည်။ ပြကွက် ၃၀ ခွဲကာ ခေတ်အဆက်ဆက် တူရိယာပုံများ၊ ကြေး၊ ကြိုး၊ သားရေ၊လေ၊ လက်ခုပ်ပစ္စည်းများ၊ တိုင်းရင်းသားများ၏ အမှတ်သင်္ကေတ၊ ရိုးရာပွဲတော်၊ မြန်မာ့ဇာတ်သဘင် ရှင်းလင်းချက်၊ ကဗျာလွတ်အကစသည်တို့ကို ခေတ်မီရုပ်သံစနစ်များဖြင့် ပြသထားပေသည်။ ထိုပြခန်းမှပင် နိုင်ငံကျော် ဆိုင်းဆရာများ၏ ရုပ်ပုံများနှင့် ဆိုင်းတီးလုံးများကို ကြည့်ရှုနားထောင်ခဲ့ရသဖြင့် မိမိတို့လူမျိုး၏ အနုပညာအပေါ် ပိုမိုမြတ်နိုးမိခဲ့ပေသည်။ နေပြည်တော် အမျိုးသားပြတိုက်သို့ရောက်ရှိ ကြည့်ရှုခဲ့စဉ် အန္တဂူရုပ်ကြွများကို ကျွန်တော် အထူး စိတ်ဝင်စားခဲ့မိသည်။

အန္တဂူရုပ်ကြွများသည် သေးငယ်သော အန္တဂူကျောက် (Dolomite Stone) ကို ဗုဒ္ဓဝင်ရှစ်ခန်း၊ ခြောက်ခန်းစသည်ဖြင့် ဗုဒ္ဓဖြစ်စဉ်တော်များကို အနုစိတ် ထုလုပ်ထားသည့် ကျောက်ဆစ်ပန်းတမော့လက်ရာများ ဖြစ်သည်။ ကြီးမားသော ဗုဒ္ဓဝင်ရှစ်ခန်းဆင်းတုများကို အိန္ဒိယနိုင်ငံတွင်တွေ့ရသော်လည်း သေးငယ်သော အန္တဂူရုပ်ကြွဆင်းတုတော်များကို မြန်မာနိုင်ငံတွင်သာ တွေ့ရသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဝင်ရှစ်ခန်းပါ အန္တဂူရုပ်ကြွများကို ခရစ်နှစ် ရှစ်ရာစုနှင့် ၁၁ ရာစုအတွင်း ထုလုပ်ခဲ့ကြသည်ဟု ပညာရှင်များကယူဆကြသည်။ အန္တဂူ ရုပ်ကြွများကို ဘုရားဌာပနာများနှင့် ဆင်းတုတော် ဌာပနာများအတွင်းမှတွေ့ရှိရပြီး ယင်းတို့ကို ဗုဒ္ဓဝင် ရှစ်ခန်းအပြင် သတ္တဌာန ခုနစ်ဌာန၊ သံဝေဇနီယ လေးဌာနတို့ကိုလည်း ထုဆစ်လေ့ရှိသည်။ ပုဂံခေတ် အန္တဂူရုပ်ကြွများသည် အမြင့်သုံးလက်မခွဲမှ ရှစ်လက်မခန့်အထိရှိကြသည်။ သေးငယ်သော အန္တဂူများသည် အနုစိတ်ထွင်းထုထားသော ရုပ်လုံးရုပ်ကြွများဖြင့် ပြည့်နေကာ အလွန်သေသပ်လှပသည်။ ရုပ်ကြွမျက်နှာပြင်ပေါ်တွင် ထုဆစ်ထားသော အချို့သော ရုပ်လုံးများသည် စပါးလုံးတစ်ထောက်မျှလောက်သာရှိသဖြင့် မြန်မာတို့၏ ပြောင်မြောက်သည့် အနုလက်ရာများကို အံ့မခန်း မြင်တွေ့ခဲ့ရပေသည်။

ခရစ်နှစ် ၁၂ ရာစုတွင် ပုဂံဒေသ၌ ဇေယျသူ တည်ထားကိုးကွယ်ခဲ့သော ဘုရားအမှတ် (၂၁၁၈) သည် ဥပါလိသိမ် မြောက်ဘက်တွင်ရှိသည်။

ယင်းစေတီ မှရရှိခဲ့သည့် အကျယ် သုံးလက်မ၊ အမြင့် ငါးလက်မသာရှိသည့် လက်ဖဝါးအရွယ် အန္တဂူတွင် အရုပ်ငယ်လေးပေါင်း ၇၈ ခု ကို အနုစိတ်ထွင်းထုထားသည်ကို မြင်တွေ့ကြရသည်။

ယင်း အန္တဂူရုပ်ကြွသည် အလွန်လက်ရာမြောက်ပြီး မည်သည့်တန်ဆာပလာများဖြင့် ထုလုပ်ခဲ့သည်ကို မသိနိုင်သော်လည်း လက်ရာရှင်၏ အနုသုခုမသည်ကား အံ့ချီးမကုန်နိုင်ပါချေ။

ပြတိုက်မှ ပြန်ထွက်ခဲ့သည်အထိ ကြည့်မဝနိုင်ခဲ့သည့် နေပြည်တော် အမျိုးသားပြတိုက်သည် "ပြတိုက်နှင့်စာကြည့်တိုက်များအား မြန်မာ့အမျိုးသားယဉ်ကျေးမှုဆိုင်ရာ ဗဟိုဌာနများအဖြစ်လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အသိပညာဗဟုသုတများ၊ အမွေအနှစ်များ၏ သတင်းအချက်အလက် ဗဟိုဌာနအဖြစ်လည်းကောင်း ဆောင်ရွက်ရန်"ဟူသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ရည်မှန်းချက်များအတိုင်း ခင်းကျင်းပြသထားမှုများအား များစွာကျေနပ်မိသည်နှင့်အညီ နောက် အခေါက်ပေါင်းများစွာ သွားရောက်ကြည့်ရှုလိုစိတ်များ ဖြစ်ပေါ်မိခဲ့ပါသည်။

# ကျုံတနီးကျေးရွာတွင် မီးငြိမ်းသတ်ယာဉ် ပေးအပ်

**ခနော့ဖြူ ဩဂုတ် ၂၄**

ခနော့ဖြူမြို့နယ် ကျုံတနီးကျေးရွာအုပ်စု ကျုံတနီးကျေးရွာ ကျုံတနီးတံတားထိပ် ယာယီမီးသတ်ရုံး၌ ဩဂုတ်လတတိယပတ်က မီးဘေးလုံခြုံရေး အသုံးပြုရန်အတွက် ရေဂါလန် ၁၀၀၀ခန့် ဝင်ဆံ့သော ချက်ပလက်အမျိုးအစား မီးငြိမ်းသတ်ယာဉ် ပေးအပ်ပွဲကိုကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ဦးစောမင်းသူက ရေဂါလန် ၁၀၀၀ ခန့်ဝင်ဆံ့သော ချက်ပလက်အမျိုးအစား မီးငြိမ်းသတ်ယာဉ်နှင့် မှတ်တမ်းများပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင့်ဝေနှင့် ကျေးရွာအရန် မီးသတ်တပ်ခွဲမှူး ဦးမောင်ဝင်းတို့က လက်ခံယူခဲ့ကြသည်။

ဆက်လက်၍ မီးသတ်မော်တော်ယာဉ်မှ ရေပိုက်များတပ်ဆင်၍ ရေဖျန်းခြင်း သရုပ်ပြပွဲ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးသင်တန်းဖွင့်

**စဉ့်ကိုင် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးသိုက်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။

**တင်တင်ထွေး(စဉ့်ကိုင်)**



# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ကျင်းပ

**မိုးမောက် ဩဂုတ် ၂၄**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် အာဟာရပြည့်ဝမျှတသည့် အစားအစာသရုပ်ပြပွဲကို ဩဂုတ်လတတိယပတ်က ကျင်းပသည်။

အခမ်းအနားတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါးဝါးဒင်းက အိုင်အိုဒင်းဆားအကြောင်း အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းကာ အာဟာရပြည့်ဝမျှတသည့် အစားအစာချက်ပြုတ်နည်းသရုပ်ပြရာ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်သန်းသန်းအေးက ပါဝင်ပစ္စည်းများရှိ အာဟာရဓာတ်အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအား ငွေကျပ်သိန်း ၁၂၀၀ ကျော်ရှိ ပစ္စည်းများလှူဒါန်း

**တာချီလိတ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေတောင်ဦး ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်ကို အမှူးထား၍ တတိယအကြိမ်မြောက် စေတနာရှင်အလှူရှင်များ စုပေါင်းလှူဒါန်းထားသော ငွေကျပ်သိန်း ၁၂၀၀ ကျော် တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီးမှ ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

တတိယအကြိမ်အဖြစ် သွားရောက်လှူဒါန်းရာတွင် ရေဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ပစ္စည်းမျိုးစုံ အိတ်တစ်အိတ်နှုန်းဖြင့် အိတ် ၂၅၀၀ နှင့်အိမ်ထောင်စု ၃၂၈၀ အတွက် အဝတ်အထည်အထုပ်အကြီး ၁၆၄ ထုပ်ဖြစ်ရာ စုစုပေါင်း အိမ်ထောင်စု ၅၇၈၀ အတွက် ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

**လှငွေး(ပြန်/ဆက်)**




# ရေစကြိုမြို့နယ်တွင် ယခုနှစ်မိုးစပါး လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ခြင်းမရှိသေး

**ရေစကြို ဩဂုတ် ၂၄**

ရေစကြိုမြို့နယ်မှ တောင်သူများသည် ရွှံ့နွံတင်ကျန်ရစ်သော စိုက်ခင်းများတွင် စပါးစိုက်ပျိုးနိုင်ခြင်းမရှိသေးဘဲ မြစ်ရေဝင်ရောက်ခြင်းမရှိသည့် စိုက်ဧကများနှင့် ရွှံ့နွံတင်ကျန်ခြင်းမရှိသည့် လယ်ယာမြေများတွင်သာ စပါးပျိုးပင်များအား စိုက်ခင်းအတွင်းချ၍ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြစ်ရေဝင်ရောက်ခြင်းမရှိသည့် စိုက်ခင်းအချို့တွင် ပျိုးသက်တစ်လသားအရွယ်ရှိ ဆင်းသုခစပါး ပျိုးပင်များအား စိုက်ခင်းအတွင်း စိုက်ပျိုးလျက်ရှိသည်။ ချင်းတွင်းမြစ်ကမ်းအနီးရှိ ရွှေချောင်း လျှပ်စစ်မြစ်ရေတင် မိုးစပါးစိုက် ဧကများနှင့် ကျွန်းထဲကျေးရွာများမှ မိုးစပါးစိုက်ဧကများတွင် ရွှံ့နွံများ တင်ကျန်ရစ်သဖြင့် ယခုအချိန်အထိ စပါးစိုက်ပျိုးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

"စိုက်ခင်းတွေထဲမှာ ရွှံ့နွံတွေ တင်ကျန်ခဲ့တာ နှစ်ပေလောက်ရှိတယ်။ စပါးကတော့ ဒီနှစ်စိုက်လို့ ရတော့မလားတောင် မသိဘူး။ စပါးစိုက်မရပေမယ့် မြေပဲနဲ့ ပဲအမျိုးမျိုးကိုတော့ စိုက်လို့ရပါတယ်။ စပါးစိုက်မရရင်တော့ စိုက်လို့ရတဲ့ သီးနှံကိုတော့ အချိန်မီအောင် မဖြစ်မနေစိုက်ကြရမှာပါ" ဟု ပေါက်တောကျွန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။



ကန်ထောင့်ကျေးရွာမှ တောင်သူ ဦးမြင့်သန်းက"ရွာမှာ အခုထိ နေအိမ်ခြံဝင်းတွေထဲမှာ ရွှံ့နွံတွေက ဒူးဆစ်လောက်အထိ ရှိနေသေးတယ်။ စိုက်ခင်းတွေထဲဆိုရင် တချို့ နုန်းပိုများတဲ့ နေရာတွေက နှစ်ပေခွဲလောက်အထိ နုန်းတွေရှိနေသေးတယ်။ နှစ်တိုင်းလို ထွန်ယက်ပြီး စိုက်လို့တော့မရဘူး။ နွံတွေနဲ့ဆိုတော့ ရွှံ့ထဲ နွားရော ထွန်စက်ပါ မရုန်းနိုင်ဘူး။ နုန်းခြောက်အောင် စောင့်ပြန်ရင်လည်း တော်သလင်းလလောက်မှ နုန်းကခြောက်မှာဆိုတော့ စိုက်ချိန်နောက်ကျသွားမှာ စိုးရတယ်။ တောင်သူတချို့က နုန်းပြင်ပေါ်ကို ထယ်ဆံကျဲ စိုက်နည်းနဲ့လည်း စိုက်နေကြတယ်။ စပါးစေ့ကို အစေ့ချ နောက်ဆုတ်စိုက်နည်းနဲ့လည်း စိုက်နေကြတယ်။ ထယ်ဆံကျဲစိုက်နည်းနဲ့ စိုက်တာက စပါးကိုသင့်တော်သလောက် လက်နဲ့ဆုပ်ပြီးတော့ သင့်တော်သလောက် စိုက်ခင်းထဲကျဲပက်တာပါ။ စပါးက စိပ်တဲ့နေရာစိပ် ကျဲတဲ့နေရာကျဲနဲ့ ပေါက်လာမှာဆိုတော့ ထယ်ဆံကျဲစိုက်နည်းက အထွက်နှုန်းတော့ တော်တော်လျော့မှာပဲ။ တိုက်ရိုက်အစေ့ချ နောက်ဆုတ်စိုက်ရင်တော့ ပျိုးပင်ကို စိုက်သလိုမျိုးပဲ ကောင်းတော့ကောင်းပေမယ့် နုန်းထုကတော်တော်ထူတော့ စိုက်ခင်းထဲ ရေကြာကြာနေမှာမဟုတ်ဘူး။ ကျွန်တော်တို့ရွာမှာ စိုက်ဧက သုံးပုံ နှစ်ပုံက နုန်းဖုံးသွားပါတယ်။ ကန်သင်းရိုးကိုတောင် မမြင်ရတော့ဘူး။ ကိုယ့်စိုက်ခင်း သူ့စိုက်ခင်းကို ကန်သင်းရိုးကို မှန်းပြီးတော့ ခြေထောက်နဲ့နင်းပြီး လိုက်စမ်းရှာပြီး မှတ်သားရပါတယ် " ဟု ပြောသည်။

ရေစကြိုမြို့နယ် အတွင်းတွင် ၂၀၁၅-၂၀၁၆ ခုနှစ် လျာထားချက်အရ မိုးစပါးစိုက်ဧက ၃၀၇၇၆ ဧက စိုက်ပျိုးရန် လျာထားထားရှိသော်လည်း ပျိုးပင်များ စိုက်ခင်းအတွင်းချကာ စိုက်ပျိုးချိန်သို့ ရောက်ရှိပြီ ဖြစ်သော်လည်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ကြခြင်းမရှိသေးဟု သိရသည်။ **အိမွန်ဆွေ(ရေစကြို)**



# မူဆယ် ၁၀၅ မိုင်၌ တရားမဝင် နွား ၂၅ ကောင် ဖမ်းဆီးရမိ

**မူဆယ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ် မူဆယ်ခရိုင် ၁၀၅ မိုင်ရှိ မိုဘိုင်းလှုပ်ရှားမှုအဖွဲ့မှ မူဆယ်-နမ့်ခမ်းပြည်ထောင်စုလမ်း ခိုဒေးလမ်းခွဲ၌ ယာဉ်အမျိုးအစား NISSAN ၊ (2C/...) ၁၂ ဘီးယာဉ်ကို ဩဂုတ် ၂၂ ရက်က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ထဲတွင် တရားမဝင် သယ်ဆောင်လာသော နွားကောင်ရေ ၂၅ ကောင် စစ်ဆေးတွေ့ရှိရပြီး အဆိုပါ နွား ၂၅ ကောင်နှင့် ယာဉ်ကို ဩဂုတ် ၂၂ ရက်က မူဆယ်မြို့ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနသို့ လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း လွှဲပြောင်းပေးအပ်ထားကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

## သတင်းတိုများ

### ဖရူဆိုမြို့၌ ဖုန်းလိုင်းများရရှိ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းဆင်းကတ်များအား ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ရာ ကယားပြည်နယ် ဖရူဆိုမြို့နယ်တွင်လည်း ဒေသခံပြည်သူများက များစွာဝယ်ယူအားပေးခဲ့ကြသည်ကို တွေ့ရှိရသည်။

ယခင်က GSM /CDMA ၊ Telenor၊ Ooredoo ဆင်းကတ်များက လွိုင်ကော်နှင့် ဒီမောဆိုမြို့နယ်များတွင်သာ လိုင်းမိ၍ ဖရူဆိုတွင် မမိကြောင်း၊ ယခုနှစ် ဇူလိုင်လပထမပတ်အတွင်း Ooredoo ကုမ္ပဏီက ဖုန်းလိုင်းများ ဖွင့်လှစ်ပေးခဲ့ရာ ဖရူဆိုမြို့နယ်တွင် ဆက်သွယ်လာနိုင်ပြီး ဩဂုတ် ၂၀ ရက် ၆ နာရီ ဝန်းကျင်တွင် Telenor ကလည်း စတင် စမ်းသပ်ထုတ်လွှင့်ပေးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ဖရူဆိုမြို့နယ် ဒေသခံပြည်သူများအနေဖြင့် ယခင်က အင်တာနက်လိုင်း၊ တယ်လီဖုန်းလိုင်းများ မရှိခဲ့သော်လည်း ယခုအခါ CDMA 800 ၊ Telenor ၊ Ooredoo ရှိနေပြီးဖြစ်၍ များစွာကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ဦးကျော် (ဖရူဆို)**

### သောက်သုံးရေကန်နှင့် ရေတွင်းများအား ကလိုရင်းဆေးခတ်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်သောဒေသများရှိ သောက်သုံးရေကန် ၇၃၂ ကန်၊ သောက်သုံးရေတွင်း ၁၄၆ တွင်းအား ကလိုရင်းဆေးခတ်ခြင်းကို မြို့နယ်ဆရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးမှူး လေးဦး၊ ဆရာမ လေးဦး၊ သားဖွားဆရာမ ၁၉ ဦး၊ ကြီးကြပ်(၂ ) ၁၈ ဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်းများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။ ကလိုရင်း ဆေးခတ်သော ရေကို သုံးစွဲခြင်းကြောင့် ကာလဝမ်းရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါများကို ကာကွယ်နိုင်ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

### မြန်မာ-ထိုင်း လူကုန်ကူးမှုဆိုင်ရာ ပူးပေါင်းအသိပညာပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျိုင်းလပ်မြို့နယ် ပန်ပဲ(အောက်)ကျေးရွာ နှစ်ခြင်းအသင်းတော် ဘုရားရှိခိုးကျောင်း၌ လူကုန်တားရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ၊ ချင်းရိုင်းခရိုင်ရှိ အာခါတိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားရှိသော New Life Foundation တို့ပူးပေါင်းပြီး လူကုန်ကူးမှုအသိပညာပေးနှင့် ထိုင်းနိုင်ငံတွင် ပြဋ္ဌာန်းထားရှိသော အလုပ်သမားအခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ရဲအုပ်လှဘုန်းက လူကုန်ကူး/လူမှောင်ခို၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေများကို ဖြစ်စဉ်များရှင်းလင်းပြီးနောက် New Life Foundation မန်နေဂျာ ဒေါ်မီချူး ဦးဆောင်သောအဖွဲ့က ထိုင်းနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ အလုပ်သမားများ ကာကွယ်ပေးခြင်းဆိုင်ရာ တာဝန်နှင့်လုပ်ဆောင်ချက်များ၊ လုပ်ငန်းတာဝန်ရပ်ဆိုင်းခြင်းနှင့်နစ်နာကြေးဆိုင်ရာ သိသင့်သိထိုက်သည့် အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

### မြစိမ်းရောင်စီမံကိန်း ငွေစာရင်းထိန်းသိမ်းမှုသင်တန်းပို့ချ

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများ၏ ငွေစာရင်းထိန်းသိမ်းမှုသင်တန်းကို ဩဂုတ် ၂၂ ရက်က ရွှေပွင့်လင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ငွေစာရင်းထိန်းသိမ်းမှုသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အဆိုပါစီမံကိန်းသည် ရွာငံမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာပေါင်း ၂၀ ရွာကို အရင်းမပျောက်မတည်ငွေထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရွာငံ)**

### ရေကျသွားပြီဖြစ်သဖြင့် ကျောင်းများပြန်ဖွင့်

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် ပညာသင်ကြားရေးအတွက် သွားလာရာတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အန္တရာယ်ရှိနိုင်သဖြင့် ဩဂုတ် ၆ ရက်က စ၍ ကျောင်းများ ယာယီပိတ်ခဲ့ရပြီး ယခုအခါ ရေများပြန်လည်ကျဆင်းလာပြီဖြစ်သဖြင့် ကျောင်းတချို့ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ဩဂုတ် ၂၀ ရက်က အမက (ကံစု)၊ အလက(ဆင်ကောင်းကြီး)နှင့် အမက(ခွဲ)(ပြန့်ကြီး)တို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ရေပြန်လည် ကျဆင်းမှုနှင့် ဘေးကင်းမှုအပေါ် မူတည်၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ဘီလ်ဘာအိုတို့ နောက်တစ်ဆင့်တက်မယ့် ယူရိုပါလိဂ်



ယူရိုပါလိဂ်ခြေစစ်ပွဲ play-offs ဒုတိယအကျော့ပွဲစဉ်တွေကို ဩဂုတ် ၂၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အမှားမခံတော့တဲ့ ဒီပွဲစဉ်တွေမှာတော့ အသင်းတိုင်းခြေကုန်ထုတ်ကြမှာဖြစ်သလို ပြတ်သားတဲ့ရလဒ်ကို အပြိုင်ပုံဖော်ကြမှာဖြစ်တာမို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရဦးမှာဖြစ်ပါတယ်။ ပထမအကျော့ပွဲစဉ်တွေမှာ ရလဒ်ပြတ်သားခဲ့တဲ့ အသင်းတွေအတွက် ဖိအားကင်းကင်းနဲ့ ကစားနိုင်ပေမယ့် ဒီပွဲရလဒ်က အဆုံးအဖြတ်ဖြစ်နေတဲ့ အသင်းတွေကတော့ အိတ်သွန်ဖာမှောက် ခြေကုန်ထုတ်ကြရဦးမှာဖြစ်ပါတယ်။

**ဘီလ်ဘာအိုနှင့် ဇီလီနာ**

ပထမအကျော့ ဇီလီနာကွင်းမှာ အိမ်ရှင်တို့ သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ခဲ့ပေမယ့် အိမ်ကွင်းမှာ ထိပ်တန်းအသင်းတွေကိုတောင် အနိုင်ကစားထားတဲ့ ဘီလ်ဘာအိုတို့ကတော့ ပြတ်သားတဲ့ရလဒ်ကို အစွမ်းကုန်ပုံဖော်ပါလိမ့်မယ်။ ဘာစီလိုနာကို ကျော်ဖြတ်ပြီး စပိန်စူပါဖလားကို ရယူထားတဲ့ ဘီလ်ဘာအိုတို့အတွက်ကတော့ နောက်ဆုံးစက္ကန့်အထိ တိုက်ပွဲဝင်သွားမှာဖြစ်ပြီး ဂိုးတွေရအောင် သွင်းယူပါလိမ့်မယ်။ ဇီလီနာတို့ဟာ ယူရိုပါလိဂ်မှာ မှတ်တမ်းကောင်းမရှိတာမို့ အခုပွဲမှာ ဘီလ်ဘာအိုတို့ နိုင်ပွဲရအောင်ပုံဖော်ပြီး နောက်တစ်ဆင့်တက်ရေး အားထုတ်ပါလိမ့်မယ်။

**မစ်ဂျေလန်းနှင့် ဆောက်သမ်တန်**

ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ အခုပွဲက ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဆောက်သမ်တန်တို့က ဒီနှစ်မှာ ပုံမှန်ခြေစွမ်းရအောင် ရုန်းကန်နေရဆဲဖြစ်ပြီး ပထမအကျော့တစ်ဂိုးစီသရေဖြစ်ခဲ့တာမို့ အခုပွဲမှာ ရုန်းကန်ရတော့မှာဖြစ်ပါတယ်။ ဆောက်သမ်တန်ရဲ့ ခြေစွမ်းက အားရစရာမရှိသေးတာမို့ အခုပွဲမှာ အိမ်ရှင်မစ်ဂျေလန်းရဲ့ မာကျောတဲ့ကစားကွက်အောက်မှာ နစ်မြုပ်သွားရဦးမယ့် အခြေအနေပါပဲ။

**ရိုဆင်ဘော့နှင့် စတူအာဘူခါရက်**

ပထမအကျော့အိမ်ကွင်းမှာ သုံးဂိုးပြတ်အနိုင်ရခဲ့တဲ့ စတူအာဘူခါရက်တို့ကတော့ အခုပွဲမှာ ဖိအားနည်းနည်းနဲ့ ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ရိုဆင်ဘော့တို့က လောလောဆယ်မှာ နိုင်ပွဲတွေဆက်တိုက်ရရှိနေတာမို့ အခုပွဲမှာ စတူအာဘူခါရက်တို့ မလွယ်ပါဘူး။ စတူအာဘူခါရက်တို့ ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်ရင် အနိုင်ဆိုတာ ရိုဆင်ဘော့တို့အတွက်ပဲဖြစ်မှာပါ။

**ကိုင်ရတ်နှင့် ဘော်ဒိုး**

ဘော်ဒိုးတို့က အိမ်ကွင်းမှာဆိုရင် နိုင်ပွဲရအောင် ကစားတတ်ပါတယ်။ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဘော်ဒိုးတို့ ရှုံးပွဲမရှိခဲ့တာမို့ အခုပွဲမှာ ကိုင်ရတ်တို့ အိမ်ကွင်းဆိုပေမယ့် ခက်ခဲမယ့်ပွဲပါပဲ။ ဘော်ဒိုးတို့က ပုံမှန်ခြေစွမ်းရရှိနေပြီး ကိုင်ရတ်တို့က ခြေစွမ်းအတက်အကျဖြစ်နေတာမို့ အခုပွဲမှာ ဘော်ဒိုးတို့အတွက် နောက်တစ်ဆင့်တက်ရေး သေချာစေမယ့် ရလဒ်ကို ပိုင်ဆိုင်ဖို့ များနေပါတယ်။

**ဖီနာဘာချီနှင့် အက်ထရိုမီတို့စ်**

ဖီနာဘာချီမှာ ဗန်ပါစီက ခြေစွမ်းပြနေပြီး ဂိုးတွေလည်းသွင်းယူပေးနေပါတယ်။ ဖီနာဘာချီမှာ ဝါရင့်သမ္ဘာရင့်တိုက်စစ်မှူးတွေရှိနေပြီး အခုတစ်လောနိုင်ပွဲတွေလည်း ရရှိထားပါတယ်။ အက်ထရိုမီတို့စ်က ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံထားတာမို့ အခုပွဲမှာ အင်အားပြည့်ကစားမှာဖြစ်ပေမယ့် ဖီနာဘာချီကို နိုင်ဖို့တော့မလွယ်ပါဘူး။ ဖီနာဘာချီတို့ နောက်တစ်ဆင့်တက်ပါလိမ့်မယ်။

**ပါနာသီနာကိုစ်နှင့် ကာဘာလာ**

ပထမအကျော့ ဂိုးမရှိ သရေပွဲဖြစ်ထားလို့ အခုပွဲက အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ရလဒ်တွေဆက်တိုက်ကျဆင်းနေတဲ့ ပါနာသီနာကိုစ်ဟာ အခုပွဲအိမ်ကွင်းမှာ အနိုင်ရလဒ်ကို ခြေကုန်ထုတ်ပုံဖော်ပါလိမ့်မယ်။ ဒါပေမယ့် ကာဘာလာတို့က အိမ်ကွင်း၊ အဝေးကွင်းခြေစွမ်းကောင်းအောင် အားထုတ်နိုင်တာမို့ အိမ်ရှင်ဟာ ခြေကုန်လက်ပမ်းကျအောင် ကစားရမယ့်ကိန်းပါပဲ။ ဒါပေမယ့် အိမ်ကွင်းမှာ စွမ်းရည်ပြသနိုင်တဲ့ ပါနာသီနာကိုစ်တို့ပဲ အနိုင်ရလဒ်ကို သိမ်းပိုက်သွားဖို့ များပါတယ်။ ။

မိုးမြင့်လင်းလက်

---



# ဂိုးမသွင်းနိုင်လို့ တိုက်စစ်မှူးသစ်ခေါ်ဖို့ မလိုဘူးဆိုတဲ့ ဗန်ဟားလ်

မန်ယူအသင်းအတွက် ဂိုးသွင်းပေးနိုင်မယ့် တိုက်စစ်မှူးသစ်ခေါ်ဖို့ မလိုဘူးလို့ နည်းပြ ဗန်ဟားလ်က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ မန်ယူအသင်းအနေနဲ့ အိမ်ကွင်းမှာ နယူးကာဆယ်ကို ဂိုးမရှိသရေကျခဲ့ပေမယ့် တိုက်စစ်မှူးသစ်ခေါ်ယူဖို့ မလိုဘူးလို့ ဗန်ဟားလ်က ပြောဆိုလိုက်တာပါ။ မန်ယူအသင်းအနေနဲ့ နယူးကာဆယ်နဲ့ပွဲမှာ ပထမပိုင်း မိနစ် ၂၀ အတွင်း ဂိုးသွင်းဖို့ ခြောက်ကြိမ်တိုင် ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ တိုက်စစ်မှူး ရွန်းနေအနေနဲ့ နယူးကာဆယ်ကို ဂိုးသွင်းဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ရွန်းနေဟာ ၁၈ ပွဲမြောက် ဂိုးမသွင်းနိုင်ခဲ့ခြင်းလို့ ဆိုပါတယ်။ ဒတ်ခ်ျနည်းပြ ဗန်ဟားလ်အနေနဲ့ မန်ယူရဲ့ တိုက်စစ်ကို အားဖြည့်နိုင်ဖို့ ချယ်လ်ဆီးက ခေါ်ယူသွားတဲ့ ပက်ဒရိုအပါအဝင် ဂါရက်ဘေးလ်နဲ့ ဘရာဇီးစတားနေမာတို့ကိုလည်း အဓိကပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ နည်းပြဗန်ဟားလ်အနေနဲ့ ယခုအတိုင်းသာ ဆက်သွားမယ်ဆိုရင် ပရီမီယာလိဂ်ဖလား မျှော်လင့်ချက်အိပ်မက်ဟာ ပျောက်ဆုံးနေဦးမှာ ဖြစ်ပါတယ်။




# ဒီနှစ်ထဲမှာ ၂၅ ဂိုးသွင်းမယ်ဆိုတဲ့ ဘင်ဇီမာ

အာဆင်နယ်က ပစ်မှတ်ထားနေတဲ့ ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာက သူ့အနေနဲ့ ဒီနှစ်ထဲမှာ ၂၅ ဂိုးသွင်းယူမယ်လို့ ပြောဆိုလိုက်ပါတယ်။ ဘင်ဇီမာကို ခေါ်ယူဖို့ အာဆင်နယ်အသင်းဟာ အကြိမ်ကြိမ်အဆက်အသွယ်ပြုလုပ်နေတယ်လို့ ဆိုပါတယ်။ ဘင်ဇီမာဟာ ရီးရဲမက်ဒရစ်ရဲ့ အဓိကတိုက်စစ်မှူးဖြစ်ပါတယ်။ ကျွန်တော်တို့ သူ့ကိုရောင်းမှာမဟုတ်ပါဘူးလို့ နည်းပြ ဘင်နီတက်ဇ်က ပြောဆိုလိုက်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ယခုလကုန် ကစားသမားခေါ်ယူရေးကာလမပိတ်မီ အခြားတိုက်စစ်မှူးသစ်ခေါ်ယူဖို့ အစီအစဉ်မရှိဘူးလို့လည်း ဘင်နီတက်ဇ်က ဆိုပါတယ်။ ဘင်ဇီမာဟာ ဒဏ်ရာရနေဆဲဖြစ်ပေမယ့် ဒီနှစ်မှာ ရီးရဲမက်ဒရစ်အသင်းရဲ့ ထိပ်တန်းဂိုးသွင်းဘုရင်ဖြစ်ဖို့ သန္နိဋ္ဌာန်ချထားတဲ့ တိုက်စစ်မှူးဖြစ်တယ်လို့ ဆိုပါတယ်။ ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာအနေနဲ့ ဒီနှစ်ထဲမှာ အနည်းဆုံး ၂၅ ဂိုးသွင်းယူပေးသွားမယ်လို့ ဆိုပါတယ်။ ဘင်ဇီမာဟာ ၂၀၁၁-၂၀၁၂ ရာသီက ၃၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သော်လည်း ဒီနောက်ပိုင်းအောင်မြင်မှုမရဘဲ ဖြစ်နေပါတယ်။

# ခြေစွမ်းပျောက်နေတဲ့ ရှုဝိန့်စတိုက်ဂါ



နွေရာသီက ပေါင် ၁၆ သန်းနဲ့ခေါ်ယူခဲ့တဲ့ ဂျာမန်ကွင်းလယ်ကစားသမား ရှုဝိန့်စတိုက်ဂါဟာ နယူးကာဆယ်နဲ့ သရေကျတဲ့ပွဲမှာ မန်ယူအတွက် ပထမဆုံးပွဲထွက်ကစားခဲ့ပါတယ်။ ရှုဝိန့်စတိုက်ဂါဟာ လျင်မြန်မှုမရှိသလို ကြံ့ခိုင်မှုလည်း လိုအပ်နေပါတယ်။ နယူးကာဆယ်နဲ့ပွဲမှာ ၅၉ မိနစ်ကြာ ကစားခဲ့ပြီးနောက် မန်ယူနည်းပြ ဗန်ဟားလ်က မိုက်ကယ်ကာရစ်နဲ့ လူစားလဲခဲ့ပါတယ်။ ရှုဝိန့်စတိုက်ဂါဟာ ကမ္ဘာ့ဖလားနဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲများကိုတောင် အဓိက ကစားသမားအဖြစ် ကစားခဲ့သူဖြစ်ပါတယ်။ သို့ပေမယ့် မန်ယူအတွက်တော့ ခြေမပေါ်သေးဘဲဖြစ်နေပါတယ်။ ဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာကတော့ ရှုဝိန့်စတိုက်ဂါဟာ လာမယ့်သုံးနှစ်အတွင်း ပုံမှန်ခြေစွမ်းပြကစားနိုင်မှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရှုဝိန့်စတိုက်ဂါဟာ ဒီနှစ်ထဲမှာ မန်ယူကို အကောင်းဆုံးလုပ်ပေးနိုင်ဖို့ မမြင်ဘူးလို့ ဆိုပါတယ်။

ကောင်းမြတ်သူ -စုစည်းသည်။

# နမ့်တုံချောင်းကူး ယာယီတံတား ဩဂုတ်လကုန်တွင်ပြီးအောင် တည်ဆောက်မည်



**မိုင်းဆတ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ဩဂုတ် ၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျိုးကျပျက်စီးသွားသည့် မိုင်းဆတ်-မိုင်းတုံ-ပုံပါကျင်ကားလမ်းပေါ်မှ အရှည်ပေ ၈၀၊ အကျယ် ၁၈ ပေရှိ နမ့်တုံချောင်းကူးတံတားကို မိုင်းဆတ်ခရိုင်လမ်းဦးစီးဌာနက ယာယီနှစ်လွှာတစ်ထပ် သံပေါင်ဘေလီတံတားအဖြစ် တည်ဆောက်လျက်ရှိပြီး ဩဂုတ်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခု တံတားပျက်နေတော့ လူတွေကို ယာယီလူကူးတံတားကနေ ဆင်းလျှောက်ခိုင်းပြီး ကားကိုချောင်းထဲကဖြတ်မောင်းနေရတော့ မိုးမရွာရင် အဆင်ပြေပေမယ့် မိုးရွာလို့ တောင်ကျရေတွေဆင်းလာရင် ဖြတ်လို့မရတော့ပါဘူး။ အချိန်လည်း ကုန်တယ်၊ အန္တရာယ်လည်း အလွန်များပါတယ်။ အခုဒီတံတားပြန်ဆောက်နေတာ လကုန်ပြီးမယ်လို့သိရတော့ ဝမ်းသာပါတယ်"ဟု အဆိုပါ လမ်းပေါ်တွင် ပြေးဆွဲနေသော ဒိုင်ညီနောင်ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

အဆိုပါတံတားတည်ဆောက်နေမှုကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၃ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်အင်ဂျင်နီယာမှူး ဦးအောင်ညိုက တံတားတည်ဆောက်ပြီးစီးမှု၊ ပစ္စည်းစုဆောင်းထားရှိမှုနှင့် ဩဂုတ်လကုန်တွင် အပြီးတည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဆားနှင့်အသားများ ကျန်းမာရေးညီညွတ်မှု ရှိ မရှိ စစ်ဆေး

**တနင်္သာရီ ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ အိုင်အိုဒင်းပြည့်ဝမှု မရှိသည့် ဆားနှင့် ကျန်းမာရေးနှင့် မညီညွတ်သည့် အသားများကို မစားသုံးမိစေရန်နှင့် အစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် ဆားနှင့် အသားများကို အဓိကရောင်းချသည့် အောင်မင်္ဂလာ(၂) ကုန်စုံဈေးအတွင်းမှ ဈေးဆိုင်များနှင့် လက်လီလက္ကားရောင်းချသော ဈေးဆိုင်ကြီးများတွင် မြို့နယ်အစားအသောက် ကြီးကြပ်ရေးအဖွဲ့ဝင်များ ဩဂုတ် ၂၂ ရက်က စုပေါင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ပူးပေါင်းအဖွဲ့သည် ဈေးဆိုင်များတွင် ရောင်းချနေကြသည့် ဆားများ၊ သိုလှောင်ထားသည့် ဆားများတွင် အိုင်အိုဒင်းဓာတ်အပြည့်ပါဝင်မှုရှိ မရှိကို IDD Test ဆေးရည်ဖြင့်စစ်ဆေးပြီး အိုင်အိုဒင်းဓာတ် ပြည့်ဝမှုမရှိသော ဆားများကိုစားသုံးခြင်းကြောင့် ဖြစ်ပွားနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်းကို ဆိုင်ရှင်များအား အသိပညာပေး ဆွေးနွေးခဲ့ကြကာ ဆိုင်ရှင်များအနေဖြင့် ရောင်းချသော ဆားများကို ကိုယ်တိုင်စမ်းသပ်နိုင်ရန် IDD Test ဆေးဘူးများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း ဈေးအတွင်း ရောင်းချနေသော ဝက်သားများ၌ ကျန်းမာရေးကို ထိခိုက်စေသော သန်ကောင်အပါအဝင် ရောဂါပိုးများ ပါဝင်နေခြင်း ရှိ မရှိ စစ်ဆေး၍ ကျန်းမာရေးဆိုင်ရာများ ပညာပေးဆွေးနွေးခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မြစ်ကမ်းပါးပြို လူနေအိမ်အချို့ ပြောင်းရွှေ့

**စလင်း ဩဂုတ် ၂၄**

မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပြိုကျမှုကြောင့် လူနေအိမ်များအား မြစ်ကမ်းပါးနှင့် ဝေးကွာသောနေရာများသို့ ဩဂုတ် ၂၀ ရက်က ပြောင်းရွှေ့ပေးခဲ့ကြောင်း မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မြစ်ကမ်းပါးပြိုကျမှုကြောင့် သရက်ကုန်းကျေးရွာအုပ်စု သရက်ကုန်းရွာတွင် ကမ်းပါးနှင့် နီးစပ်နေသော နေအိမ်ခုနစ်လုံးမှ မိသားစုဝင် ၃၁ ဦးအား သရက်ကုန်းကျေးရွာအုပ်စု ဘိုကုန်းကွင်းနှင့် အမှတ်(၄၆၁) ကွင်းများသို့လည်းကောင်း၊ တလင်းကြီးကုန်းကျေးရွာအုပ်စု၊ တလင်းကြီးကုန်းရွာမှ လူနေအိမ် သုံးလုံးမှ မိသားစုဝင် ၁၆ ဦးအား တလင်းကြီးကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၂၈) ကွင်းသို့လည်းကောင်း၊ ဆင်မကျွန်းကျေးရွာအုပ်စုရှိ ဆင်မကျွန်းရွာ၊ ရေလယ်ရွာသစ်ရွာနှင့် အချင်းဖြစ်တောင်ရွာများရှိ လူနေအိမ် ၁၂ လုံးမှ မိသားစုဝင် ၄၆ ဦးအား ဇီးဖြူပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၄၁၆)သို့လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး စုစုပေါင်း လူနေအိမ် ၂၂ လုံးမှ လူဦးရေ ၉၃ ဦးပြောင်းရွှေ့ခဲ့ရခြင်းဖြစ်ကြောင်း မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှသိရသည်။ နေအိမ်များမှ ပြောင်းရွှေ့ရသော အိမ်ထောင်စုများအား ဒေသခံပြည်သူများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များက ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျ**

## ဆင်းကေရီ(၃) မိုးစပါးများ ဖြစ်ထွန်းအောင်မြင်

**ဗန်းမော် ဩဂုတ် ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဇူလိုင်လက မိုးသည်းထန်စွာရွာသွန်း၍ ဆင်းကေရီ(၃) မိုးစပါးများ ရေနစ်မြုပ်ခဲ့သော်လည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက်က ဗန်းမော်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မိုးရေချိန် ၄ ဒသမ ၀၅ လက်မရှိကြောင်း၊ ယခုနှစ်လက်ရှိအချိန်အထိ အများဆုံး ရွာသွန်းခဲ့သည့် မိုးရေချိန်လက်မဖြစ်ကြောင်း ဗန်းမော်မြို့ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သောင်းထံမှ သိရသည်။

"မိုးများလို့ စီဟဲကျေးရွာ ကွင်းအမှတ် ၁၈၅၊ ဆင်းကေရီ(၃) မိုးစပါးစိုက်ဧရိယာဧကေ ၂၄၀ ရေနစ်မြုပ်ခဲ့တယ်။ မိုးက ညရောနေ့ပါ သည်းထန်စွာရွာချပြီး ညနေပိုင်းမှာ မိုးရွာသွန်းမှု ရပ်ဆိုင်းခဲ့တယ်။ မိုးရေများ အဆက်မပြတ်စီးဆင်းသွားခဲ့လို့ စိုက်ပျိုးထားတဲ့ မိုးစပါးများ ရေနစ်မြုပ်ပေမယ့် ဆုံးရှုံးမှုမရှိခဲ့ဘူး" ဟု စီဟဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းတန်က ပြောသည်။

**ဝါဝါ(ဗန်းမော်)**

## ကျွဲနွားများကို ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေး



**ကော့သောင်း ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာအုပ်စု၌ တောင်သူများမွေးမြူထားသော ကျွဲနွားများ၏ ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးများကို ကော့သောင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဩဂုတ် ၂၁ ရက်က ကွင်းဆင်း၍ ဆေးထိုးပေးခဲ့ကြောင်း သိရသည်။

ကော့သောင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာညီညီလွင် ဦးဆောင်၍ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနိုင်တင်ထွဋ်နှင့် ဝန်ထမ်းများက ဘန်းကချွန်ကျေးရွာအုပ်စု (၁၅)မိုင်ကျေးရွာနှင့် (၁၉)မိုင်ကျေးရွာများမှ တောင်သူများမွေးမြူထားသော ကျွဲနွား ကောင်ရေ ၂၁၀ ကို ကာကွယ်ဆေးများ ထိုးပေးခဲ့ပြီး တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာနည်းလမ်းများကို ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားသည်။ ကာကွယ်ဆေးထိုးပေးသည့်အပြင် ကျေးရွာစားကျက်မြေ၌ ကျွဲနွားစား နေပီယာမြက်များ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေကိုကြည့်ရှုပြီး လိုအပ်သည့်နည်းပညာများကိုလည်း ကူညီပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မိုးစပါးထွန်တုံးပိတ်ပွဲနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်း သရုပ်ပြပွဲကျင်းပ

**တာချီလိတ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးအထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ထွန်တုံးပိတ်ပွဲနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းပြပွဲ ခရိုင်အဆင့် အခမ်းအနားကို ဝမ်လုံးကျေးရွာအုပ်စု၌ ဩဂုတ် ၂၂ ရက်က ကျင်းပသည်။

တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှဝင်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးချိုနိုင်ထွန်းက အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးအား သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP )ဖြင့် စိုက်ပျိုးခြင်း၏ အားသာချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးက ဦးဆောင်၍ ဒေသခံတောင်သူများ၊ ကောက်စိုက်သမအဖွဲ့များနှင့်အတူ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့သည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ၊ ကောက်စိုက်သမအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့သည်။

တာချီလိတ်ခရိုင်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာ၌ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထားမှုမှာ တာချီလိတ်မြို့နယ်၌ ၈၂ ဧက၊ တာလေမြို့၌ ၅၆ ဧက၊ ကျိုင်းလပ်မြို့၌ ၁၀ ဧက၊ မိုင်းဖြတ်မြို့နယ်၌ ၁၈၆ ဧက၊ မိုင်းယောင်းမြို့နယ်၌ ဧက ၁၃၀ နှင့် မိုင်းယုမြို့၌ ဧက ၂၀ရှိပြီး စုစုပေါင်း ၄၈၄ ဧကကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ကျေးလက်လူထုပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ် တို့ရေးဆွဲ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်သူလူထုကို ဗဟိုပြုသော ချဉ်းကပ်မှုနည်းလမ်းဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာကိုလည်း ထင်ဟပ်စေသော လူထုဗဟိုပြုစီမံကိန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၊ ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်၊ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်များတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်များတွင် ကျေးလက်လူထုအခြေပြု ဖွံ့ဖြိုးမှုကို တို့ရှေးရှုဟူသောဆောင်ပုဒ်နှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်း၏ လုပ်ဆောင်ချက်များအနေဖြင့် (၁)ရပ်ရွာမှရွေးချယ်သော ကျေးလက်အခြေခံအဆောက်အအုံများတွင် ရန်ပုံငွေထောက်ပံ့ခြင်း (၂) ကျေးလက်နေပြည်သူများ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းပြီး ဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်များ ရေးဆွဲခြင်း၊ စီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ စွမ်းဆောင်ရည်အား ကောင်းလာစေခြင်း (၃)စီမံကိန်းလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဆင်းရဲနွမ်းပါးသူများ၊ ထိခိုက်လွယ်သောသူများအပါအဝင် ကျား မ မရွေး ပါဝင်စေနိုင်ခြင်းဖြင့် အောင်မြင်အောင် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

လူထုဗဟိုပြုစီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ရေးဆွဲရာတွင် လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးနည်းလမ်းများကို ရေးဆွဲခြင်းဖြစ်သည်။ ကျေးရွာလူထုနှင့် အပြန်အလှန် ခင်မင်နားလည်မှုများ ဖန်တီးစီစဉ်ရန်၊ လူထုပါဝင်ဆောင်ရွက်မှု တိုးတက်စေရန်၊ အရပ်ဒေသ၏ အသိပညာ၊ အတတ်ပညာဗဟုသုတများကို အသိအမှတ်ပြုလာစေရန်၊ ကျေးရွာလူထု အသိပညာများတိုးတက်လာစေရန်နှင့် သတင်းအချက်အလက်များ စုဆောင်းနိုင်ရန်၊ အကန့်အသတ်များနှင့် အခွင့်အလမ်းများကို ဖော်ထုတ်နိုင်ရန်၊

**တစ်နှစ်တာကာလအတွင်း ရွာတွင် အလုပ်အများဆုံးအချိန်၊ ဝင်ငွေအကောင်းဆုံးအချိန်၊ အလုပ်ရှားပါးချိန်၊ ရေရှားပါးမှု၊ လူနှင့်တိရစ္ဆာန်ရောဂါဘယဖြစ်ပွားမှု၊ ပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲကာလတို့ကို အချိန်ကာလအလိုက် ရေးဆွဲဖော်ထုတ်ခြင်းဖြစ်သည်။ အဓိကခေါင်းစဉ်များတွင် မိုးရေချိန်၊ စားနပ်ရိက္ခာဖူလုံမှု၊ ရွှေ့ပြောင်းလုပ်ကိုင်မှုများ ပါဝင်သင့်ပြီး ကျေးရွာလူထုမှ ဆုံးဖြတ်သော အခြားအချက်အလက်များလည်း ပါဝင်နိုင်သည်။**

ကျေးရွာလူထု၏ အများဆန္ဒရယူစေရန်၊ ထပ်မံခွဲခြမ်းစိတ်ဖြာ၍ ဆန်းစစ်ရန်လိုအပ်သော ဦးစားပေးရေိယာများ သတ်မှတ်နိုင်ရန် စသည့် ရည်ရွယ်ချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။

လူထုဗဟိုပြုစီမံကိန်း၏ စီမံကိန်းဝင်မြို့နယ်များရှိ ကျေးရွာတိုင်းတွင် စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကျေးရွာလူထု အစည်းအဝေးများကို နှစ်ရက်တာကျင်းပသည်။ အစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ရေးဆွဲပြီး သုံးနှစ်တာကာလ ဖွံ့ဖြိုးရေးစီမံချက်များကို မှတ်တမ်းတင်ကြပါသည်။


လူထုဗဟိုပြုစီမံကိန်းတွင် ဆောင်ရွက်လျက်ရှိသော လူထုပါဝင်သည့် ဖွံ့ဖြိုးရေးနည်းလမ်းများမှာ ကျေးရွာသမိုင်းကြောင်း၊ ကျေးရွာမြေပုံ ရေးဆွဲခြင်း၊ အဖွဲ့အစည်းများ ဆက်စပ်မှုပြပုံ၊ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲခြင်း၊ ဦးတည်အုပ်စုအလိုက်ဆွေးနွေးခြင်း၊ အမျိုးသား၊ အမျိုးသမီးများ၏ တစ်နေ့တာ အလုပ်ချိန်ဇယား၊ ကျေးရွာ၏ စိတ်ကူးမြင်ကွင်း၊ ပြဿနာသစ်ပင်ရေးဆွဲခြင်း တို့ဖြစ်သည်။

**ကျေးရွာသမိုင်းကြောင်း**

ရွာသက်တမ်းတစ်လျှောက် ထူးခြားဖြစ်စဉ်များ၊ အကောင်းအဆိုးများ၊ အခက်အခဲများနှင့် ကျော်လွှားအောင်မြင်ခဲ့မှုများ၊ အချင်းချင်း ရိုင်းပင်းကူညီခြင်းဖြင့် အောင်မြင်မှုများကို လူထုအားလုံးပါဝင်၍ ပြန်လည်စဉ်းစားပြီး ရေးသားမှတ်တမ်းတင်သည့် နည်းလမ်းဖြစ်ပါသည်။ ရွာသူ ရွာသားများ၏ စိတ်ဓာတ်ခွန်အားကိုဖြစ်စေပြီး စီမံကိန်းဝန်ထမ်းများကလည်း ရွာသူ ရွာသားများနှင့်အတူ ရွာ၏အကြောင်းကို လေ့လာနိုင်ခဲ့ပါသည်။

**ကျေးရွာမြေပုံ ရေးဆွဲခြင်း**

စီမံကိန်းကျေးရွာရှိ တောတောင်ရေမြေ သဘာဝအရင်းအနှီးများ၊ အဓိကလမ်းမကြီးများနှင့် ရွာလမ်းသွယ်များ၊ တံတားများ၊ စမ်းချောင်းများ၊ အိမ်များ၊ ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဘာသာရေးအဆောက်အအုံများ၊ ကျန်းမာရေး



ဌာန၊ အစိုးရအဆောက်အအုံများ၊ ဈေး၊ အစည်းအဝေးနေရာများ၊ အခြားအရေးကြီးသောနေရာများကို မြေပြင်ပေါ်တွင် သို့မဟုတ် စာရွက်ပေါ်တွင် ဒေသမှရနိုင်သောပစ္စည်းများဖြင့် ကျေးရွာလူထုကိုယ်တိုင် ရေးဆွဲမှတ်တမ်းတင်သော နည်းလမ်းဖြစ်ပါသည်။ ရွာသူ၊ ရွာသားများအနေဖြင့် ကျေးရွာ၏ အခြေအနေများကို အကျိုးအရှိဆုံး အသုံးချရန်အတွက် အတွေးအမြင်များကို ရရှိစေပါသည်။

**အဖွဲ့အစည်းများ ဆက်စပ်မှုပြပုံ**

ကျေးရွာအတွက် အရေးပါသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းအသီးသီးတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုများကို ဖော်ပြသည့်နည်းဖြစ်ပါသည်။ အဖွဲ့အစည်းများ ဆက်စပ်မှုပြပုံကို ရေးဆွဲထားခြင်းဖြင့် ရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာများ၊ အုပ်ချုပ်စီမံခန့်ခွဲမှု အခြေအနေများကိုသိရှိပြီး အသင်းအဖွဲ့များကို စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် သင့်တော်သည့် အဖွဲ့အစည်းသစ်များ ဖွဲ့စည်းခြင်းတို့အတွက်လည်း စဉ်းစားဆုံးဖြတ်နိုင်ပါသည်။

## ခရေလွင်

**ရာသီခွင်ပြ ပြက္ခဒိန် ရေးဆွဲခြင်း**

တစ်နှစ်တာကာလအတွင်း ရွာတွင်အလုပ်များဆုံးအချိန်၊ ဝင်ငွေအကောင်းဆုံးအချိန်၊ အလုပ်ရှားပါးချိန်၊ ရေရှားပါးမှု၊ လူနှင့် တိရစ္ဆာန် ရောဂါဘယဖြစ်ပွားမှု၊ ပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲကာလတို့ကို အချိန်ကာလအလိုက် ရေးဆွဲဖော်ထုတ်ခြင်းဖြစ်သည်။ အဓိကခေါင်းစဉ်များတွင် မိုးရေချိန်၊ စားနပ်ရိက္ခာဖူလုံမှု၊ ရွှေ့ပြောင်းလုပ်ကိုင်မှုများ ပါဝင်သင့်ပြီး ကျေးရွာလူထုမှဆုံးဖြတ်သော အခြားအချက်အလက်များလည်း ပါဝင်နိုင်သည်။ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ရန်အတွက် အထောက်အကူပြုမည်ဖြစ်ပြီးနှင့် ဝန်ထမ်းများအနေဖြင့် ကျေးရွာနှင့် ဆက်သွယ်လုပ်ကိုင်ရာတွင်လည်း ဂရုပြုရမည့်အချိန်များကို သိရှိနိုင်ပါသည်။

**ဦးတည်အုပ်စုအလိုက် ဆွေးနွေးခြင်း**

လူထုကိုယ်တိုင် ပါဝင်လုပ်ဆောင်နည်းများတွင် အရေးကြီးဆုံးဖြစ်ပါသည်။ ကျေးရွာလုံးကျွတ်အစည်းအဝေးတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အကြံပေးပုဂ္ဂိုလ်များက ဖွံ့ဖြိုးရေးနည်းလမ်းနှင့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းပြပါသည်။ ဤနည်းတွင် (၁)ရပ်မိရပ်ဖအဖွဲ့၊ (၂)အမျိုးသားအဖွဲ့၊ (၃)အမျိုးသမီးအဖွဲ့၊ (၄)အမျိုးသားနှင့် အမျိုးသမီးအဖွဲ့ စသည်ဖြင့် အဖွဲ့လေးဖွဲ့ခွဲပြီးလျှင် ကျေးရွာ၏ အခက်အခဲများနှင့် အဓိကလိုအပ်ချက်များကို ရေးဆွဲဖော်ထုတ်ကြပါသည်။ အဖွဲ့လိုက်ဆွေးနွေးတင်ပြချက်များကို စုစည်းပြီး အဓိကဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အများဆန္ဒအရ ရွေးချယ်ဆုံးဖြတ်ကြပါသည်။

**အမျိုးသား၊ အမျိုးသမီးများ၏ တစ်နေ့တာအလုပ်ချိန်ဇယား**

အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့ သီးခြားဖွဲ့စည်းပြီး တစ်နေ့တာအလုပ်ချိန်ဇယားကို အများဆန္ဒအရ ရေးဆွဲဖော်ထုတ်ခြင်းဖြင့် အမျိုးသမီးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို သတိပြုတန်ဖိုးထားစေပါသည်။ ဤနည်းတွင် အမျိုးသားနှင့် အမျိုးသမီးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆင်ခြင်သုံးသပ်နိုင်ပါသည်။

**ကျေးရွာ၏ စိတ်ကူးမြင်ကွင်း**

ကျေးရွာသူကျေးရွာသားများ မိမိတို့ကျေးရွာကို နောင်ငါးနှစ်တာ ကာလအတွင်း ဖြစ်ပေါ်လာစေချင်သည့် စိတ်ကူးမြင်ကွင်းများကို ကျေးရွာမြေပုံတွင် ရေးဆွဲဖော်ထုတ်ခြင်းဖြစ်သည်။ ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်ကို ပိုမိုရရှိစေပါသည်။

**ပြဿနာသစ်ပင်ရေးဆွဲခြင်း**

ကျေးရွာရှိ အဓိကအခက်အခဲနှင့် လိုအပ်ချက်များကို ဖော်ထုတ်သည့်နည်းလမ်းတစ်ခုဖြစ်ပါသည်။ ကျေးရွာ၏ အဓိကအခက်အခဲများနှင့် ပြဿနာများ ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ အကျိုးဆက်များကို ပြဿနာသစ်ပင်အဖြစ် ရေးဆွဲဖော်ထုတ်ခြင်းဖြင့် ကျေးရွာလူထု၏ စိတ်ဝင်စားစွာ ပူးပေါင်းဆောင်ရွက်မှုကို ရရှိစေပါသည်။

ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူထုဗဟိုပြုစီမံကိန်း၏ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် အထက်ပါ ဖွံ့ဖြိုးရေးနည်းလမ်းများကို မျှဝေအသိပေးခြင်းဖြင့် ကျေးရွာများမှ ပြည်သူများအနေဖြင့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကာ ကျေးလက်ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရန် ယုံကြည်ဆန္ဒပြုမိပါသည်။ ။

---

## သတင်းတို

### တောင်သာရေလွှဲဆည်မြောင်းမကြီး ပြန်လည်ပြုပြင်တူးဖော်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်၌ တောင်သာရေလွှဲဆည်၏ မြောင်းမကြီး ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ပြန်လည်ပြုပြင်တူးဖော်နေမှုကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် အဖွဲ့ ဩဂုတ် ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ တောင်သာရေလွှဲဆည်မြောင်းမကြီးသည် အရှည် ၄ ဒသမ ၅ မိုင်ရှိကာ မြောင်းမကြီးတစ်လျှောက် မြောင်းများတူးဖော်ခြင်း၊ မြောင်းတာပေါင်များဖို့ခြင်းနှင့် မြောင်းမကြီးပေါ်ရှိ တံတားများကိုလည်း ပြုပြင်တည်ဆောက်ခြင်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု စံပြမိခင်ဆုချီးမြှင့်ပွဲကျင်းပ

**ဟင်္သာတ ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ဆုချီးမြှင့်ပွဲကို ဟင်္သာတခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းဝေးခန်းမ၌ ဩဂုတ် ၂၂ရက်က ကျင်းပခဲ့သည်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားတွင် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုးက အမှာစကားပြောကြားပြီး ဟင်္သာတမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကျန်းမာရေးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာဖြိုးဝေလှိုင်က မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းဆိုင်ရာ ဗဟုသုတများနှင့် စံပြမိခင်ရွေးချယ်ခြင်း အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဆေးရုံအုပ်ကြီးက မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပထမဆုရရှိသော ပန်းဘဲတန်းရပ်ကွက်မှ ဒေါ်ဆုမွန်ထွေးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ဒုတိယဆုရရှိသော တာကလေး(၂)ရပ်ကွက်မှ ဒေါ်သွယ်သွယ်ဦးအား ဟင်္သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်ကလည်းကောင်း၊ တတိယဆု၊ အထူးဆုနှင့် နှစ်သိမ့်ဆုရရှိသော မိခင်များအား မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုဆုလက်ဆောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ရေဘေးသင့်ကျေးရွာများသို့ ဗုဒ္ဓရုပ်ပွားတော်များနှင့် ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်း

**မိတ္ထီလာ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပေတောကျေးရွာအုပ်စု ပေတော(တောင်)ရွာ၊ ပေတော(မြောက်)ရွာနှင့် ပိတုန်းကြီးကျေးရွာများမှ ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရသော ဒေသခံပြည်သူများအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် ကယ်ဆယ်ရေးပစ္စည်းများကို မိတ္ထီလာမြို့နယ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ဦးဆောင်သည့် ရေဘေးကူညီရေးအဖွဲ့များ ဩဂုတ် ၂၃ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်က ယာဉ်လုပ်ငန်းလုပ်ကိုင်သူအားလုံးပါဝင်လှူဒါန်းမှုနဲ့ မိတ္ထီလာမြို့ရဲ့ မြို့ဝင်မြို့ထွက် လမ်းဆုံငါးခုမှာ အလှူငွေ ကျပ် ၁၁၉ သိန်းခွဲ ရတယ်။ ရရှိတဲ့ငွေနဲ့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းတွေဖြစ်တဲ့ ဆန်ငါးပြည်အိတ် ၅၀၀၊ ပဲနီနှစ်ပြည်အိတ် ၅၀၀၊ ဆား ၅၀ ကျပ်သားအိတ် ၅၀၀၊ ဆီ ၅၀ ကျပ်သားဘူး ၅၀၀၊ ရွှေဝါဆပ်ပြာတောင့် ၂၅၀၀၊ ငါးသေတ္တာဘူး ၅၀၀၊ အကြော်စုံ ၅၀ ကျပ်သားထုပ် ၅၀၀၊ အဝတ်အထည်မျိုးစုံအိတ် ၁၀၀၊ ကျောင်းသုံးစာရေးကိရိယာများဖြစ်တဲ့ ခဲတံ ဒါဇင် ၅၀၀၊ ဘောပင် ဒါဇင် ၅၀၀၊ ရေသန့်ဘူး၁လီတာဘူး ၁၅၃တွဲတို့ကို ဝယ်ယူပြီးတော့ ကျန်ငွေ ၄၅ သိန်းကိုလည်း ကျေးရွာများမှာ လှူဒါန်းခဲ့မှာပါ။ ပေတော (တောင်) ရွာမှာ အိမ်ထောင်စု ၁၈၀၊ ပေတော(မြောက်)ရွာမှာ အိမ်ထောင်စု ၁၇၈ စု၊ ပိတုန်းကြီးရွာမှာ အိမ်ထောင်စု ၂၀၀ ကို ကယ်ဆယ်ရေးပစ္စည်းတွေနဲ့ လှူဒါန်းငွေတွေ ပေးအပ်ထောက်ပံ့မှာပါ။ ပြီးတော့ ကျေးရွာသုံးရွာမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းငါးကျောင်းအတွက်လည်း ဆန်၊ ဆီ၊ ဆား၊ သကာ်န်းတွေနဲ့ လှူဖွယ်ဝတ္ထုတွေ ဆက်ကပ်လှူဒါန်းသွားမှာပါ။ ဒါ့အပြင် နတ်မောက်မြို့နယ် ရွှေနတ်ကယ်တောင်ဆရာတော်က ပေးပို့လှူဒါန်းတဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၂၅၀ ဆူကိုလည်း အဲဒီကျေးရွာတွေမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်များထံ တစ်ဆင့်လှူဒါန်းပေးအပ်သွားမှာဖြစ်ပါတယ်”ဟု မိတ္ထီလာမြို့ ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပြောသည်။

မိတ္ထီလာမြို့ ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီက ဦးဆောင်သည့် ရေဘေးသင့်ပြည်သူများ ကူညီရေးအဖွဲ့ထံသို့ နယူးမြန်မာယာဉ်လုပ်ငန်းက အလှူငွေ ကျပ်သိန်း ၂၀နှင့် ပစ္စည်းများ၊ ဒို့ရှမ်းညီနောင် ယာဉ်လုပ်ငန်းက အလှူငွေ ကျပ် ၁၀ သိန်းနှင့် ပစ္စည်းများကိုလည်း ၄င်းကျေးရွာသုံးရွာမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းနိုင်ရန် သီးခြားထပ်မံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




# မန္တလေးတိုင်းဒေသကြီးအသက် ၂၀ နှစ်အောက် မြို့နယ်ပေါင်းစုံအမျိုးသား ဘောလုံးပြိုင်ပွဲဖွင့်

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၅ ခုနှစ် အသက် ၂၀ နှစ်အောက် မြို့နယ်ပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ရက် ညနေ ၃ နာရီက သီရိမန္တလာ နိုင်ငံတကာဘောလုံးကွင်းကြီး၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြကြောင်း သိရသည်။



ထို့နောက် အားကစားအဖွဲ့များဖြစ်သည့် ရိုးရာခြင်းလုံးအဖွဲ့၊ ဝူရှုးအဖွဲ့၊ ကရာတေးဒိုအဖွဲ့နှင့် တိုက်ကွမ်ဒိုအဖွဲ့၊ မြန်မာ့သိုင်းအဖွဲ့တို့က သရုပ်ပြဖျော်ဖြေကြပြီး **(ယာပုံ)** အဖွင့်ပွဲစဉ်အဖြစ် မိတ္ထီလာမြို့နယ်အသင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်အသင်းတို့သည် ညနေ ၄ နာရီခွဲတွင် ယှဉ်ပြိုင်ခဲ့ကြသည်။

အသက် ၂၀နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် မြို့နယ်ရှစ်မြို့နယ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ အုပ်စုနှစ်စုခွဲပြီး ၂၃ ရက်မှ ၂၉ရက်အထိ အုပ်စုပတ်လည်ပွဲစဉ်များ ကျင်းပသွားမည်ဖြစ်သည်။ နောက်ဆုံးဖိုင်နယ် ဗိုလ်လုပွဲကြီးကို စက်တင်ဘာ ၂ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

# ရာသီမရွေး စားသုံးသူရှိနေသဖြင့် ဖရဲသီးစိုက်ပျိုးရောင်းချသူများ အဆင်ပြေ

**ရေစကြို ဩဂုတ် ၂၄**

ယခင်က နွေရာသီတွင်သာပေါ်သော သီးနှံတစ်မျိုးဖြစ်သည့် ဖရဲသီးများမှာ ယခုအခါ ရာသီမရွေးပေါ်လျက်ရှိပြီး စားသုံးသူများမှာလည်း မပြတ်ဘဲရှိနေသောကြောင့် ဖရဲသီးစိုက်ပျိုးထုတ်လုပ်သော တောင်သူများနှင့် တစ်ဆင့်ရောင်းချသော ဒိုင်များ၊ အရောင်းဆိုင်များပါ အဆင်ပြေလျက်ရှိကြောင်း ရေစကြိုမြို့နယ် သီးနှံဈေးကွက်မှ သိရသည်။

ရေစကြိုမြို့မှ သီးနှံဆိုင်ရှင် အမျိုးသမီးတစ်ဦးက “ဒီဖရဲသီးတွေက ချောင်းဦးမြို့နယ် ငရုန်ဒေသထွက် ဖရဲသီးတွေပါ။ ပစ္စည်းပြတ်မှာလည်း မပူရဘူး။ ဖုန်းဆက်လိုက်ရင် လာပို့တာပါပဲ။ ကားနဲ့လာချပြီးမှ ငွေရှင်းလိုက်ရုံပဲ။ ကားတစ်ခေါက်ကို အသေးအကြီး အလုံး ၃၀၀ လောက်ပါတယ်။ ရောင်းကောင်းတဲ့နေ့ဆို တစ်ရက်တည်းကုန်ပါတယ်”ဟု ပြောသည်။ ဖရဲသီးရောင်းဈေးမှာ အလုံးအရွယ်အစားအလိုက် အသေးတစ်လုံးလျှင် ကျပ် ၄၀၀ မှ ၅၀၀ နှင့် အကြီးတစ်လုံးလျှင် ကျပ် ၇၀၀ မှ ၈၀၀၊ ၁၀၀၀ နှင့် ၁၂၀၀ ခန့်အထိ ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်အတွင်း ဖရဲသီးကို တစ်နှစ်ပတ်လုံးစိုက်ပျိုးသဖြင့် ရောင်းချရန် ပြတ်လပ်သွားခြင်းမရှိကြောင်းလည်း သိရသည်။ “ကျွန်မက ရာသီအလိုက်ပေါ်တဲ့သီးနှံတွေ ရောင်းတာပါ။ ချောင်းဦးမြို့နယ်ကတော့ ဖရဲသီး၊ ရွှေသခွားနဲ့ ပိုက်သခွားကို တစ်နှစ်လုံးစိုက်တာဆိုတော့ ရောင်းဝယ်ရတာအဆင်ပြေပါတယ်”ဟု အဆိုပါ ဆိုင်ရှင်အမျိုးသမီးက ဆက်ပြောသည်။

ယခုအခါ ဖရဲသီးများသည် ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အဖြစ်ပါ ရပ်တည်လာပြီး ဈေးကောင်းရသော တန်ဖိုးမြင့်သီးနှံဖြစ်လာပြီဖြစ်ရာ စိုက်ပျိုးသော တောင်သူများသာမက အဆင့်ဆင့်ပြန်လည်ရောင်းချသော ဖရဲသီးဒိုင်များ၊ သီးနှံဆိုင်များမှာလည်း အဆင်ပြေလျက်ရှိသည်။ **ဖေထွေးဇော်(ရေစကြို)**

# မြစိမ်းရောင်စီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**သံတွဲ ဩဂုတ် ၂၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဂွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မြစိမ်းရောင်စီမံကိန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ဂွမြို့ အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက အမှာစကားပြောကြားပြီး စီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၁၃ ရွာမှ စီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ်ကော်မတီ ၃ ရပ်မှ ကော်မတီဝင်များ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၃၀ အား ဂွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဦးစီးမှူး ဦးဦးစောဝင်းနှင့် ကော်မတီဝင်များက မြစိမ်းရောင်စီမံကိန်းဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြီး ရန်ပုံငွေထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။

ဂွမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကလည်း မြစိမ်းရောင်ကျေးရွာနှစ်ရွာသို့ တစ်ရွာလျှင် သိန်း ၃၀၀ နှုန်းဖြင့် မြစိမ်းရောင်ရန်ပုံငွေများ ထုတ်ချေးပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း မြစိမ်းရောင်ကျေးရွာ ၁၃ ရွာအား တစ်ရွာလျှင် သိန်း ၃၀၀ နှုန်းဖြင့် မြစိမ်းရောင် အရင်းမပျောက် ရန်ပုံငွေများထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

### သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

မုံရွာမြို့ ရန်ကင်းရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများပူးပေါင်း၍ ဩဂုတ် ၂၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခြင်များပေါက်ပွားခြင်းမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်စစ်ဆေးခြင်းကို ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်းဆောင်ရွက်ခဲ့ပြီး သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်းနှင့် ရပ်ကွက်အတွင်းရှိ စာသင်ကျောင်းများတွင် ခြင်ဆေးမှုတ်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# စားသောက်ရန်မသင့်သော အစားအစာများရောင်းချမှုရှိမရှိနှင့် ဆားများတွင် အိုင်အိုဒင်းပါဝင်မှု ကွင်းဆင်းစစ်ဆေး

**ဆိပ်ဖြူ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးမှ ဆိုင်များ၌ အိုင်အိုဒင်းဆား ရောင်းချခြင်း ရှိမရှိနှင့် ဓာတုဆိုးဆေးများပါဝင်သော စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချနေခြင်းမရှိရေးတို့အတွက် တာဝန်ရှိသူများက ဩဂုတ် ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးဦးဆောင်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရှိန်မြင့်မောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပတ္တမြားဈေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဈေးဆိုင်များတွင် ရောင်းချနေသောဆားများသည် အိုင်အိုဒင်းဓာတ်ပါဝင်သော ဆားများဖြစ်မဖြစ်ကို စစ်ဆေးခဲ့ပြီး အိုင်အိုဒင်းဆားကိုသာ ရောင်းချရေးအတွက် ဆိုင်ရှင်များအား အသိပညာပေး ဟောပြောခဲ့သည်။

ထို့အပြင် ဓာတုဆိုးဆေးများပါဝင်သော အစားအသောက်များကို ရောင်းချခြင်းမရှိရေးအတွက်လည်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ စားသောက်ဆိုင်တန်းများ၌ မီးဘေးအန္တရာယ်လုံခြုံရေးကိစ္စရပ်များကိုလည်း ဈေးသည်များအား ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(iprd)**



# ရိုးမဘဏ်

ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

## မင်္ဂလာတောင်ညွန့်ဘဏ်ခွဲ

**ရိုးမဘဏ်လီမိတက် (၅၅)ခုမြောက်ဘဏ်ခွဲကို**

တိုက် (D/E)၊ အခန်းအမှတ် (၈/၉/၁၀/၁၁)၊ မြေညီထပ်၊

ရွှေမြယာအိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း– (၀၁) ၃၇၀၅၀၂၊ ၃၇၀၅၀၃၊ ၃၇၀၅၀၄၊ ၃၇၀၁၅၅၊ ၃၇၀၃၆၀၊ ၃၇၀၃၆၃

**၁၉.၈.၂၀၁၅ (ဗုဒ္ဓဟူးနေ့) တွင်ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

## ဟင်္သာတဘဏ်ခွဲ

**ရိုးမဘဏ်လီမိတက် (၅၆)ခုမြောက်ဘဏ်ခွဲကို**

အမှတ်– (၁၂၂)၊ နတ်မော်လမ်း၊ ဥယျာဉ်ကြီးရပ်ကွက်၊

ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

ဖုန်း– (၀၄၄) ၂၂၇၆၅၊ ၂၂၇၆၆၊ ၂၂၇၆၇၊ ၂၂၇၆၈၊ ၂၂၇၆၉

**၂၆.၈.၂၀၁၅ (ဗုဒ္ဓဟူးနေ့) တွင်ဖွင့်လှစ်မည်ဖြစ်ပါသည်။**

**ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း**

**မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

www.yomabank.com

တိုက်ခန်းကျယ်ရောင်းမည်
တာမွေ Orange အနီးတိုက်ခန်းကျယ်
ဝမ်းဆက်၊ နေရာကောင်း၊ ကားပါကင်ကောင်း
ဦးရာလူရမည်။ ဈေးနှုန်း သိန်း (၁၀၀၀)
Ph : 09-73211117

SEVEN စံ ဖ်ာ
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိမြေကွက်များ
ရောင်းလိုပါသလား?
SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511, 09-33 333 514,
09-33 333 644

မြေကွက်
နှင့်
လုံးချင်းအိမ်ငှားမည်
Ph: 09-5198716, 01-558140,
09-799880234,


## အမည်မှန်

ပေါင်မြို့နယ်၊ မုတ္တမကျေးရွာ အမှတ် (၂)ရပ်ကွက်နေ ဦးစံမျိုး-ဒေါ်ခင်စောရီ တို့၏သား မောင်ချိုသန်းဦး၏ အမည်မှန်မှာ မောင်စောချိုသန်းဦး ဖြစ်ပါကြောင်း။

**မောင်စောချိုသန်းဦး ၁၀/ပမန(နိုင်)၂၁၅၅၉၆**


နာကျင်ခက်ရာတွေတင်၊ အကြောအဆာမှာ လင်းရှင်း . . .
ISO 9001: 2008
လင်းရှင်း
အကြောပြေအက်တျောလိမ်းဆေး
TMR - 012616 (0317)

ဝမ်းမှန်ခြင်းရဲ့ လျှို့ဝှက်ချက် ရူပနုပျို ဆေးတစ်လက် . . .
ISO 9001: 2008
ရူပနုပျို
ဝမ်းမှန်ဆေး
TMR - 012716 (0118)

MICO
ကမ္ဘာတည်သရွေ့
အလှူ၊မင်္ဂလာ၊လက်ဆောင်...ဘယ်မှာသုံးသုံးအကောင်းဆုံး
T-SHIRT= 650Ks
ကွန်ပျူတာ ပန်းထိုး၊ တံဆိပ်ရိုက်လုပ်ငန်း
09-5043007,09-5141086,09-8645550,09-73244061

JES Driver Academy
ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်ပြီး ကျွမ်းကျင်စွာ ယာဉ်မောင်းတတ်လိုသူများအတွက်၊(က.ည.န)အငြိမ်းစားများ ဦးစီးသော JES Driver Academy သင်တန်းအမှတ်စဉ် (၈/၁၅)ဖွင့်ပါပြီ။စက်တင်ဘာလ(၁)ရက်နေ့(၁.၉.၂၀၁၅)အင်္ဂါနေ့ တွင်သင်တန်းစတင်ပါမည်။သင်တန်းကြေးမှာအမောင်းသင်- ၇၀၀၀၀/-နှင့်အတတ်သင်-၁၄၀၀၀၀/-ဖြစ်ပါသည်။အောက်ပါ နေရာနှင့်တယ်လီဖုန်းနံပါတ်များတွင်စုံစမ်းစာရင်းပေးသွင်းနိုင် ပြီဖြစ်ကြောင်းအသိပေးအပ်ပါသည်။ *အမှတ်(၆)၊ပထမထပ်၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။*
*09 8581144, 09 32173735, 09 263145979*
*09 421033567, 09 420165439, 09 32250319*
*www.facebook.com/jesdriveracademy*

JES Driver Agency အတွက်
ယာဉ်မောင်းသင်တန်းတက်လိုသူများသင်တန်းကြေး-၃၀၀၀၀/- ကျပ် ဖြင့်တက်ရောက်နိုင်ပါသည်။ (၁.၉.၂၀၁၅)ရက်နေ့တွင်ဖွင့် ပါမည်။ (ခ) ယာဉ်မောင်းလိုင်စင်ရသည်အထိဆောင်ရွက်ပေးပါ သည်။ လိုင်စင်ရှိသူများလည်း ဆက်သွယ်နိုင်ပါသည်။ အောက်ပါတယ်လီဖုန်းများတွင်စုံစမ်းနိုင်ပါသည်။
*09 8581144, 09 32173735, 09 263145979*


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၄/အသံအန့်)၊ စက်မှု (၄)လမ်း၊ မြေကွက်အမှတ် ၃၃၀ ဟုခေါ်တွင်သော ဦးမြတ်ထွန်း အမည်ပေါက်ရရှိထားသည့် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဝမ်ကျင်းဆိုက် ၁၃/သနန(နိုင်)၀၁၉၆၅၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်း များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထင်လင်းနိုင် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂)**
**ရုံး-တိုက် ၉/၁၁၊ အခန်းအမှတ် 005-B၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၉၃၀၆**

**၁၁-၈-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၉) ကြေညာချက်နှင့် ၁၃-၈-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂) ကြေညာချက်ပါ ဒေါ်မီမီမြင့်ဖူး ၁၂/မရက(နိုင်)၁၂၆၃၂၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများ ဖြစ်သော ဦးခင်မောင်ဝင်း(စဉ်-၂၁၃၄)၊ ဒေါ်အိမွန်ခိုင်(စဉ်-၉၃၅၃)တို့၏ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်တို့အပေါ်**

# အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာချက်

ဦးလှမြင့်ဖူး ၁၂/ရကန(နိုင်)၁၂၅၇၂၁၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာခဲ့သည့် ၉-၇-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ (ဆ)ပါ ကြေညာချက်၊ ၂-၈-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာ စာမျက်နှာ(၂၉)ပါ ကြေညာချက်၊ ၄-၈-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ (၃၀)ပါကြေညာချက်တို့ကို ထပ်မံစွဲမြဲအတည်ပြု၍ တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်မီမီမြင့်ဖူး ၁၂/ရကန(နိုင်)၁၂၆၃၂၅မှာ အမှတ် (၉)၊ ဆရာစံလမ်းနေအိမ်တွင် လက်ရှိနေထိုင်သူ မဟုတ်ပါ။ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ ချုပ်ဆိုမှတ်ပုံတင်ခဲ့သည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာ မှတ်ပုံတင်အမှတ် ၇၃၀၄/၂၀၁၄ တို့တွင် ၀.၄၅၄ ဧကမြေကွက်ကို ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့နှစ်ဦး အမွေဆက်ခံပိုင်ဆိုင်ကြောင်းသာ ဖော်ပြပါရှိ ပြီး အမှတ် (၉)တည်ရာမြေကွက်ကို ဒေါ်မီမီမြင့်ဖူးအမွေဆက်ခံပိုင်ဆိုင်ကြောင်း တစ်လုံးတစ်ပါဒမျှမပါရှိပါ။ အဆိုပါ ၀.၄၅၄ ဧက အကျယ်အဝန်းရှိ မြေကွက်ကြီးမှာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၇၃၀၄/၂၀၁၄ မချုပ်ဆိုမီက ဦးလှမြင့်ဖူးသော်လည်းကောင်း၊ ဒေါ်မီမီမြင့်ဖူးသော်လည်းကောင်း အမည်မပေါက်ဘဲ J.W.Darwood အမည်ပေါက်သာရှိခဲ့ပြီး အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄ချုပ်ဆိုပြီးမှ ထိုစာချုပ်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနတွင် ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ နှစ်ဦးပူးတွဲအမည်ပေါက်ကို ၁၈-၉-၂၀၁၄ရက်တွင် ရရှိခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ နှစ်ဦးပူးတွဲအမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းမူရင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄စာချုပ် မူရင်းတို့အား နှစ်ဦးစလုံး လက်ဝယ်မထားရှိဘဲ လမ်းမတော်မြို့နယ်ရှိ မြဝတီဘဏ်ရုံးချုပ်တွင် Bank Locker ၌ ထားရှိအပ်နှံထားခဲ့ပါသည်။ အဆိုပါ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ (၂)ဦးပူးတွဲအမည်ပေါက်ပိုင်ဆိုင်သော ၀.၄၅၄ ဧကအကျယ်အဝန်းရှိ မြေကွက်ကြီးအား ပူးတွဲပိုင်ရှင် ဦးလှမြင့်ဖူး၏ သဘောတူညီချက်လက်မှတ်သော်လည်းကောင်း၊ မြဝတီဘဏ်ရှိ စာချုပ်မူရင်းနှင့် အမည်ပေါက်လွှဲပြောင်းခြင်း မှတ်တမ်းမူရင်းသော်လည်းကောင်း မပါရှိဘဲ ထက်ဝက်မဟုတ်သော ခွဲစိတ်မှုဖြင့် ဒေါ်မီမီမြင့်ဖူးက ၀.၃၂၃ ဧကဟုလည်းကောင်း၊ ဦးလှမြင့်ဖူးအား ၀.၁၃၁ ဧကဟုလည်းကောင်း တစ်ဖက်သတ် မြေကွက်ခွဲစိတ်ခဲ့ခြင်းအတွက် ဦးလှမြင့်ဖူးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်ပေးပါရန် တရားမအထွေထွေ လျှောက်လွှာအမှတ် ၈၂/၂၀၁၅ဖြင့် တင်သွင်းလျှောက်ထားပြီးဖြစ်ပါသည်။

ဦးလှမြင့်ဖူးက တရားလိုပြုလုပ်၍ ဒေါ်မီမီမြင့်ဖူးပါ (၂)ဦးအပေါ် စွဲဆိုခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၅၁/၂၀၀၂ အမွေပုံစီမံ ခန့်ခွဲပေးစေလိုမှုအား နှစ်ဦးသဘောတူရုပ်သိမ်းနိုင်ရေးအတွက် ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ ချုပ်ဆိုခဲ့ကြသည့် ၂၉-၁၀-၂၀၀၄ ရက် နှစ်ဖက်သဘောတူ ကတိစာချုပ်အပိုဒ် (၅)၊ (၆)၊ (၉)၊ (၁၀)တို့တွင် အောက်ပါအတိုင်း အတိအကျဖော်ပြပါရှိပါသည်။

**အပိုဒ် (၅)** ။ ။ အထက်ပါ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ် (၉)နှင့် အမှတ် (၉/က) ဟုခေါ်တွင်သော မြေကွက်နှစ်ကွက်နှင့် ၄င်းမြေကွက် နှစ်ကွက်ပေါ်ရှိ အဆောက်အအုံ နှစ်ခုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့သည် ညီတူညီမျှ ထက်ဝက်စီအကျိုးခံစားခွင့်ရှိကြကြောင်း နှစ်ဖက်စလုံးမှ ထုတ်ဖော်ဝန်ခံကြပါသည်။

**အပိုဒ် (၆)** ။ ။ နှစ်ဖက်သဘောတူညီချက်အရ ဆရာစံလမ်း၊ အမှတ် (၉)နှင့် (၉/က) မြေကွက်တို့ကို အကျယ်အဝန်းတိုင်းတာရာတွင် အမှတ် (၉/က)မှာ အကျယ်အဝန်းလျော့နည်းနေ၍ အမှတ် (၉) မြေကွက်အကျယ်အဝန်းမှာ ထက်ဝက်စီ အကျယ်အဝန်းထက် (၃၇၀၉) စတုရန်းပေ ပိုမိုနေကြောင်း တွေ့ရှိရပါသည်။

**အပိုဒ် (၉)** ။ ။ အကယ်၍ ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့သည် ဆရာစံလမ်း၊ အမှတ် (၉)နှင့် အမှတ်(၉/က)ဟုခေါ်တွင်သော မြေကွက် နှစ်ကွက်လုံးကိုပေါင်း၍ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းရောင်းချရန် ဆန္ဒတူညီပါက နှစ်ဖက်သဘောတူလက်ခံသည့် အရောင်းတန်ဖိုးဖြင့် လွှဲပြောင်းရောင်းချရန်နှင့် ရရှိသည့်ငွေများကို နှစ်ဖက်ညီတူညီမျှ ထက်ဝက်စီရယူခံစားကြရန် နှစ်ဖက်စလုံးမှ ထုတ်ဖော်ဝန်ခံပါသည်။

**အပိုဒ် (၁၀)** ။ ။ အကယ်၍ ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့သည် ဆရာစံလမ်း၊ အမှတ် (၉)နှင့် အမှတ် (၉/က) ဟုခေါ်တွင်သော မြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ မြေငှားဂရန်စာချုပ်ရရှိရေးနှင့် ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့အမည်ဖြင့် တရားဝင် အမည်ပေါက်ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်အဝဝကို ထက်ဝက်စီကျခံရန် သဘောတူကြပါသည်

ဟု အတိအကျဖော်ပြချုပ်ဆိုထားခြင်းဖြစ်၍ စာချုပ်၏ရည်ရွယ်ချက်အနှစ်သာရအရ အမှတ် (၉)နှင့် (၉/က)ဆရာစံလမ်းတည်ရာမြေနှင့် မြေပေါ်ရှိ အဆောက်အအုံ (၂)လုံးမှာ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ ညီတူညီမျှ ထက်ဝက်စီအကျိုးခံစားခွင့်ရှိကြောင်း ထင်ရှားပါလျက် စာချုပ်အပိုဒ်အချို့ကိုသာ ဖော်ပြ၍ ဒေါ်မီမီမြင့်ဖူး၏ရှေ့နေ ဦးခင်မောင်ဝင်းနှင့် ဒေါ်အိမွန်ခိုင်တို့၏ကြေညာချက်မှာ ဖြစ်ရပ်မှန်အစစ်မဟုတ်ဘဲ ထိမ်ချန် ကြေညာခဲ့ခြင်းသာဖြစ်ကြောင်း ရှင်းလင်းတင်ဆက်အပ်ပါသည်။ အထက်ဖော်ပြပါ ၀.၄၅၄ ဧကရှိ မြေကွက်ကြီးမှာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄အရနှင့် ၂၉-၁၀-၂၀၀၄ရက်စွဲပါနှစ်ဖက်သဘောတူစာချုပ်တို့အရ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ ညီတူညီမျှ ထက်ဝက်စီအကျိုးခံစားခွင့်ရှိပါလျက် ဒေါ်မီမီမြင့်ဖူးက ပူးတွဲပိုင်ရှင် ဦးလှမြင့်ဖူးအား အသိပေးအကြောင်းကြားမှုမရှိခြင်း၊ ဦးလှမြင့်ဖူး၏ သဘောတူညီချက်လက်မှတ်မပါရှိခြင်းတို့အပြင် နှစ်ဦးအမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းမူရင်းတို့ မပါရှိပါဘဲလျက် ထက်ဝက်မဟုတ်သောခွဲစိတ်မှုဖြင့် တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် လျှောက်ထားခဲ့ခြင်းကပင်လျှင် နှစ်ဖက်သဘောတူစာချုပ်များကို မလိုက်နာဘဲ ပဋိညာဉ်ကို ဖောက်ဖျက်သူမှာ ဒေါ်မီမီမြင့်ဖူး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်ကြီးအား ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့နှစ်ဦး အမည်ပေါက်ပြောင်းလဲခွင့်မရမီက J.W.Darwood အမည်ပေါက်သာရှိပြီး ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့နှစ်ဦး အမည်ပေါက် ရရှိရေးအတွက် ပိုင်ဆိုင်ကြောင်းစာချုပ်မချုပ်ဆိုမီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မျက်နှာစုံညီကွင်းဆင်းတိုင်းတာရာတွင် တစ်ကွက်လုံး ဧရိယာအတိုင်းအတာကို တိုင်းတာခဲ့ခြင်းဖြစ်ပြီး တစ်ကွက်လုံးဧရိယာကို ၀.၅၅ ဧကအစား ၀.၄၅၄ ဧကအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ဌာနမှူးကလက်မှတ်ရေးထိုး၍ ရုံးတွင်းမိန့် (၁၃၈၅/၂၀၁၄)အရ ဧရိယာပြင်ဆင်မှတ်သားခဲ့ခြင်းသာဖြစ်ပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်ကို ၂၃-၅-၂၀၁၄ရက်တွင် ထုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ ၀.၄၅၄ ဧကအကျယ်အဝန်းရှိ မြေကွက်ကို နှစ်ဦးအမည်ပေါက်ပြောင်းခဲ့သည့် ၁၈-၉-၂၀၁၄ ရက်နောက်ပိုင်းတွင် မျက်နှာစုံညီ ကွင်းဆင်းတိုင်းတာမှု လုံးဝမရှိခဲ့ပါလျက် ထက်ဝက်မဟုတ်သောခွဲစိတ်မှုဖြင့် တစ်ဖက်သတ်ခွဲစိတ်ခဲ့သည့်အပေါ် အမှန်ကိုဖုံးကွယ်လိုသဖြင့် နှုတ်ဖြင့်လွယ်လွယ်စွပ်စွဲပြီး လွဲမှားသည့် ညွှန်ကြားချက်ဖြစ်သော ဦးလှမြင့်ဖူးနှင့်ရှေ့နေတို့အားမြေကွက်ခွဲမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ခြင်း၊ ဦးလှမြင့်ဖူးနှင့် ရှေ့နေတို့က ကတိဝန်ခံချက် ပေးခဲ့ခြင်းတို့ လုံးဝမရှိခဲ့ပါဘဲလျက် မမှန်မကန်စွပ်စွဲကြေညာချက်ထည့်သွင်းခဲ့မှုအပေါ် ဒေါ်မီမီမြင့်ဖူးနှင့် ရှေ့နေဦးခင်မောင်ဝင်း၊ ဒေါ်အိမွန်ခိုင်တို့က တာဝန်ယူရမည်ဖြစ်ပါသည်။ ဒေါ်မီမီမြင့်ဖူး၏ သတင်းစာကြေညာချက်အရ ၂၉-၁၀-၂၀၀၄ ရက် သဘောတူစာချုပ်အရ ခြံစည်းရိုးကာရံသည့်ကိစ္စအတွက် မြေတိုင်းတာမှုတွင်ပင် ကပ်လျက်မြေကွက်ရှိ ဦးလှမြင့်ဖူးနှင့် ဒေါ်သီတာထွန်းတို့က ကန့်ကွက်ရန်မရှိကြောင်း လက်မှတ်ရေးထိုးရသည်ဆိုလျှင် ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ နှစ်ဦးပူးတွဲအမည်ပေါက်ပိုင်ဆိုင်သည့် ၀.၄၅၄ ဧကမြေကွက်ကို ခွဲစိတ်မည်ဆိုပါက ပူးတွဲပိုင်ရှင်ဦးလှမြင့်ဖူး၏ သဘောတူညီချက်လက်မှတ် မလွဲဧကန် ပါရမည်ဖြစ်ပါလျက် ပူးတွဲပိုင်ရှင်ဦးလှမြင့်ဖူး၏သဘောတူညီချက်လက်မှတ်မပါရှိဘဲ ခွဲစိတ်ခဲ့ခြင်းကပင်လျှင် ဥပဒေနှင့်ညီညွတ်သော ခွဲစိတ်မှု မဟုတ်ပါ။ ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အမည်ပြောင်းလျှောက်ထားခဲ့စဉ်က ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ချုပ်ဆိုခဲ့သည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄ အရသာ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့နှစ်ဦး အမည်ပေါက်ပြောင်းပေးခဲ့ခြင်းဖြစ်ပါ သည်။ တရားရုံးအမိန့်တွင် ဦးလှမြင့်ဖူးအား အမွေဆက်ခံသူမဟုတ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမရှိပါ။ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄၊ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၇၃၀၄/၂၀၁၄တို့အရ ဦးလှမြင့်ဖူးမှာ ဦးဖူး၏သားဖြစ်ပြီး ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့မှာ ဦးဖူး၏တရားဝင်အမွေဆက်ခံသူဖြစ်ကြောင်း ဒေါ်မီမီမြင့်ဖူးကိုယ်တိုင် ကျမ်းကျိန်မြွက်ဆိုထားပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီး မှုအမှတ် ၃၅၁/၂၀၀၂အမှုအား ရုပ်သိမ်းလွှာတင်ခဲ့ခြင်းမှာ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ ၂၉-၁၀-၂၀၀၄ရက်စွဲပါ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုညှိနှိုင်းပြေလည်၍ ရုပ်သိမ်းလွှာတင်ခဲ့ခြင်းဖြစ်ပါသည်။ ၂၉-၁၀-၂၀၀၄ရက် နှစ်ဖက်သဘောတူစာချုပ်အပိုဒ် (၅)ဖော်ပြချက်အရ အမှတ် (၉)နှင့် အမှတ် (၉/က)မြေကွက်နှစ်ကွက်နှင့် ၄င်းမြေကွက်နှစ်ကွက်ပေါ်ရှိ အဆောက်အအုံနှစ်ခုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီဖြင့်ဖူး တို့ ညီတူညီမျှ ထက်ဝက်စီအကျိုးခံစားခွင့်ရှိသဖြင့် ထက်ဝက်စီမဟုတ်သောခွဲစိတ်မှုအပေါ် ပူးတွဲအမည်ပေါက်ပိုင်ရှင် ဦးလှမြင့်ဖူးက လုံးဝကန့်ကွက်ပိုင်ခွင့် ရှိပါသည်။

သို့ပါ၍ ဦးလှမြင့်ဖူး၏ဥပဒေနှင့်အညီ ရပိုင်ခွင့်ရှိသည့် အကျိုးခံစားပိုင်ဆိုင်ခွင့်များကို ထိပါးနှောင့်ယှက်လာမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် ထပ်မံ၍ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် တစ်ဖက်သတ်စွပ်စွဲချက်များအပေါ်တွင်လည်း တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားချက်များရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးလှမြင့်ဖူး ၁၂/ရကန(နိုင်)၀၂၅၇၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်လှလှလွင် (စဉ်-၅၇၇၃)** | **ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄)** | **ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)** |
| **ဒေါ်လွင်မာ (စဉ်-၈၉၀၉)** | **ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)** | **ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)** |

**<u>တရားလွှတ်တော်ရှေ့နေများ</u>** **<u>အထက်တန်းရှေ့နေများ</u>**

**အမှတ်-၅၅(ဒုတိယထပ်)၊ အခန်း -၇၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

## ဝမ်းနည်းကြေကွဲခြင်း

# ဒုတိယဗိုလ်မှူးကြီးဇော်မြင့် (ငြိမ်း)

**(လေ-၁၆၅၃)၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၆)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ် ၅၁(မြေညီထပ်)နေ (ဦးထွန်းလှိုင်-ဒေါ်ခင်လေး)တို့၏သား၊ ဒေါ်စန္ဒာရင်(မစု)၏ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးဇော်မြင့်(ငြိမ်း)သည် ၂၂-၈-၂၀၁၅ရက် မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

# ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာမောင်တင်ဦး

**အသက်(၇၅)နှစ်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန် ၁၁လမ်း၊ လမ်းသွယ်(၂)၊အမှတ် ၀၆၆နေ ဒေါ်တင်တင်အေး၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့်ဝန်ထမ်းများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်မြမြ(မင်္ဂလာဈေး)

**အသက်(၇၃)နှစ်**

ဗိုလ်မှူးအေးမင်းထွန်း(ငြိမ်း)၊ လက်ထောက်ညွှန်ကြားရေးမှူး(စီးပွား/ကူးသန်း)-ဒေါ်ရွှေရည်စိုးဝင်းတို့၏မိခင် ဒေါ်မြမြသည် ၂၂-၈-၂၀၁၅ရက် ည၈း၃၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းနှင့်**
**ဝန်ထမ်းမိသားစု**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါက်တာဌေးအောင်

**အသက်(၆၀)**

မော်လမြိုင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာဌေးအောင်သည် ၂၄-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာခင်စန်းရီနှင့်**
**ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ**
**ပညာရေးဝန်ကြီးဌာန**

# ဒေါက်တာဌေးအောင်

**ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်**

**အသက်(၆၀)**

မွန်ပြည်နယ်၊ သထုံမြို့နေ (ဦးဘသောင်း-ဒေါ်ပူစီ)တို့၏သား၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်၊ တော်ဝင်ဆေးရုံနေ (ဦးသန်းဝင်း)-ဒေါ်ကျင်ယို့တို့၏သားသမက်၊ ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ဝါးတန်းလမ်း၊ အမှတ် ၆၂နေ ဒေါ်ယုလော်(ကထိက၊ ဓာတုဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာခိုင်ရည်မွန်(လက်ထောက်ဆရာဝန်၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး)၏ချစ်လှစွာသောဖခင်ကြီးသည် ၂၄-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၀း၁၀နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ကျေးဇူးအထူးတင်ရှိခြင်း

ကိုနိုင်ထူးအောင်(ခ)ကိုသာပို၏ နာရေးတွင် ယာဉ်မတော်တဆ ဖြစ်ချိန်မှစ၍ ရက်လည်ဆွမ်းကျွေးပြီးသည့်အချိန်ထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ပြည်တွင်းပြည်ပမှ မိတ်ဆွေများအား ကျေးဇူးအထူးတင်ရှိပါကြောင်း။ (လစ်ဟာမှုရှိခဲ့ပါက ခွင့်လွှတ်ပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ခင်မြင့်သိန်း(ခ)ဒေါ်အမာ အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ [ဦးငွေ (ရွှေမောင်း)-ဒေါ်သန်းမြ]တို့၏သမီး၊ (ဦးဘရှင်-ဒေါ်စိန်အိ)တို့၏သမီးချွေးမ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၄လမ်း၊ အမှတ်(၅၃-A)၊ ပထမထပ်နေ ဦးမြသိန်း(ညွှန်ချုပ်၊ ငြိမ်း၊ မြေတိုင်းဦးစီးဌာန)၏ဇနီး၊ (ဦးအေးမြင့်)၊ (ဒေါ်ခင်စန်းမြင့်)၊ ဒေါက်တာအောင်ထွဋ်-ဒေါ်ခင်လှရီ(ကျောင်းအုပ်၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း)-ဒေါ်ခင်ဝင်းကြည်၊ ဒေါက်တာဇော်မျိုးအောင်၊ ဒေါက်တာရင်ရင်မေ(Cook Island)၊ ဦးအေးမောင် (Ex. WHO)- ဒေါ်ညွန့်ညွန့်ဝေတို့၏အစ်မကြီး၊ (ဦးအောင်ကျော်-ဒေါ်သန်းမြင့်)၊ (ဦးတင်မောင်-ဒေါ်သိန်းမြင့်)၊ (ဦးစိုးမြင့်-ဒေါ်အုန်းသင်)၊ ဦးဆိုင်မောင်- (ဒေါ်လှကြည်)၊ (ဦးခင်မောင်)-ဒေါ်လှမြင့်၊ ဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း)-ဒေါ်သန်းနု၊ ဦးကျော်စိန်လှ-ဒေါ်အေးမြင့်၊ ဦးအောင်သွင်-ဒေါ်အေးစီတို့၏အစ်မ/ညီမသည် ၂၄-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မွေ့ာရုံ ဒါယိကာမကြီး**

# ဒေါ်သန်းမြိုင်

**အသက်(၇၈)နှစ်**

ထန်းတပင်မြို့နယ်၊ ကျွဲကူးကျေးရွာနေ (ဦးမောင်မြင့်-ဒေါ်အုံးကျင်)တို့၏သမီး၊ ဒေါ်ကြိုင်၊ (ဦးတင်စိုး)တို့၏ညီမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၂၉၁နေ (ဦးသန်းမောင်)၏ဇနီး၊ ဦးစံရင်-ဒေါ်ခင်သန်းဌေး၊ ဒေါ်စန်းစန်းအေး၊ ဦးကျော်လွင်-ဒေါ်ထက်ထက်ဟန်၊ (ဦးမင်းဦး)-ဒေါ်ချိုချိုမာ၊ ဦးဇော်မိုးသန်း-ဒေါ်ညိုညိုစန်း၊ ဦးဇော်မျိုးသန့်-ဒေါ်လဲ့ယဉ်ဝင်း၊ ဦးကျော်ကျော်ဝင်း-ဒေါ်ယုယုထွန်းတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် တစ်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

# ဗိုလ်မှူးစံဝင်း(ငြိမ်း) အသက်(၉၁)နှစ်

**ကြည်း/၇၅၅၉၊ အပတ်စဉ်(၁၈)**

**တောင်သူလယ်သမားအစည်းအရုံး**

**(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ငြိမ်း)**

**ဗိုလ်တထောင်ဘုရားဂေါပကအဖွဲ့ဝင်၊သက်ကြီးစာပေကန်တော့ခံပုဂ္ဂိုလ်**

ကျောက်ဆည်မြို့နေ (ဦးလူ-ဒေါ်ချို)တို့၏သားကြီး၊ (ဦးဝင်းမြင့်)-ဒေါ်လှထွေး၊ (ဦးအောင်သန်း-ဒေါ်မမလေး)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၁၆၃/၁၆၇နေ(ဒေါ်မြင့်မြင့်သန်း)၏ခင်ပွန်း၊ ဦးမျိုးသာ(Chief Chemist,Trelleborg Singapore.Pte.Ltd.)-ဒေါ်မြမြအေး၊ ဦးအောင်သင်း(YUH CHERN GUO GROUP,CHENG FONG Construction Service Co.,Ltd.) (Head Chairman)-ဒေါ်အေးအေးသိန်း (ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ငြိမ်း)၊ ဦးရဲမြင့်အောင်၊ ဦးမျိုးမြင့်အောင်(အောင်ဇမ္ဗူ သမဝါယမအသင်းလီမိတက်)(မန္တလေးတိုင်းတာဝန်ခံ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ငြိမ်း)၊ ဒေါ်ဥမ္မာကိုကြီး၊ ဦးထွန်းထွန်းဆွေ-ဒေါ်မိုးမိုးမြင့်တို့၏ဖခင်ကြီး၊ ဦးရဲဟိန်း(EXXON Mobil, Singapore)-Jocelyn (Camdam Hospital, Singapore)၊ ဒေါ်နေဝါပွင့်အောင်(ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန)၊ ဦးဇင်သူအောင် (SAF) Felicia (Secondary Teacher, Singapore)၊ဦးစည်သူအောင်(Uniteam Co.,Ltd.)-ဒေါ်ခင်မျိုးအေး(ခ)အတူး(Central Hotel)၊မောင်နိုင်ထူးအောင်(ခေတ္တ-စင်ကာပူ)၊ မနှင်းလဲ့ဖြူအောင်(အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်)၊ မအေးသဉ္ဇာထွန်း(Amethyst.Co.,Ltd.)၊မရွှေစင်ထွန်း(4th yr.Eng)၊မချောစုလွင်အောင်(4th yr.Eng)၊ မဝင်းလဲ့ထွန်းတို့၏အဘိုး၊ Jerry Lin Hein ၏အဘိုးသည် ၂၃-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၁၀း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၄-၈-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၃၀နာရီတွင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ထပ်ဆင့်အကယ်ဒမီ**

# ဒါရိုက်တာမောင်တင်ဦး

**အသက်(၇၅)နှစ်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်(၁၁)လမ်း၊ လမ်းသွယ်(၂)၊ အမှတ် ၀၆၆နေ [သခင်သိန်းဖေ-ဒေါ်မြမြ(တိုင်းချစ်ကျောင်းအုပ်ဆရာမကြီး)]တို့၏သား၊ (ဦးဇော်ဝမ်း)၊ မဆွေဆွေတို့၏အစ်ကို၊ ကိုသီဟတင်ဆန်း-မမီးမီးတင်ဦး၊ မဖြိုးဖြိုးတင်ဦး၊ ကိုနေဝင်းထွန်း-မနှင်းနှင်းတင်ဦးတို့၏ဖခင်၊ ဒေါ်တင်တင်အေး၏ခင်ပွန်းသည် ၂၄-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၉နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၅ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ခင်မြင့်သိန်း(ခ)ဒေါ်အမာ အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ [ဦးငွေ(ရွှေမောင်း)-ဒေါ်သန်းမြ]တို့၏သမီး၊ (ဦးဘရှင်-ဒေါ်စိန်အိ)တို့၏သမီးချွေးမ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၄လမ်း၊ အမှတ်(၅၃-A)၊ ပထမထပ်နေ ဦးမြသိန်း(ညွှန်ချုပ်၊ ငြိမ်း၊ မြေတိုင်းဦးစီးဌာန)၏ဇနီး၊ ဦးထွန်းဝင်း (CE)-ဒေါ်သန်းသန်းဦး၊ ဦးကျော်မြင့်-မချယ်ရီ၊ (ဦးတင်ထွဋ်)-ဒေါ်သီတာလှိုင်၊ ဦးနေလင်း-ဒေါ်ဆွေဆွေဝင်း(UNICEF)၊ မသန်းတို့၏မိခင်ကြီး၊ မောင်ရဲဝင်းအောင်(K.Line)၊ မသန္တာတင်ထွဋ်(CMA-CGM)၊ မခိုင်ဇင်ထွန်း(FP-I၊ ဆေး-၁)တို့၏ဘွားဘွားကြီးသည် ၂၄-၈-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါ်ကျော့သာဖြူ(စစ်တွေ) အသက်(၈၀)

**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး**

စစ်တွေမြို့၊ အိုးတန်းရပ်၊ ရွှေဘန်းလမ်းနေ (ဦးမောင်ဦးကျော်-ဒေါ်ဦးစိန်သာ)တို့၏သမီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၈၂၇နေ ဦးအောင်ကျော်ထွန်း(အမှုဆောင်အင်ဂျင်နီယာ၊ငြိမ်း၊ မြန်မာ့လျှပ်စစ်စက်လုပ်ငန်း)၏ဇနီး၊ ဒေါ်မိမိခိုင်-ဦးတင်မောင်ဝင်းတို့၏မိခင်၊ မောင်မြတ်မင်းသန့်(2nd Yr. B.Tech. Mech ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)၏အဘောင်ရင်၊ (ဦးရွှေကျော်သာ၊ ပြည်နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်မသာနုတို့၏ညီမ၊ ဒေါ်နှင်းအေးဖြူ(အထပြ၊ ငြိမ်း)၏အစ်မသည် ၂၄-၈-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်တင်၏ခင်ပွန်းဖြစ်သူ ဗိုလ်မှူးသိန်းလွင်(ငြိမ်း)၊ ရေ-၃၄၁၃သည် ၂၂-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂)မှ**
**သူငယ်ချင်းများ**

# ဒေါ်စန်းမီ (ဟင်္သာတ)

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂလမ်း၊အမှတ်(၅၂-A)နေ(ဦးတင်ဦး)၏ဇနီး၊ဦးစိန်သောင်း-(ဒေါ်တင်တင်စန်း)၊ ဦးတင်ရွှေ-ဒေါ်မြင့်မြင့်သန်း (တရုတ်တိုင်ပေ)၊ ဒေါက်တာစိုးလွင် (မွေ့ဆေးအထူးကု) - ဒေါ်ဇရာမင်းဦး၊ ဦးမြင့်ကို(MAPCO) - ဒေါ်အေးအေးမော်၊ ဦးကျော်ကျော်ဦး - ဒေါ်မာမာ၊ ဦးအောင်ဝေယံ - ဒေါ်မေမီစောတို့၏မိခင်၊ မြေး ၁၄ယောက်တို့၏ အဘွားသည် ၂၄-၈-၂၀၁၅ရက် နံနက် ၁း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးကိုလေး

**တပ်မတော်(ရေ)(ငြိမ်း)**

**အသက်(၇၃)နှစ်**

မန္တလေးမြို့နေ (ဦးကျော်စိန်-ဒေါ်ချစ်နွယ်)တို့၏သား၊ သန်လျင်မြို့၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သခင်ထွန်းအုပ်လမ်း၊ အမှတ် ၁၂နေ ဒေါ်တင်အေး၏ခင်ပွန်း၊ ဦးဌေးလွင်-ဒေါ်တင်တင်ဦး၊ ဒေါ်စန်းစန်းမော်၊ ဒေါ်ခင်မာဝင်း၊ ဦးမျိုးညွန့်-ဒေါ်လှိုင်လှိုင်ဝင်း၊ ဦးအောင်ကျော်ထွေး - ဒေါ်ကြည်အေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅- ၈-၂၀၁၅ရက် ညနေ ၃နာရီတွင် သန်လျင်မြို့အမိုးနီသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးကျော်

**အသက်(၉၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် ၉၅/A၊ ရန်ကုန်-အင်းစိန်လမ်းမကြီးနေ (ဦးမောင်ဆိုင်-ဒေါ်မမလေး)တို့၏သား၊ (ဦးစံငါး-ဒေါ်ဖွားစိန်)တို့၏သားသမက်၊ (ဒေါ်ကျင်ညို)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမြတ်ကျော်) - ဒေါ်အေးအေးမြင့်၊ ဦးတင်ဖေ-ဒေါ်ရီရီမြင့်၊ ဦးမြင့်ဆွေ-ဒေါ်တင်တင်သိန်း၊ ဦးသက်နိုင်၊ ဦးရဲနိုင်-ဒေါ်ဥမ္မာသွယ်၊ ဦးရဲလွင်-ဒေါ်စန္ဒာဝင်း၊ ဦးတင်ဦး-ဒေါ်ဥမ္မာကျော်၊ ဦးကျော်ဦး - ဒေါ်အိအိကျော်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၂ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၄-၈-၂၀၁၅ရက်နံနက် ၁၀း၄၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

# ဦးကျော်သာ

**(မြောင်းဘွေ၊ စစ်တွေ)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စစ်တောင်းရိပ်မွန်အိမ်ရာ၊ မြမင်္ဂလာလမ်း၊ တိုက် ၂၂၊ အခန်း ၁၀၂၊ ပထမထပ်နေ (ဒေါ်ကြာဖံညို)၏ ခင်ပွန်း၊ ဦးမောင်ဝင်း - ဒေါ်ခင်စောဝေ(မဝေအထည်ဆိုင်၊ မင်္ဂလာဈေး)၊ (ဦးတင်ရွှေ) - ဒေါ်အနှင်း(မိုးမိုး ကုန်စုံဆိုင်၊ အသောကဈေး)၊ ဦးစန္ဒာဝရ၊ ဒေါ်မသန်းရွှေ-ဦးသန်းထွန်း၊ ဒေါ်သန်းသန်းဌေး - ဦးလှဝင်းမောင် (EE-MAERSK LINE)တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးရှင်သည် ၂၃-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် ကျောက်မြောင်း၊ အသောကဈေးရှေ့တို့မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၅ရက်(စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

# ဒုအရာခံဗိုလ်DAM CIN KAP (Vangteh Guite)

**(တောင်သုံးလုံး)**

**အသက်(၅၈)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဗန်းတဲ့ကျေးရွာနေ(PU Khai Khaw Cin-Pi Cing Khan Ning)တို့၏သား၊ (Sgt Thang Khen Tuang)-Sia ma Cing Deih Vung တို့၏ညီ၊ (Nu Ciang Dim) - Pa Lang Khan Nang,Pa Khai Do Nang-Nu Niang Lam Cing,Nu Nek Za Naum-Pr Ngul Khan Pau,(Pa Thang Khan Sing)-Nu Cing Lian Vumg,Tg Dong En Thang,Capt Thang Cin Thawn-Nu Khoi Ngaih Lun,Nu Cing Za Lun-Pa Thang Khan Khai တို့၏အစ်ကို၊ Tg Cin Khan Lian, Lia Ning Lun Cing, Lia Cing San Nuam,Tg Thang Suan Mung,Tg Tuang Sian Sang တို့၏ချစ်လှစွာသောဖခင်၊ Nu Zam Khan Cing ၏ချစ်လှစွာသောခင်ပွန်းသည် ၂၃-၈-၂၀၁၅ရက် ညနေ ၅း၁၅နာရီတွင် အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၈-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး အေးငြိမ်းဇရပ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဆူးလေ ဇောနွေလဘုရားကျောင်းရှေ့မှကားများ နံနက် ၁၀နာရီနှင့် ဝါယာလက်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဘဒ္ဒန္တအာစိဏ္ဏာလင်္ကာရ

**အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊မဟာဂန္ထဝါစကပဏ္ဍိတ**

**သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့၊ ကုက္ကိုစုရပ်၊ ငွေတောင်တိုက် မဟာနာယက၊ သာသနပတိတေသီ ရွှေလင်းယုန်ကျောင်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာလင်္ကာရသည်(၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၈ရက်) ၂၃-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ဘဝနတ်နန်းစံမြန်းတော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၂၇-၈-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်မြကြည် (ပြည်/သဲကုန်း)

**စာတိုက်နှင့်ကြေးနန်း(ငြိမ်း)**

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် ၆၉နေ (ဦးတိုက်စိုး)၏ဇနီး၊ (ပါမောက္ခဌာနမှူးချုပ် ဒေါက်တာဦးဌေးလှိုင်စိုး)၊ ဦးမြင့်ကြိုင်စိုး-ဒေါ်ဝေဝေသန်းတို့၏မိခင်၊ မဝင်းဖြူဖြူမြင့်-မောင်ရဲမွန်အောင်၊ မမေသူထွန်း-မောင်အောင်ဇော်ထွေးတို့၏အဘွား၊ မမွန်ဟိန်းခိုင်၊ မငွေစန်းသော်၊ မောင်စိုးရန်ထွန်းတို့၏ဘွားဘွားကြီးသည် ၂၄-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးသိန်းလွင်

**အလယ်တန်းကျောင်းအုပ်ကြီး(ငြိမ်း)၊ ညောင်တုန်း**

**မန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်ရေး**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ ၄လမ်းထိပ်၊ အမှတ် ၁၆၅/ကနေ (ဦးကျင်တီ-ဒေါ်ချစ်)တို့၏သား၊(ဒေါ်စီစီ)၏ခင်ပွန်း၊ (ဦးညွန့်အောင်)၏ညီ၊ (ဒေါ်စန်းလေး၊ အိမ်တွင်းမှုသိပ္ပံကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဒေါ်သန်းနွဲ့၊ ဦးပေါ်ထွန်း-ဒေါ်ရီရီဦး၊ ဒေါ်ဥမ္မာသျှား(တရားလွှတ်တော်ရှေ့နေ)တို့၏အစ်ကို၊ ဦးသောင်းထိုက်-ဒေါ်ထက်ထက်၊ ဦးသောင်းထွဋ်(အကောက်ခွန်၊ ငြိမ်း)-ဒေါ်နီနီဝင်း၊ ဦးကျော်ဇေယျ(နိုင်ငံခြားရေး)-ဒေါ်မွန်မွန်စိုး၊ ဦးအောင်ဇော်မိုး(YUFL)-ဒေါ်သက်သက်ထွန်း၊ မဝါဝါလှိုင်-ဦးကိုကိုအောင်တို့၏ဖခင်ကြီး၊ မဆုမဥ္ဇူ (Daewoo E & P)၊ မလဲ့ဝါမွန် (Mango Media)၊ မခိုင်သော်စံ၊ မောင်မြတ်သူရ၊ မသက်ဝေသွယ်၊ မယုနန္ဒာ၊ မအေးသူဟန်၊ မောင်စိုးသီဟ၊ မောင်ဘုန်းမြတ်ပိုင်၊ မသွန်ဟန်ထူး၊ မလင်းထက်ဝါတို့၏အဘိုးသည် ၂၄-၈-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃း၅၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေးဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ဝင်းဝင်း

**(ဝင်းသရဖူ အီလက်ထရွန်နစ်၊ ဝင်းကမ္ဘာ ထီရောင်းဝယ်ရေး)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၇လမ်း၊ အမှတ် ၁၆၉နေ (ဦးချစ်-ဒေါ်အေးကြည်)တို့၏သမီး၊ သန်လျင်မြို့နေ ဦးစောညွန့်-ဒေါ်သိန်းတို့၏သမီးချွေးမ၊ဦးကြည်တင်-ဒေါ်အေးသန်း၊ဦးကြည်ခင်-ဒေါ်ယဉ်နွဲ့ဟန်(USA)၊ ဦးခင်ရွှေ-(ဒေါ်သန်းဝင်း)တို့၏ညီမ၊ ဦးဝင်းဟန်[C.E (LIZSTER)]၏ဇနီး၊ ဦးတင်မြင့်-ဒေါ်ရီရီစန်း(ရွှေပဒေသာအီလက်ထရွန်နစ်)၊ ဦးခိုင်ထူး-ဒေါ်သန်းသန်းဌေး(ဂျပန်)၊ ဦးသက်နိုင်အေး-ဒေါ်ခင်ခင်ဆွေ၊ ဦးသန်းထွဋ်(ဝင်းအီလက်ထရွန်နစ်)တို့၏အစ်မ၊ မောင်ဝေယံအောင်[AIT-(THAILAND)]၊ မခင်ရတနာဝင်း(Final Year BBM, NMC)တို့၏မိခင်ကြီးသည် ၂၃-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇း၁၅နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ရင်နု(ခ) ဒေါ်ယဉ်ယဉ်နု (မော်လမြိုင်)

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မြို့ပတ်လမ်း၊ ပထမထပ်(ခေါင်းရင်းခန်း)၊ အမှတ် ၁၄နေ ဦးအုန်းညွန့်၏ချစ်လှစွာသောဇနီး၊ မော်လမြိုင်နေ ဦးဖိုးတင်ဦး၊ ဦးအောင်ဆန်းဦး၊ ဒေါ်လှိုင်ရွှေ၊ (ဦးကိုကိုကြီး)- ဒေါ်ခင်လေးကြည်၊ဦးလှတိုး-ဒေါ်ခင်ကြည်တို့၏အစ်မကြီး၊ (ဦးလှဦး)-ဒေါ်ခင်အုန်းရီ၊ ဦးသန်းအောင်-ဒေါ်လဲ့လဲ့ဝင်း၊ ဦးအောင်ဇင်-ဒေါ်ညိုညိုစန်း၊ ဦးဝင်းဌေး-ဒေါ်စန်းစန်းနု၊ ဦးဇော်မင်းထွန်း-ဒေါ်သီတာညွန့်တို့၏မိခင်ကြီး၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၂၄-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၃း၂၈နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးဝင်းရွှေ (ပုပ္ပား)

**အရာခံဗိုလ်ရုံးအုပ်ချုပ်(ငြိမ်း)**

**ကက(ကြည်း)၊ စစ်ဆင်ရေး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**အသက်(၇၁)နှစ်**

ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားလွင်ကျေးရွာနေ (ဦးတွန်- ဒေါ်ခင်မေ)တို့၏သား၊ ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်နေ(ဦးကျော်မြ၊ စခန်းမှူး၊ ငြိမ်း - ဒေါ်တင်မေ)တို့၏ သားသမက်၊ကမာရွတ်မြို့နယ်၊(၃)ရပ်ကွက်၊ လင်းရောင်ခြည်လမ်း၊ ခြောက်လွှာ၊ အမှတ် ၁၀နေ ဒေါ်သန်းလှ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဟန်(ဦးစီးအရာရှိ၊ ငြိမ်း၊ စစစ)-ဒေါ်နှင်းဆီ(အလပြ)၊ ဦးရဲလွင် - ဒေါ်နန်းမြင့်တို့၏အစ်ကို၊ ဒေါက်တာယဉ်ယဉ်စုဝင်း (ကထိက၊ သချာင်္ဌာန၊ရန်ကုန်တက္ကသိုလ်)၊ဦးချစ်ကိုဝင်း (ဘူမိဗေဒ လက်ထောက်-၁၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ နေပြည်တော်)၊ ဒေါ်ချောချောစုဝင်း (လက်ထောက်ကထိက၊နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ချစ်လှစွာသောဖခင်သည်၂၃-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂း၅၀နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်သမ္မတ၏ အသက် ၁၀၀ နှစ်နှင့်အထက် အဘိုးအဘွားများအတွက် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ပွဲသို့ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး တက်ရောက်

သတင်း၊ စာမျက်နှာ-၄

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားရန် ယူအေအီးနိုင်ငံသို့ ထွက်ခွာ

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဩဂုတ် ၂၄

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယူအေအီးနိုင်ငံတွင် ခြေစမ်းပွဲကစားပြီး လေ့ကျင့်မှုများပြုလုပ်ရန်အတွက် ယနေ့နံနက်ပိုင်းက အဘူဒါဘီမြို့သို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်(၃) အဖြစ် စက်တင်ဘာ ၃ ရက်တွင် ကူဝိတ်အသင်းနှင့် အဝေးကွင်းပွဲစဉ် ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်မတိုင်မီ ယူအေအီးနိုင်ငံ၌လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ တစ်ပတ်ကြာလေ့ကျင့်မည်ဖြစ်ပြီး ဩဂုတ် ၂၈ ရက်တွင် ယူအေအီးလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယူအေအီးနိုင်ငံမှ ခြေစစ်ပွဲကစားမည့် စာမျက်နှာ ၁၀ ကော်လံ ၁ ❋





## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ချင်းပြည်နယ်ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ဘိလပ်မြေအိတ် ၅၉၇ တန်ထောက်ပံ့လှူဒါန်း

မုံရွာ ဩဂုတ် ၂၄

ချင်းပြည်နယ်အတွင်း ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ မြေပြိုခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ ယခုအခါတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ထောက်ပံ့လှူဒါန်းသည့် ဘိလပ်မြေအိတ် ၅၉၇ တန်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်းမှ ကလေးဝမြို့အထိ ဩဂုတ် ၂၃ ရက်က ဇက်ရေယာဉ်ဖြင့် တင်ပို့ပေးခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

### ချင်းတွင်းမြစ်ရေ ခန္တီး၌ ပြန်လည်ကျဆင်း

နေပြည်တော် ဩဂုတ် ၂၄

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် သုံးပေခွဲခန့်အထိမြင့်တက်ခဲ့ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်သို့ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

(မြန်မာ့အလင်း)

### လက်ရှိအစိုးရနဲ့အတူ ပူးတွဲဆောင်ရွက်တဲ့ ကလေးသူငယ်အရေးကိစ္စတွေအတွက် အားရကျေနပ်မှု ရှိပါတယ်

### ယူနီဆက်ဖ်၏ ဌာနေကိုယ်စားလှယ် မစ္စတာ ဗာထရန် ဘင်ဗန်

သတင်း၊ စာမျက်နှာ-၁၁






မြန်မာ့အလင်း
mmalin.mpt @ gmail.com, www.facebook.com/MYANMAALINNEWS

# ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

*ယမန်နေ့မှအဆက်*

**အခန်း(၄)**

**အလုပ်ချိန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ**

**အလုပ်ဖွင့်ချိန်နှင့်ပိတ်ချိန်များ**

၈။ ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာနတိုင်းကို ည ၁၁ နာရီနှင့် နံနက် ၅ နာရီကြား ပိတ်ထားရမည်။ သို့ရာတွင် ည ၁၁ နာရီအချိန်တွင် ဆိုင်၌ဝယ်ယူနေဆဲဖြစ်သော သို့မဟုတ် ဝယ်ယူရန်စောင့်ဆိုင်းနေသူအား အဆိုပါအချိန်ကုန်လွန်ပြီးနောက် တစ်ဆက်တည်းဖြစ်သော မိနစ် ၃၀ ကာလအပိုင်းအခြားအတွင်းတွင် ကုန်စည်ကိုရောင်းချနိုင်သည်။

၉။ အများပျော်ရွှင်ရေး အလုပ်ဌာနပါ ဇာတ်ရုံ၊ ဖျော်ဖြေပွဲများနှင့် ဝင်ကြေးအခမဲ့ ဗလာပွဲများ ကျင်းပသည့် နေရာများမှလွဲ၍ ကျန်အများပျော်ရွှင်ရေး အလုပ်ဌာနများကို နံနက် ၁ နာရီမှ နံနက် ၇ နာရီကြား ပိတ်ထားရမည်။ သို့ရာတွင် တနင်္ဂနွေနေ့နှင့် အများအလုပ်ပိတ်ရက်များတွင် အလှူပွဲ၊ ဝင်ကြေးမယူသော အထူးပွဲနှင့် ဆင်ဆာကိစ္စအတွက် ပြသသောရုပ်ရှင်ရုံများတွင် နံနက် ၆ နာရီမှစ၍ ဖွင့်ထားနိုင်သည်။

၁၀။ အလုပ်ရှင်သည်-

(က) လုပ်ငန်းသဘာဝအရ (၂၄)နာရီဖွင့်လှစ်ရန် လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာနများသည် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံရမည်။

(ခ) အထက်ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ (၂၄)နာရီ ဖွင့်လှစ်ခြင်းမပြုရ။

၁၁။ အလုပ်ရှင်သည် အောက်ဖော်ပြပါ ဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာနများကို လုပ်ငန်းသဘောသဘာဝအရ (၂၄) နာရီ ဖွင့်လှစ်လုပ်ကိုင်လိုပါက ဦးစီးဌာနသို့ ကြိုတင်အသိပေးအကြောင်းကြားပြီး ခွင့်ပြုချက်တောင်းခံရန်မလိုဘဲ လုပ်ကိုင်နိုင်သည်-

(က) လေဆိပ်၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဂိတ်၊ ဘူတာရုံများရှိ ဆိုင်များ၊ လမ်းတံတားအသုံးပြုခ ကောက်ခံရေးစခန်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်းနှင့်ကလပ်များ၊

(ခ) ဆေးရုံ၊ ဆေးခန်းများ၊ ဆေးနှင့်ဆေးပစ္စည်း ကိရိယာတန်ဆာပလာများ ရောင်းချသည့်ဆိုင်များ၊

(ဂ) ပြည်သူတို့အား လျှပ်စစ်ဓာတ်အား သို့မဟုတ် ဓာတ်ငွေ့ရည် သို့မဟုတ် ရေပေးဝေသောလုပ်ငန်း သို့မဟုတ် ဆက်သွယ်ရေး လုပ်ငန်းများနှင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည့် အများပြည်သူအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆိုင်များနှင့် အလုပ်ဌာနများ။

**အလုပ်ချိန်နာရီ**

၁၂။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုခု၌ အလုပ်လုပ်သော အလုပ်သမားတစ်ဦးအား တစ်ရက်လျှင် ၈ နာရီထက်ပို၍ လည်းကောင်း၊ ရက်သတ္တတစ်ပတ်လျှင် ၄၈ နာရီ ထက်ပို၍လည်းကောင်း၊ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

(ခ) သို့ရာတွင် တစ်ရက်လျှင် ၈နာရီ ထက်ပို၍လည်းကောင်း၊ ရက်သတ္တတစ်ပတ်လျှင် ၄၈ နာရီထက်ပို၍ လည်းကောင်း၊ အလုပ်သမား၏ သဘောဆန္ဒရယူ၍ ဥပဒေနှင့်အညီ အချိန်ပိုလုပ်ကိုင်နိုင်သည်။

(ဂ) အချိန်ပိုလုပ်သော နာရီစုစုပေါင်းသည် မည်သည့်ရက်သတ္တပတ်၌မဆို ၁၂နာရီ ထက်မပိုစေရ။ သို့ရာတွင် အထူးကိစ္စရပ်အနေဖြင့် လိုအပ်ချက်ရှိပါက ရက်သတ္တပတ်၌ ၁၆ နာရီထက်မပိုစေရ။ ထို့ပြင် ညသန်းခေါင် ၁၂ နာရီထက် ကျော်လွန်လုပ်ကိုင်ခြင်း မပြုရ။

၁၃။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုခုတွင် လုပ်ကိုင်သော အလုပ်သမား တစ်ဦးဦးကို မည်သည့်နေ့ရက်၌မဆို အနည်းဆုံး မိနစ် ၃၀ အနားမပေးဘဲ တစ်ဆက်တည်း ၅ နာရီထက်ပို၍ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။ ထို့အပြင် နားချိန်နှင့် အလုပ်လုပ်ချိန် စုစုပေါင်းသည် ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာနအတွက်ဖြစ်ပါက အချိန်ပိုနှင့် နားချိန် (၁)နာရီ အပါအဝင် တစ်ရက်လျှင် ၁၁ နာရီထက်မပိုစေရ။

(ခ) အစောင့်၊ လုံခြုံရေးအဖြစ်ဖြင့် အလုပ်လုပ်သူတို့အတွက် ပုဒ်မခွဲ (က)ပါ အနားယူရန် အားလပ်ချိန်မပေးဘဲနေနိုင်သည်။

၁၄။ (က) အသက် ၁၄ နှစ်မပြည့်သေးသော မည်သူ့ကိုမဆို ဆိုင်၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ဖြစ်စေ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

(ခ) ဆိုင်၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ဖြစ်စေ အသက် ၁၆ နှစ်မပြည့်သေးသူအား သတ်မှတ်အလုပ်ချိန်ထက် ကျော်လွန်၍ အချိန်ပိုလုပ်ခွင့်မပြုရ။

၁၅။ (က) အသက် ၁၄ နှစ် ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသူများကို အလုပ်လုပ်ရန်သင့်တော်ကြောင်း တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်၏ ခွင့်ပြုချက်ရယူလုပ်ကိုင်စေနိုင်သည်။ သို့သော် တစ်ရက်လျှင် ၄ နာရီထက် ပို၍လုပ်ကိုင်ခွင့်မပြုရ။ အားလပ်ချိန်နှင့် အလုပ်ချိန်စုစုပေါင်း ၅ နာရီထက် မပိုစေရ။

(ခ) အသက် ၁၄နှစ်ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသည့် မည်သူ့ကိုမျှ ည ၆ နာရီမှ နံနက် ၆ နာရီ အချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(ဂ) အသက် ၁၄နှစ် ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသည့် မည်သူ့ကိုမျှ ဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုခုတွင် အလုပ်လုပ်ပြီးသော ရက်၌ အခြားဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ခိုင်းစေခြင်း မပြုရ သို့မဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(ဃ) အသက် ၁၈ နှစ်မပြည့်သေးသော မည်သည့်အလုပ်သမားကိုမျှ သတ်မှတ်ထားသည့် အန္တရာယ်ရှိသော လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တွင် အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

(င) အသက် ၁၈ နှစ် မပြည့်သေးသော်လည်း အသက် ၁၆ နှစ်ပြည့်ပြီးသူများအနက်မှ သက်ဆိုင်ရာလုပ်ငန်းအလိုက် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်အောင်မြင်ပြီးသူဖြစ်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို နားလည်သိရှိလိုက်နာနိုင်သူဖြစ်ခြင်း၊ ကျန်းမာကြံ့ခိုင်သူဖြစ်ခြင်း စသည်တို့နှင့် ပြည့်စုံသူများအား ဘေးအန္တရာယ်ကင်းရှင်းပြီး ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ဓာတ်ကို မထိခိုက်စေနိုင်သည့် လုပ်ငန်းများတွင် အလုပ်လုပ်ရန် သင့်တော်ကြောင်း တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်၏ ထောက်ခံချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

**နားရက်နှင့် အချိန်ပိုလုပ်ခ**

၁၆။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် အလုပ်ဌာနအသီးသီး၌ ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး တစ်ရက်ကို အလုပ်သမားနားရက်အဖြစ် သတ်မှတ်ပေးရမည်။

(ခ) အထက် ပုဒ်မခွဲ(က)ပါ နားရက်တစ်ရက်အတွက် ထိုအလုပ်သမား၏ ရသင့်သော အခကြေးငွေကို ဖြတ်တောက်ခြင်းမပြုရ။

၁၇။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ အခကြေးငွေကို ထိုအခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် တစ်ဆက်တည်းဖြစ်သော ၇ ရက်နေ့ထက် နောက်ကျ၍ ထုတ်ပေးခြင်းမပြုရ။

၁၈။ အလုပ်ရှင်သည်-

(က) ဆိုင် သို့မဟုတ် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ သဘောတူညီချက်အရ အချိန်ပိုလုပ်ရလျှင် အချိန်ပိုနာရီအလိုက် ဤဥပဒေပါ သတ်မှတ်ချက်အတိုင်း အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးရမည်။

(ခ) အထက် ပုဒ်မခွဲ (က)အရ အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးခြင်းမပြုဘဲ အချိန်ပိုခိုင်းစေခြင်း မပြုရ။

**အခန်း(၅)**

**အလုပ်သမားများ၏ တာဝန်များ**

၁၉။ အလုပ်သမားသည် -

(က) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ခ) ကုန်ပစ္စည်းများ သို့မဟုတ် လုပ်ငန်းသုံးပစ္စည်းများကို မပျက်စီး၊ မပျောက်ပျက်၊ မလေလွင့်အောင် ထိန်းသိမ်းရမည်။

၂၀။ အလုပ်သမားသည်-

(က) မိမိလုပ်ကိုင်ရန် သတ်မှတ်ထားသည့် လုပ်ငန်းပမာဏကို ပြည့်မီစေရန်နှင့် တိုးတက်စေရန် ကာယ၊ ဉာဏစွမ်းအားရှိသမျှ စိုက်ထုတ်လုပ်ကိုင်ဆောင်ရွက်ရမည်။

(ခ) ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ အလုပ်ရှင်ထံ ဥပဒေနှင့်အညီ စနစ်တကျ တင်ပြတောင်းဆိုရမည်။

**အခန်း(၆)**

**အလုပ်ရှင်၏ တာဝန်များ**

၂၁။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာန စတင်ဖွင့်လှစ်ခြင်း၊ နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊ လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခြင်း၊ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်း၊ လုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်းနှင့် အပြောင်းအလဲပြုလုပ်ခြင်း စသည်တို့အတွက် ပြောင်းလဲသည့်ရက်မှစ၍ အနည်းဆုံး ၁၀ ရက်အတွင်း သတ်မှတ်ထားသောပုံစံဖြင့် စစ်ဆေးရေးအရာရှိထံ သက်ဆိုင်ရာဌာန၊ ကော်မတီအသီးသီးမှ ခွင့်ပြုထုတ်ပေးထားသော လိုင်စင်မိတ္တူနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၂၂။ အလုပ်ရှင်သည် ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ-

(က) ထားရှိရမည့် စာရွက်စာတမ်း၊ စာရင်းဇယား၊ စာချုပ်၊ သက်သေခံအထောက်ထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို စစ်ဆေးရေးအရာရှိက ကြည့်ရှုစစ်ဆေးနိုင်ရန် စီစဉ်ထားရှိရမည်။

(ခ) ဆိုင်၌ဖြစ်စေ၊ အလုပ်ဌာန၌ဖြစ်စေ ဤဥပဒေနှင့်အညီ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ မိမိထားရှိသည့် မှတ်ပုံတင်စာအုပ်၊ အလုပ်ရှင်ဖြစ်ကြောင်း အထောက်အထား သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများကို ထုတ်ပြရန် စစ်ဆေးရေးအရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

၂၃။ အလုပ်ရှင်သည် ဤဥပဒေပါကိစ္စများအလို့ငှာ လုပ်ငန်းခွင်တွင် မြင်သာသော နေရာ၌ အလုပ်လုပ်ရန် ကာလအပိုင်းအခြား နို့တစ်စာကို ချိတ်ဆွဲထားရမည်။

၂၄။ အလုပ်ရှင်သည် အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အလုပ်သမားများကို အသိပေးထားရမည်။

**အခန်း(၇)**

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး**

၂၅။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနတိုင်းတွင် -

(က) ဥပစာများ သန့်ရှင်းရေး၊ အနံ့အသက် ကင်းရှင်းစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်ရေးတို့အတွက် ကောင်းမွန်စွာ စီမံထားရမည်။

(ခ) လေဝင်လေထွက် ကောင်းမွန်စေရန်နှင့် လုံလောက်သော အလင်းရောင် ရရှိစေရန် စီမံထားရမည်။

(ဂ) သတ်မှတ်ထားသည့် ဆူညံသံထက် လွန်ကဲမှုမရှိစေရန် စီမံထားရမည်။

(ဃ) အပူချိန်လွန်ကဲမှုမရှိစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးကို စီမံဆောင်ရွက်ထားရမည်။

(င) အလုပ်သမားများအတွက် ရှေးဦးသူနာပြု ဆေးသေတ္တာနှင့် ဆေးဝါးများကို လုံလောက်စွာ စီမံထားရမည်။

**အခန်း(၈)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၆။ မည်သည့်အလုပ်သမားမဆို ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၁၊ ၂၂၊ ၂၃ နှင့် ၂၄ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံးကျပ် ၁၅ သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၀၊ ၁၁၊ ၁၂၊ ၁၃ နှင့် ၂၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံးကျပ်သိန်း ၅၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၆၊ ၁၇ နှင့် ၁၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၅ သိန်းမှ အများဆုံး ကျပ် ၇၅ သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၄ နှင့် ၁၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သည့် အလုပ်ရှင်နှင့်အလုပ်သမားမဆို ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုထပ်မံ၍ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထပ်မံ၍ကျူးလွန်သည့် ပြစ်မှုအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်၏ နှစ်ဆအထိ ချမှတ်ရမည်။

**အခန်း(၉)**

**အထွေထွေပြဋ္ဌာန်းချက်များ**

၃၂။ ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီဆောင်ရွက်သော ဦးစီးဌာနရှိ ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော် လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၃၃။ (က) အလုပ်သမားသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အလုပ်ရှင်က ဖောက်ဖျက်ကျူးလွန်သည့်နေ့မှ ၃ လအတွင်း စစ်ဆေးရေးအရာရှိထံ အကြောင်းကြားစာပေးပို့၍ တိုင်ကြားနိုင်သည်။ စစ်ဆေးရေးအရာရှိသည် ထိုအကြောင်းကြားစာကို လက်ခံရရှိပါက လိုအပ်သလိုစစ်ဆေး၍ မှန်ကန်မှုရှိလျှင် စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် အလုပ်ရှင်အား တရားစွဲဆိုနိုင်သည်။

(ခ) ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ ပြုသည့်ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူအား မည်သည့်တရားစီရင်ပိုင်ခွင့်အာဏာရ တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။

(ဂ) မည်သည့်တရားရုံးကမျှ ဤဥပဒေအရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ဤဥပဒေအရ ခန့်အပ်သည့် စစ်ဆေးရေးအရာရှိက တိုင်တန်းသည့်အခါမှတစ်ပါး အရေးယူပိုင်ခွင့်မရှိစေရ။

၃၄။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မည်သည့် စီရင်ပိုင်ခွင့်အာဏာရ တရားသူကြီးမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်တွင် သတ်မှတ်ထားသည့် ပြစ်ဒဏ်ချမှတ်ရန် စီရင်ပိုင်ခွင့် အာဏာရရှိစေရမည်။

၃၅။ ဝန်ကြီးဌာနသည် ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ ဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ စက်မှုလက်မှု အလုပ်ဌာနနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနဖြစ်သည်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်သည်။

၃၆။ ဤဥပဒေသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ-

(က) လမ်းဘေးပုံကျဈေးဆိုင်များ၊

(ခ) အခါအားလျော်စွာ ပြုလုပ်သော အများပြည်သူဆိုင်ရာ ပြပွဲများ၌ ရောင်းချသော စားသောက်ဆိုင်များနှင့် အခြားဆိုင်များ၊

(ဂ) ယာယီမျှသာ ကျင်းပသောပွဲများတွင် တည်ခင်းသည့် အများပျော်ရွှင်ရေး အလုပ်ဌာနများ၊ စားသောက်ဆိုင်နှင့် အခြားဆိုင်များ။

၃၇။ (က) ဖက်စပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကပိုင် ဆိုင် သို့မဟုတ် အလုပ်ဌာနများတွင် ဖက်စပ်ပါဝင်သူများ သို့မဟုတ် တရားဝင်မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင် မည်သူ့ကိုမဆို အလုပ်ရှင်ဟု သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ သို့ရာတွင် ဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့တွင် ပါဝင်သူတို့အနက် တစ်ဦးဦးကို ဤဥပဒေပါ ကိစ္စများအလို့ငှာ အလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီးဖြစ်ကြောင်း၊ ထိုဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့က စစ်ဆေးရေးအရာရှိထံသို့ အကြောင်းကြားစာ ပေးပို့ရမည်။ ထို့အပြင် ထိုပုဂ္ဂိုလ်သည် စစ်ဆေးရေးအရာရှိက ၎င်း၏အမည် တင်သွင်းထားခြင်းကို ပယ်ဖျက်သည့် အကြောင်းကြားစာကို လက်ခံရရှိခြင်းမရှိသည့် အချိန်ထိ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ဆိုင် သို့မဟုတ် အလုပ်ဌာနသည် အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအနက် မည်သည့် ဒါရိုက်တာအဖွဲ့ဝင်ကိုဖြစ်စေ၊ ပုဂ္ဂလိကပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အစုစပ် ပါဝင်သူတစ်ဦးဦးကိုဖြစ်စေ မည်သူ့ကိုမဆို အလုပ်ရှင်အဖြစ်သတ်မှတ်၍ အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတစ်ခုခုအတွက် ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးသည် မိမိအား အမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့် အကြောင်းကြားစာကို စစ်ဆေးရေးအရာရှိက မရမီသော်လည်းကောင်း၊ အစုစပ်ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော် လည်းကောင်း၊ ဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃၈။ ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေအာဏာတည်သည့်နေ့တွင် တည်ဆဲဖြစ်သော အခြားဥပဒေအရ သော်လည်းကောင်း၊ ပဋိညာဉ်အရ သော်လည်းကောင်း၊ ဓလေ့ထုံးစံအရသော်လည်းကောင်း၊ အလုပ်သမားများ ခံစားခွင့်ရှိသည့် အခွင့်အရေးသည် ဤဥပဒေဖြင့် ထိုသူအား ပေးအပ်ထားသော အခွင့်အရေးထက် သာလွန်ကောင်းမွန်ပါက ခံစားခွင့်ရရှိနေသော မူလအခွင့်အရေးကို ရရှိခံစားစေရမည်။

၃၉။ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**( ၂၀၁၅ ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ"**ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များကို ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးရမည်-
(က) **"အင်စပက်တော်ချုပ်"** - - - - - **"အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်"**
(ခ) **"အင်စပက်တော်"**- - - - - **"စစ်ဆေးရေးအရာရှိ"**
(ဂ) **"အလုပ်လုပ်ရန်သင့်- - - - - "အလုပ်လုပ်ရန် သင့်လျော် လက်မှတ်"** **ကြောင်း တာဝန်ခံမှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ်"**
(ဃ) **"တာဝန်ခံလက်မှတ်"** - - - - - **"အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ်"**
(င) **"မှတ်ပုံဝင် ဆရာဝန်"**- - - - - **"မှတ်ပုံတင် ဆရာဝန်"**
(စ) **"မြန်မာနိုင်ငံ ဘယဆေး - - - - - "တိုင်းရင်းဆေးကောင်စီဥပဒေ" ဆိုင်ရာ အက်ဥပဒေ"**
(ဆ) **"အဆက်ဆာလူကြီး"**- - - - - **"အကဲဖြတ်ပုဂ္ဂိုလ်"**
(ဇ) **"မြူနီစီပယ်"**- - - - - **"စည်ပင်သာယာရေးအဖွဲ့"**

၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၂ တွင်-
(က) ပုဒ်မခွဲ(က) ၌ပါရှိသော **"အသက်တဆယ့်ငါးနှစ် မပြည့်သေးသူ"** ဆိုသည့်စကားရပ်ကို **"အလုပ်လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ဆရာဝန်က ခွင့်ပြုသည့် အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး အသက်တစ်ဆယ့်ခြောက်နှစ်မပြည့်သေးသူ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ(ခ)၌ ပါရှိသော **"အသက်တဆယ့်ငါးနှစ်ပြည့်ပြီး ဖြစ်လျက်၊ အသက်ဆယ့်ရှစ်နှစ်မပြည့်သေးသူ"** ဆိုသည့်စကားရပ်ကို **"အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီး အသက်တစ်ဆယ့်ရှစ်နှစ်မပြည့်သေးသူ"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ဂ) ပုဒ်မခွဲ(ဋ)၊ ပုဒ်မခွဲငယ်(ဃဃ)၌ ပါရှိသော **"အက္ခရာပုံနှိပ်မှု"** ဆိုသည့်စကားရပ်ကို **"စာပုံနှိပ်မှု"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ယင်း၏နောက်တွင် **"မိတ္တူကူးယူလုပ်ကိုင်မှု"** စကားရပ်ကို ဖြည့်စွက်ရမည်။
(ဃ) ပုဒ်မခွဲ(ဋ)၊ ပုဒ်မခွဲငယ်(ငင)၌ ပါရှိသော **"ရေယာဉ်ကိုဖြစ်စေ"** ဆိုသည့် စကားရပ်၏နောက်၌ **"အခြားယာဉ်တစ်မျိုးမျိုးကိုဖြစ်စေ"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။
(င) ပုဒ်မခွဲ(ဋ)၊ ပုဒ်မခွဲငယ်(ဃဃ)၏ နောက်တွင် ပုဒ်မခွဲငယ်(ငင)နှင့် ပုဒ်မခွဲငယ် (စစ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဖြစ်ပြီး မူရင်းပုဒ်မခွဲငယ် (ငင) ကို ပုဒ်မခွဲငယ်(ဆဆ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်-
**"(ငင) လျှပ်စစ်နှင့် အီလက်ထရောနစ်နည်းပညာဆိုင်ရာပစ္စည်းများ တည်ဆောက်မှု၊ ပြန်လည်တည်ဆောက်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ပြန်လည်တပ်ဆင်မှု၊ အပြီးသတ်ထုတ်လုပ်မှု သို့မဟုတ် ပြန်လည်အသုံးပြုနိုင်ရန် စီမံမှု၊**
**( စစ ) ဓာတုပစ္စည်းများ စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ရွှေ့ပြောင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်ရသောလုပ်ငန်း။"**
(စ) ပုဒ်မခွဲ(ဌ)၌ ပါရှိသော **"သို့ရာတွင် ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း မလုပ်သည့်အခန်းတွင်၊ သို့တည်းမဟုတ် နေရာတခုခုတွင်၊ စာရေးအဖြစ်ဖြင့် လုံးလုံးခိုင်းစေခံရသူ မပါဝင်ချေ"** ဆိုသည့်စကားရပ်ကို **"ယင်းစကားရပ်တွင် ပြုလုပ်မှုလုပ်ငန်းစဉ်နှင့် မသက်ဆိုင်သည့်နေရာ သို့မဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်နှင့် ဆက်စပ်သော နေရာတစ်ခုခုတွင် ကြီးကြပ်သူ၊ စာရင်းကိုင်၊ စာရေး၊ လုံခြုံရေး၊ ယာဉ်မောင်း၊ သန့်ရှင်းရေး၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သား စသည်တို့လည်း ပါဝင်သည်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ဆ) ပုဒ်မခွဲ (ဍ)ကို အောက်ပါအတိုင်းအစားထိုးရမည်-
**"(ဍ) အလုပ်ရုံဆိုသည်မှာ အလုပ်သမားငါးဦးနှင့်အထက် အလုပ်သမားများလုပ်နေသည့် သို့မဟုတ် လွန်ခဲ့သည့်ဆယ့်နှစ်လအတွင်း မည်သည့်ရက်တွင်မဆို လုပ်နေခဲ့သည့်အပြင် ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်းလုပ်သော အစိတ်အပိုင်းတစ်ခုခုတွင် အားအကူအညီဖြင့် လုပ်နေသည့် သို့မဟုတ် သာမန်အားဖြင့် လုပ်သည့် အဆောက်အအုံတစ်ခုခုနှင့်တကွ ဥပစာကိုပါ ဆိုလိုပြီး အလုပ်သမားပေါင်းတစ်ဆယ်ဦးနှင့်အထက် အလုပ်သမားများလုပ်နေသည့် သို့မဟုတ် လွန်ခဲ့သည့် ဆယ့်နှစ်လအတွင်း မည်သည့်ရက်တွင်မဆိုလုပ်နေခဲ့သည့်အပြင်၊ ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်းလုပ်သော အစိတ်အပိုင်းတစ်ခုခုတွင် အားအကူအညီမရှိဘဲလုပ်နေသည့် သို့မဟုတ် သာမန်အားဖြင့် ယင်းသို့လုပ်သည့် အဆောက်အအုံတစ်ခုခုနှင့်တကွ ဥပစာလည်းပါဝင်သည်။ ထို့ပြင် အလုပ်သမားတစ်ဦးနှင့်အထက် လုပ်ကိုင်သည့် မော်တော်ယာဉ်ပြင်ဆင်ရာဌာန၊ မော်တော်ယာဉ်ဆေးသုတ်ရာဌာန၊ စာပုံနှိပ်ဌာနနှင့် ဆီကြိတ်ဌာနများ ပါဝင်သည့်အပြင် လိုအပ်ပါက အခြားအလုပ်ဌာနများကိုလည်း အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။ သို့ရာတွင် မြန်မာ့သတ္တုတွင်းဥပဒေနှင့် သက်ဆိုင်သည့် သတ္တုတွင်း မပါဝင်ချေ။"**

၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၅)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(၅)၊ ပုဒ်မ ၄၇၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၅ ၊ ပုဒ်မခွဲ(၅)၊ ပုဒ်မ ၅၇၊ ပုဒ်မခွဲ (၁)နှင့် ပုဒ်မခွဲ(၃)၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲ (၄) နှင့် ပုဒ်မခွဲ (၆)၊ ပုဒ်မ ၈၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၈၄ နှင့် ပုဒ်မ ၁၀၅ တို့၌ ပါရှိသော **"နိုင်ငံတော်သမတ"** ဆိုသည့်စကားရပ်ကို **"ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၏ **ပုဒ်မ ၅၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၅၀၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲ(၃)နှင့် ပုဒ်မ ၁၀၀** တို့ကို ပယ်ဖျက်ရမည်။

၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(၂)၌ ပါရှိသော **"အင်စပက်တော်ချုပ်ထံသို့ စာပို့တိုက်မှ ရီစစ္စတြီပြု၍ပေးပို့ရာ၊ ယင်းသို့ပေးပို့သည့်နေ့မှ သုံးလအတွင်း လျှောက်ထားသူထံသို့ အမိန့်စာမပေးပို့လျှင်၊ ထိုလျှောက်လွှာတွင် လျှောက်ထားတောင်းဆိုသည့် ခွင့်ပြုချက်ကို ပေးပြီးဖြစ်သည်ဟု မှတ်ယူရမည်"** ဆိုသည့်စကားရပ်ကို **"အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ၊ အခြားသင့်တော်သောနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရာတွင် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ခွင့်ပြုပေးခြင်း သို့မဟုတ် အကြောင်းပြချက်ဖော်ပြ၍ ငြင်းပယ်ခြင်းပြုရမည်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၆၊ ပုဒ်မခွဲ(၃)၌ ပါရှိသော **"အစိုးရ"**ဆိုသည့်စကားရပ်ကို **"အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၈ တွင်-
(က) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ဂ)၌ ပါရှိသော **"နေရပ်အပြည့်အစုံ"** ဆိုသည့် စကားရပ်၏ နောက်တွင် **"ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်(စ်) နံပါတ်၊ အီးမေးလ်လိပ်စာ"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။
(ခ) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(င)၌ ပါရှိသော **"အသုံးပြုရမည့် အားအမျိုးအစားနှင့်ပမာဏ"** ဆိုသည့်စကားရပ်ကို **"လုပ်ငန်းအမျိုးအစား၊ အသုံးပြုရမည့် လျှပ်စစ်ဝန်အားနှင့်စက်စွမ်းအား"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ဂ) ပုဒ်မခွဲ(၆)၌ ပါရှိသော **"ပိတ်ရသည့်အလုပ်ရုံမှာ တဆယ့်ငါးယောက်ထက်မများသော အလုပ်သမားများကို ခိုင်းစေသည့်အလုပ်ရုံဖြစ်လျှင်၊ ယင်းသို့ပိတ်သည့်အချိန်မှ ခုနစ်ရက်အတွင်း အင်စပက်တော်ချုပ်ထံ အကြောင်းကြားရမည်"** ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။
(ဃ) ပုဒ်မခွဲ(၇)၌ ပါရှိသော **"သို့ရာတွင် တဆယ့်ငါးယောက်ထက်မများသော အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရုံဖြစ်လျှင်၊ အလုပ်ကို ပြန်လည်လုပ်သည့်နေ့မှ ခုနစ်ရက်အတွင်း ယင်းသို့ပြန်လည်လုပ်ကြောင်း နို့တစ်စာကို အင်စပက်တော်ချုပ်ထံ ပေးပို့ရမည်"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဏ)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)နှင့် ပုဒ်မခွဲ (၆)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (၈)၊ပုဒ်မ ၄၆၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၅၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မခွဲ (၄)၊ ပုဒ်မ ၆၁၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မခွဲ (၄)၊ ပုဒ်မ ၁၀၃ တို့၌ပါရှိသော **"နိုင်ငံတော်သမတ"** ဆိုသည့်စကားရပ်ကို **"အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် -
(က) ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၉၃၊ ပုဒ်မခွဲ(၃)နှင့် ပုဒ်မ ၁၀၂ တို့၌ ပါရှိသော **"အစိုးရ"** ဆိုသည့်စကားရပ်ကို **"ပြည်ထောင်စုအစိုးရ"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၌ ပါရှိသော **"ဒေသန္တရ၊ သို့တည်းမဟုတ် အခြားပြည်သူ့ အာဏာပိုင်"** ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၉၃၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၁၀၂ တို့၌ ပါရှိသော **"အခြားဒေသန္တရ အာဏာပိုင်"** ဆိုသည့်စကားရပ်တို့ကို **"နေပြည်တော်အပါအဝင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကောင်စီ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့"** ဆိုသည့် စကားရပ်တို့ဖြင့် အစားထိုးရမည်။

၁၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-
**"(၁) ကျန်းမာရေးဝန်ကြီးဌာနမှခန့်အပ်ထားသည့် မှတ်ပုံတင်ဆရာဝန်များနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၌ တာဝန်ထမ်းဆောင်နေသောဆရာဝန်များအား ဤအက်ဥပဒေကိစ္စအလို့ငှာ အလုပ်လုပ်ရန်သင့်လျော်ကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးသည့် ဆရာဝန်များအဖြစ် မှတ်ယူရမည်။"**

၁၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင်ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မခွဲ(၃)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ၂၂၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၆)၊ ပုဒ်မ ၄၀၊ ပုဒ်မခွဲ(၇)၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၆၇၊ပုဒ်မခွဲ(၈)၊ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၇၃၊ ပုဒ်မခွဲ(၃)နှင့် ပုဒ်မ ၈၁၊ ပုဒ်မခွဲ(၂) တို့၌ ပါရှိသော **"နိုင်ငံတော်သမတ"** ဆိုသည့်စကားရပ်ကို **"အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင်-
(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(င)၌ပါရှိသော **"ပြဋ္ဌာန်းထားသည့်"** ဆိုသည့် စကားရပ်ကို **"သတ်မှတ်ထားသည့်"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၇၃၊ ပုဒ်မခွဲ(၃)နှင့် ပုဒ်မ ၈၁၊ ပုဒ်မခွဲ (၂) တို့၌ပါရှိသော **"ပြဋ္ဌာန်းနိုင်သည်"** ဆိုသည့်စကားရပ်ကို **"သတ်မှတ်နိုင်သည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ဂ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ(၄)၌ပါရှိသော **"ပြဋ္ဌာန်းနိုင်သည်"** ဆိုသည့်စကားရပ်ကို **"အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ဃ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၃)၌ပါရှိသော **"ပြဋ္ဌာန်းနိုင်သည်"**ဆိုသည့် စကားရပ်ကို **"ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်"** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **"ပြဋ္ဌာန်းနိုင်သည့်အပြင်"** ဆိုသည့် စကားရပ်ကို **"ညွှန်ကြားချက်များထုတ်ပြန်နိုင်သည့်အပြင်"** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။
(င) ပုဒ်မ ၂၂၊ ပုဒ်မခွဲ(၂)၌ ပါရှိသော **"နည်းဥပဒေများပြုနိုင်သည်"** ဆိုသည့်စကားရပ်တို့ကို **"ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(စ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ(၂)၌ ပါရှိသော **"ပြဋ္ဌာန်းသည့်"** ဆိုသည့်စကားရပ်ကို **"သတ်မှတ်သည့်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ဆ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ(၃)၊ ပုဒ်မခွဲငယ်(က)၌ ပါရှိသော **"ပြဋ္ဌာန်းနိုင်သည်"** ဆိုသည့် စကားရပ်ကို **"ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ဇ) ပုဒ်မ ၆၇၊ ပုဒ်မခွဲ(၈)၌ပါရှိသော **"ပြဋ္ဌာန်းနိုင်သည်"** ဆိုသည့်စကားရပ်ကို **"ထုတ်ပြန်နိုင်သည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၄ တွင်-
(က) ပုဒ်မခွဲ(၁)၌ ပါရှိသော **"ပြုလုပ်မှုလုပ်ငန်းစဉ်အရ၊ စွန့်ပစ်သည့်ပစ္စည်းများနှင့် ယိုစီးသည့်အရာများကို၊ သုတ်သင်ရှင်းလင်းရန်အတွက်၊ ထိရောက်သော အစီအစဉ်များပြုရမည်"** ဆိုသည့်စကားရပ်ကို **"ပြုလုပ်မှုလုပ်ငန်းစဉ်အရ စွန့်ပစ်သည့်ပစ္စည်းများ၊ ယိုစီးသည့်အရာများနှင့် အခိုးအငွေ့များ၊ အမှုန်အမွှားများ၊ အနံ့အသက်များကို ရှင်းလင်းသန့်စင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်ထားရမည်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ(၂)၌ ပါရှိသော **"သတ်မှတ်သည့်အာဏာပိုင်၏ သဘောတူညီချက်ကို ရရှိရမည်ဟု"** ဆိုသည့် စကားရပ်ကို **"သက်ဆိုင်ရာဌာနများ၏ သဘောတူညီချက်ရယူရမည်ဟု"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂)၌ ပါရှိသော **"ပြဒါးတိုင်တခု"** ဆိုသည့်စကားရပ်ကို **"အပူချိန်တိုင်းကိရိယာနှင့် အခြားလိုအပ်သည့်ကိရိယာများ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(၂)၌ ပါရှိသော **"အင်တာနယ်ကွန်ဘတ်ရှင်း"** ဆိုသည့်စကားရပ်နှင့် ပုဒ်မ၂၀၊ ပုဒ်မခွဲ(၄)၌ပါရှိသော **"ပြည်သူ့ကျန်းမာရေး အာဏာပိုင်များက စစ်ဆေးရန် နည်းလမ်းများကိုငှင်း"** ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

၁၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ(၂)နှင့် ပုဒ်မခွဲ (၃)တို့၌ ပါရှိသော **"ထွေးခံ"** ဆိုသည့် စကားရပ်ကို **"တံတွေးထွေးရန်ခွက်နှင့် အမှိုက်ပုံး"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၃၆၊ ပုဒ်မခွဲ(၂)၏ နောက်၌ ပုဒ်မခွဲ(၃)နှင့် ပုဒ်မခွဲ(၄) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
**"(၃) အမျိုးသမီး အလုပ်သမားများအား မိန်းမသဘာဝ ဓမ္မတာလာစဉ်အချိန်မျိုးတွင် လုပ်ငန်းခွင်၌ ကျန်းမာရေးအရ လုပ်ကိုင်နိုင်စွမ်းမရှိကြောင်း မှတ်ပုံတင်ဆရာဝန်၏ ဆေးထောက်ခံချက်နှင့်တကွ တင်ပြလာပါက အလုပ်ရှင်က လိုအပ်သလိုစီစဉ်ဆောင်ရွက်ပေးရမည်။"**
**"(၄) ကိုယ်ဝန်ဆောင် အမျိုးသမီးအလုပ်သမားများအား ၎င်း၏ ကိုယ်ဝန်ကို မထိခိုက်စေရန် ပေါ့ပါးသောတာဝန်များကိုသာ စေခိုင်းရမည်။ ကိုယ်ဝန် ခုနစ်လနှင့်အထက်ရှိသော အမျိုးသမီးအလုပ်သမားများအား အချိန်ပိုလုပ်ငန်းများနှင့် ညအချိန်တွင် စေခိုင်းခြင်းမပြုရ။"**

၁၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-
**"၃၇-က။ လုပ်ငန်းပိုင်ရှင်သည် အလုပ်ရုံ၏ ပြုလုပ်မှုလုပ်ငန်းစဉ်ကြောင့် ထွက်ရှိသော ဆူညံသံပမာဏသည် အလုပ်သမားများ၏ အကြားအာရုံနှင့်ကျန်းမာရေးကို ထိခိုက်မှုမဖြစ်စေရန်နှင့် မတော်တဆထိခိုက်မှုမဖြစ်စေရန် သတ်မှတ်ချက်များနှင့်အညီ စီမံထားရမည်။"**

၂၀။ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင်-
(က) ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ)၌ ပါရှိသော **"နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်"** ဆိုသည့် စကားရပ်ကို **"အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မ ၃၈၊ ပုဒ်မခွဲ(၆)၌ ပါရှိသော **"ပြဋ္ဌာန်းသည့် နည်းဥပဒေများပြုနိုင်သည့်အပြင်"** ဆိုသည့်စကားရပ်ကို **"အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည့်အပြင်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ဂ) ပုဒ်မ ၄၀၊ ပုဒ်မခွဲ(၇)၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ(၁)တို့၌ ပါရှိသော **"ပြဋ္ဌာန်းသည့်နည်းဥပဒေများပြုနိုင်သည်"** ဆိုသည့်စကားရပ်ကို **"ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၃၈၊ ပုဒ်မခွဲ(၆)၌ ပါရှိသော **"အမိန့်စာဖြင့်"** ဆိုသည့် စကားရပ်ကို **"ညွှန်ကြားချက်ဖြင့်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

*အချပ်ပို(ဂ)သို့*

# လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**( ၂၀၁၅ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လက်နက်အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(၃)တွင်ပါရှိသော“ knives of such other kinds ”ဆိုသည့် စကားရပ်နောက်တွင် “ and substances” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ လက်နက်အက်ဥပဒေ ပုဒ်မ ၆ တွင်ပါရှိသော “ by land ”ဆိုသည့် စကားရပ်၏နောက်တွင် “or by air ” ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ လက်နက်အက်ဥပဒေ ပုဒ်မ ၁၉ တွင်ပါရှိသော “shall be punished with imprisonment for a term which may extend to three years, or with fine, or with both” ဆိုသည့် စကားရပ်ကို “shall be punished with imprisonment for a term which may extend from a minimum of six months to a maximum of five years and shall also be liable to fine not exceeding five hundred thousand kyats.” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ လက်နက်အက်ဥပဒေ ပုဒ်မ ၁၉-က တွင်ပါရှိသော “shall be punished with rigorous imprisonment for a term with may extend to seven years:” ဆိုသည့် စကားရပ်ကို “shall be punished with imprisonment for a term which may extend from a minimum of three years to a maximum of seven years and shall also be liable to fine not exceeding five hundred thousand kyats.” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၀ တွင်ပါရှိသော “shall be punished with imprisonment for a term which may extend to seven years, or with fine, or with both.” ဆိုသည့် စကားရပ်ကို “shall be punished with imprisonment for a term which may extend from a minimum of three years to a maximum of seven years and shall also be liable to fine not exceeding five hundred thousand kyats.” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၁ တွင်ပါရှိသော “six months” ဆိုသည့် စကားရပ်ကို “one year” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "five hundred kyats” ဆိုသည့် စကားရပ်ကို “fifty thousand kyats” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၈။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၂ တွင်ပါရှိသော “six months” ဆိုသည့် စကားရပ်ကို “one year” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “five hundred kyats” ဆိုသည့် စကားရပ်ကို “fifty thousand kyats” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၉။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၃ တွင်ပါရှိသော “one month” ဆိုသည့် စကားရပ်ကို “one year” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “two hundred kyats” ဆိုသည့်စကားရပ်ကို “five hundred thousand kyats” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၀။ လက်နက်အက်ဥပဒေ ပုဒ်မ ၂၉ တွင် ပါရှိသော “district magistrate” ဆိုသည့် စကားရပ်ကို “administrator of the Department of Township General Administration” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ လက်နက်အက်ဥပဒေ ပုဒ်မ ၃၂ တွင်ပါရှိသော “one month” ဆိုသည့် စကားရပ်ကို “one year” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “two hundred kyats” ဆိုသည့်စကားရပ်ကို “fifty thousand kyats” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

---

*အချပ်ပို(ခ)မှ*

၂၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

**“၄၃-က။ “အလုပ်ရုံများတွင် လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှုများကို လျော့နည်းပပျောက်စေရန်အလို့ငှာ အလုပ်ရှင်သည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံ၊ ကြီးကြပ်သူများနှင့် အလုပ်သမားများအား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းများကို လိုအပ်သလို တက်ရောက်စေရမည်။”**

၂၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၄၇၊ ပုဒ်မခွဲ(၃)၌ ပါရှိသော **“သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံတခုထားရှိရမည်။ ထိုသူနာပြုခန်းကို၊ သို့တည်းမဟုတ် ဆေးပေးရုံကို”** ဆိုသည့် စကားရပ်ကို **“ဆေးခန်းကို”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၄။ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၄၉၌ ပါရှိသော **“အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများ”** ဆိုသည့် စကားရပ်ကို **“နားနေခန်းများ”** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **“အစာစားခန်း”** ဆိုသည့် စကားရပ်ကို **“စားသောက်ခန်း”** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၅။ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ၅၀၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“(၁) ခြောက်နှစ်အောက်ကလေးများရှိသည့် အိမ်ထောင်သည် အမျိုးသမီး ၂၀၀ ဦးနှင့် အထက်ရှိသော အလုပ်ရုံများအနေဖြင့် အလုပ်ရှင်များ၏ အစီအစဉ်ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သတ်မှတ်ထားသော နေ့ကလေးထိန်းဌာနများဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ အလုပ်ရုံတစ်ရုံချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ စီမံထားရှိရမည်။ အိမ်ထောင်သည် အမျိုးသမီး ၂၀၀ ဦး မပြည့်သော အလုပ်ရုံများမှ ၎င်းတို့၏ ခြောက်နှစ်အောက် ကလေးများအတွက် အလုပ်ရှင်က အခြားသင့်တော်ရာနည်းလမ်းတစ်ရပ်ရပ်ဖြင့် စီစဉ်ပေးနိုင်သည်။”**

၂၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၅၄၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ခ)၌ ပါရှိသော **“မိမိသဘောအရ သူနာစွဲကပ်နေသည့် ရောဂါ၏အမည်”** ဆိုသည့်စကားရပ်ကို **“ဖြစ်ပွားနေသည့် ရောဂါအမည်”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၅၅၊ ပုဒ်မခွဲ(၁)၌ ပါရှိသော **“ရောဂါအကြောင်းကိုဖြစ်စေ”** ဆိုသည့်စကားရပ်ကို **“ရောဂါဖြစ်ပွားရခြင်းအကြောင်းကိုဖြစ်စေ”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၅၇၊ ပုဒ်မခွဲ(၁)၌ ပါရှိသော **“ကုန်သွယ်ရေးအတွက်ဖြစ်စေ၊ စီးပွားရေးအတွက်ဖြစ်စေ”** ဆိုသည့် စကားရပ်ကို **“ကုန်သွယ်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းအတွက်ဖြစ်စေ”** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **“မီးရထားလမ်း သို့တည်းမဟုတ် ဓာတ်ရထားလမ်း ”** ဆိုသည့်စကားရပ်ကို **“ရထားလမ်း”** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၉။ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၅၈၊ ပုဒ်မခွဲ(၁)၌ ပါရှိသော **“လူပေါင်းတရာအောက်မနည်းခိုင်းစေသော”** ဆိုသည့်စကားရပ်ကို **“လူနှစ်ဆယ်အောက်မနည်း အလုပ်လုပ်နေသော”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၆၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ခ)၊ ပုဒ်မခွဲငယ်စိတ် (ကက)ကို အောက်ပါအတိုင်း အစားထိုးရမည်-

**“(ကက) အလုပ်သမားကို ရက်သတ္တပတ် အလုပ်ပိတ်ရက်များ၌ လုပ်ငန်းလိုအပ်ချက်အရ အလုပ်လုပ်စေရန် လိုအပ်ပါက အလုပ်သမား၏ သဘောတူညီချက်ဖြင့် အလုပ်ရှင်နှင့် မန်နေဂျာတို့သည် ညှိနှိုင်းရေးမှူးချုပ်ထံသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ သုံးရက်ကြိုတင်၍ ရက်စားအနားပေးရမည့်ရက်ကို တစ်ပါတည်း တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်စေရမည်။ ထို့ပြင်”**

၃၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၀၊ ပုဒ်မခွဲ(၁)၌ ပါရှိသော **“ပုဒ်မ ၇၂၊ ပုဒ်မခွဲ (၁)၊ အပိုဒ်(ခ)ပါ ပြဋ္ဌာန်းချက်များနှင့်၊ ထိုပုဒ်မခွဲရှိ ခြွင်းချက်မှလွဲ၍”** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၇၅ ၌ ပါရှိသော **“အသက်တဆယ့်သုံးနှစ်မပြည့် သေးသည့်”** ဆိုသည့် စကားရပ်ကို **“အသက်တစ်ဆယ့်လေးနှစ် မပြည့်သေးသည့်”** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးပြီး ယင်းပုဒ်မ၏ နောက်၌ ပုဒ်မ ၇၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**“၇၅-က။ မည်သည့် လူငယ်ကိုမျှ ဘေးအန္တရာယ်ရှိစေခြင်း၊ ကျန်းမာရေး ထိခိုက်စေခြင်း၊ ပညာသင်ကြားနိုင်သည့် အခွင့်အရေးကို အနှောင့်အယှက်ဖြစ်စေခြင်း၊ လူငယ်များ၏ စာရိတ္တနှင့်ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းစသည့် အဆိုးရွားဆုံးပုံစံများဖြင့် အလုပ်ခိုင်းစေခြင်းမပြုရ။”**

၃၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၆ ၌ ပါရှိသော **“အသက်ဆယ့်သုံးနှစ်ပြည့်ပြီး”** ဆိုသည့်စကားရပ်ကို **“အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၇၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(က)၌ ပါရှိသော **“အသက်ဆယ့်သုံးနှစ်ပြည့်ပြီး”**ဆိုသည့်စကားရပ်ကို **“အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး”** ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မခွဲငယ်(ခ)၌ ပါရှိသော **“အသက်ဆယ့်ငါးနှစ်ပြည့်ပြီး”** ဆိုသည့်စကားရပ်ကို **“အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီး”** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၇၈၊ ပုဒ်မခွဲ (၂)၏ နောက်တွင် ပုဒ်မခွဲ(၃)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**“(၃) အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက် လက်မှတ်မရရှိသော မည်သည့်လူရွယ်ကိုမျှ အလုပ်ရုံ၌ ည ၆နာရီမှ နံနက် ၆ နာရီအချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့်မပြုရ။”**

၃၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၈၅၊ ပုဒ်မခွဲ (၂)၏ နောက်တွင် ပုဒ်မခွဲ(၃)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**“(၃) တရားရုံးသည် ပုဒ်မ ၅၉ နှင့် ၆၂ တို့အရ အလုပ်သမားအား ပေးရန်ပျက်ကွက်ခဲ့သည့် ပုဒ်မ ၇၃၊ ပုဒ်မခွဲ(၁) ပြဋ္ဌာန်းချက်ပါ အချိန်ပိုလုပ်ခကြေးငွေကို လျော်ကြေးပေးထိုက်သည့်အကြောင်း ပေါ်ပေါက်ပါက ရထိုက်သောလျော်ကြေးငွေကို လျော်ကြေးပေးရန်တာဝန်ရှိသူက နစ်နာသူအား ထုတ်ပေးရန် အမိန့်ချမှတ်ရမည်။”**

၃၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၉၂၌ပါရှိသော **“တရားရုံးက ထင်မြင်လျှင်”** ဆိုသည့်စကားရပ်ကို **“တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၉၇၊ ပုဒ်မခွဲ(၂)၌ ပါရှိသော **“ပဋ္ဌမတန်း ရာဇဝတ်တရားသူကြီးအောက်ငယ်သည့် မည်သည့်တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ”** ဆိုသည့် စကားရပ်ကို **“စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စစ်ဆေးစီရင်ရမည်”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင်-

(က) ပုဒ်မ ၂၂၊ ပုဒ်မခွဲ(၄)၌ ပါရှိသော **“ငါးကျပ်”** ဆိုသည့် စကားရပ်ကို **“ကျပ်တစ်ထောင်”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(၂)နှင့် ပုဒ်မ ၅၆၊ ပုဒ်မခွဲ(၆) တို့၌ ပါရှိသော **“ငါးရာထက်မပိုသော ငွေဒဏ်”** ဆိုသည့် စကားရပ်ကို **“ကျပ်ငါးသိန်းအောက်မနည်းသောငွေဒဏ်”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၅၄၊ ပုဒ်မခွဲ(၄)၌ ပါရှိသော **“ငွေငါးဆယ်”** ဆိုသည့် စကားရပ်ကို **“ကျပ်တစ်သိန်း”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၈၅ ၌ ပါရှိသော **“ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့်စကားရပ်ကို **“ကျပ်သိန်းနှစ်ဆယ်ထက်မနည်းသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၈၅ ၌ ပါရှိသော **“ခုနှစ်ဆယ့်ငါးကျပ် ထက်မပိုသော ငွေဒဏ်”** ဆိုသည့် စကားရပ်ကို **“ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ ၈၅၊ ပုဒ်မခွဲ(၁)၌ပါရှိသော **“ကျပ်ငါးရာတိတိ ငွေဒဏ်ကိုဖြစ်စေ”** ဆိုသည့် စကားရပ်ကို **“ကျပ်သိန်းနှစ်ဆယ်တိတိ ငွေဒဏ်ကိုဖြစ်စေ”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မ ၈၆ ၌ ပါရှိသော **“အနည်းဆုံးနှစ်ရာမှ အများဆုံး တထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့်စကားရပ်ကို **“အနည်းဆုံး ကျပ်သိန်းသုံးဆယ်မှ အများဆုံး ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မ ၈၇၊ ပုဒ်မခွဲ(၁)၌ ပါရှိသော **“နှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့်စကားရပ်ကို **“ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဈ) ပုဒ်မ ၈၈ ၌ ပါရှိသော **“ငါးရာထက်မပိုသောငွေဒဏ်ဖြစ်စေ”** ဆိုသည့် စကားရပ်ကို **“ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ည) ပုဒ်မ ၈၉၊ ပုဒ်မခွဲ(၂)၌ ပါရှိသော **“တနေ့လျှင် တရာထက်မပိုသော ငွေဒဏ်”** ဆိုသည့်စကားရပ်ကို **“တစ်နေ့လျှင် ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဋ) ပုဒ်မ ၉၁ ၌ ပါရှိသော **“နှစ်ဆယ်ထက်မပိုသော ငွေဒဏ်”** ဆိုသည့် စကားရပ်ကို **“ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဌ) ပုဒ်မ ၉၂ ၌ ပါရှိသော **“နှစ်ဆယ်ထက်မပိုသော ငွေဒဏ်”** ဆိုသည့် စကားရပ်ကို **“ကျပ်သုံးသောင်းထက်မပိုသောငွေဒဏ်”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဍ) ပုဒ်မ ၁၀၇၊ ပုဒ်မခွဲ(၃)၌ ပါရှိသော **“တထောင်ထက်မပိုသည့် ငွေဒဏ်”** ဆိုသည့်စကားရပ်ကို **“ကျပ်တစ်ဆယ်သိန်းထက်မပိုသည့် ငွေဒဏ်”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းပို့ချ

**မန်စီ ဩဂုတ် ၂၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ မြို့တော်ခန်းမ၌ မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ဗန်းမော်ခရိုင် ဥပဒေအရာရှိ ဒေါ်နန်းလှလှအေးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်မောင်က ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ၊ အမျိုးသားလွှတ်တော် ဥပဒေ/ နည်းဥပဒေ၊ ပြည်သူ့လွှတ်တော် ဥပဒေ/နည်းဥပဒေ၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် ဥပဒေ/နည်းဥပဒေ၊ လဝကနှင့် ဆက်စပ်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များစသည်ဖြင့် ဘာသာရပ်ခွဲကာ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရန် စာဖတ်ဝိုင်းများဆောင်ရွက်

**မိုးနဲ ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်နေဒေသခံကလေးငယ်များနှင့် ပြည်သူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာလာစေရန်နှင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို ဩဂုတ် ၂၁ ရက်က နောင်မြိုင်ကျေးရွာအုပ်စု ကင်တုံကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်ကော်မတီများ၊ ကျောင်းစာကြည့်တိုက်ကော်မတီများ၊ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက် ရှင်သန်ခိုင်မာလာအောင် ဆောင်ရွက်သွားရမည့် နည်းလမ်းများနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သဘာဝဘေးနှင့် လူကုန်ကူးမှု

မောင်ခိုင်မာ(အထက်မင်းလှ)

မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုပြဿနာသည် အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများတွင် အနည်းနှင့်အများ ကြုံတွေ့နေရသော ပြဿနာများဖြစ်ပါသည်။ မူးယစ်ဆေးဝါးပြဿနာသည် အဓိကအားဖြင့် လူငယ်များနှင့်သာသက်ဆိုင်ပြီး လူကုန်ကူးမှုပြဿနာသည် အဓိကအားဖြင့် စီးပွားရေးချို့တဲ့သော၊ ပညာရည်နည်းပါးသော မိသားစုများနှင့် သက်ဆိုင်ပါသည်။ လူကုန်ကူးသူများသည် လူတို့၏ အခက်အခဲအကျပ်အတည်းကို ၎င်းတို့အတွက် အခွင့်အလမ်းအဖြစ်အသုံးချတတ်ပါသည်။ သို့အတွက် လူတို့၏ အခက်အခဲ အကျပ်အတည်းများကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ပစ်မှတ်ကိုတွေ့သောအခါ မက်လုံးပေးကာ စည်းရုံးသိမ်းသွင်းတတ်ပါသည်။

သဘာဝဘေးအန္တရာယ်များကြုံတွေ့ရသဖြင့် စားဝတ်နေရေးကျပ်တည်းခက်ခဲသောကြောင့် လည်းကောင်း၊ မိသားစုနှင့် ကွဲကွာသွားရသဖြင့် လည်းကောင်း၊ လူကုန်ကူးမှုနှင့်လူမှောင်ခိုမှုများ ဖြစ်ပွားတတ်ပါသည်။ ဥပမာအားဖြင့် ၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက်က လူထောင်ပေါင်းများစွာ သေဆုံးပြီး နေအိမ်ငါးသိန်းကျော် ပြိုကျပျက်စီးခဲ့သည့် ငလျင်သဘာဝဘေးဒဏ်ခံစားနေရသော နီပေါနိုင်ငံတွင် အမျိုးသမီး ၂၇ ဦးကို လူမှောင်ခိုကူးရန်ကြိုးပမ်းခဲ့ရာ အိန္ဒိယနိုင်ငံရဲတပ်ဖွဲ့က ကယ်တင်ပြီး နေရင်းနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ရကြောင်းနှင့် ထိုဒေသမှ နီပေါအမျိုးသမီးအချို့သည် အရှေ့အလယ်ပိုင်းဒေသနှင့် ကင်ညာ၊ တန်ဇန်းနီးယားတို့သို့ လူမှောင်ခိုကူးခံနေရသည်ဟု နိုင်ငံတကာသတင်းတစ်ရပ်တွင် ဆိုထားပါသည်။

စာရေးသူတို့နိုင်ငံတွင်လည်း ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတွင် ရေကြီးရေလျှံမှုများဖြစ်ကာ လူပေါင်း နှစ်သိန်းခုနစ်သောင်းခန့် ရေဘေးဒုက္ခကြုံတွေ့နေရပါသည်။ ယခုကာလပြန်လည်ထူထောင်ရေးများပြုလုပ်သောအခါ အလုပ်အကိုင်ရှားပါးမှု၊ လယ်ယာမြေလုပ်ကွက်၊ စီးပွားရေးလုပ်ငန်းများ ရေလွှမ်းဆုံးရှုံးမှု၊ အိုးအိမ်ပျက်စီးမှုစသည်တို့ကြောင့် လူတို့အနေဖြင့် အခက်အခဲတွေ့နေကြရပါသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံရစဉ်ကလည်း ဤပြဿနာမျိုးကြုံတွေ့ရပြီးဖြစ်ပါသည်။ သဘာဝဘေးဒဏ်ခံရပြီးသည့်နောက်တွင် အိုးအိမ်ပျက်စီးဆုံးရှုံး၊ သားတကွဲ၊ မယားတကွဲ၊ မိဘတကွဲဖြစ်သွားသည့်ကလေးငယ်များ၊ လူပုဂ္ဂိုလ်များအား လူပွဲစားများ၊ အလုပ် ပွဲစားများ၊ လူမှောင်ခို၊ လူကုန်ကူးသူများက ဖြားယောင်းသွေးဆောင်လိမ်လည်လှည့်စားပြီး စည်းရုံးနိုင်ပါသည်။ သို့အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကျေးလက်ဒေသများပါမကျန် ဖြန့်ကြက်ကာ လူမှောင်ခိုကူးမှုတားဆီးမှုအသိပညာပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်သွားရန်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရပါသည်။ ပြည်သူလူထုအနေဖြင့်လည်း လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဥပဒေကိုအထိုက်အလျောက်သိရှိထားခြင်းအားဖြင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို နားလည်သဘောပေါက်ကြလိမ့်မည်ဟု ယူဆသည့်အတွက် အကြောင်းခြင်းရာအချို့ကို တင်ပြလိုပါသည်။

## လူကုန်ကူးမှုဟူသည်

၂၀၀၅ ခုနှစ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (The Anti-Trafficking In Persons Law) အခန်း(၁)၊ ပုဒ်မ (၃)တွင်လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းအလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပြီး လူများကိုသိမ်းသွင်းစုဆောင်းခြင်း(Recrutment)၊ သယ်ယူပို့ဆောင်ခြင်း (Transportation)၊ လွှဲပြောင်းခြင်း (Transfer)၊ ရောင်းချခြင်း(Sale)၊ ဝယ်ယူခြင်း (Purchase)၊ ငှားရမ်းခြင်း (Lending)၊ ငှားယူခြင်း (Hiring)၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်း (Harbouring or Receipt)ကို ဆိုလိုသည်။

(က) ခြိမ်းခြောက်ခြင်း (threat)၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း (use of force or other form of coercion)

(ခ) သွေးဆောင်ခေါ်ယူခြင်း (abduction)

(ဂ) လိမ်လည်ခြင်း (fraud)

(ဃ) လှည့်ဖြားခြင်း (decepting)

(င) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း (abuse of power) သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊

(စ) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း
(ခေါင်းပုံဖြတ်ခြင်းဟုဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ သူတစ်ပါးခန္ဓာကိုယ်၏ အစိတ်အပိုင်းအား ထုတ်ယူခြင်း/ ရောင်းချခြင်းတို့ကို ပြုရာမှ ငွေကြေး/ အကျိုးအမြတ်လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန်သဘောတူခြင်းပါဝင်သည်)ဟု ဖွင့်ဆိုထားပါသည်။

## လူကုန်ကူးမှုတိုက်ဖျက်ရေး နှစ်ပတ်လည်အစီရင်ခံစာ

မြန်မာနိုင်ငံ၌ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ၁၉၉၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဒုတိယ ငါးနှစ်စီမံကိန်း (၂၀၁၂-၂၀၁၆)ကို အကောင်အထည်ဖော်လျက်ရှိရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ၂၀၁၄ ခုနှစ်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး နှစ်ပတ်လည်အစီရင်ခံစာကို ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက ထုတ်ပြန်ခဲ့ပါသည်။ ထိုအစီရင်ခံစာကိုကြည့်လျှင် ၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှု ဦးတည်သည့်နိုင်ငံများအဖြစ် တရုတ် ၆၂ ဒသမ ၁ ရာခိုင်နှုန်း၊ ပြည်တွင်း ၂၀ ရာခိုင်နှုန်း၊ ထိုင်း ၁၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် မလေးရှား ၂ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ လူကုန်ကူးမှုအမျိုးအစားများအဖြစ် အဓမ္မလက်ထပ်ထိမ်းမြားမှု ၅၈ ဒသမ ၀၆ ရာခိုင်နှုန်း၊ အဓမ္မစေခိုင်းမှု ၂၃ ဒသမ ၄ ရာခိုင်နှုန်း၊ ပြည့်တန်ဆာပြုမှု ၁၇ ဒသမ ၇၄ ရာခိုင်နှုန်းနှင့် ကလေးသူငယ်လူကုန်ကူးမှု ၁ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ လူကုန်ကူးသူ တရားခံဦးရေ အများဆုံးပါဝင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို အများအနည်းအလိုက် ဖော်ပြထားရာ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ၊ တနင်္သာရီ၊ မွန်၊ ကချင်၊ ကရင်၊ မန္တလေးနှင့် ပဲခူးတို့ကို အစဉ်လိုက်တွေ့ရပါသည်။ လူကုန်ကူးမှု အများဆုံးဖြစ်ပွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို အများအနည်းအလိုက် ဖော်ပြထားရာ ရှမ်း၊ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီနှင့် ကချင်ဟူ၍ အစဉ်လိုက်တွေ့ရပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ လူကုန်ကူးမှု အမှုစာရင်းများအရ အမှုပေါင်း ၇၄ မှုရှိပြီး ရှမ်းပြည်နယ်၌ ၁၉ မှုဖြင့် အများဆုံးဖြစ်ပွားခဲ့ကာ လူကုန်ကူးခံရသူပေါင်း ၂၂၅ ဦးရှိကြောင်း သိရသည်။

## မဲခေါင်ဒေသတွင်းပူးပေါင်းတိုက်ဖျက်ရေး

(၄) ကြိမ်မြောက် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဝန်ကြီးအဆင့်အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပရာ မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း (Coordinated Mekong Ministerial Initiative against Trafficking-COMMIT) ၏ တတိယပူးတွဲကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာစာတမ်းတွင် အချက်ကိုးချက်ပါဝင်ပြီး အမှတ်စဉ် (၃)အဖြစ် "လူကုန်ကူးခံရသူ ခွဲခြားသတ်မှတ်မှုလုပ်ငန်းစဉ်များ ပိုမိုတိုးတက်စေခြင်းနှင့် လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းသွားလာမှု သံသရာအတွင်းရှိ မည်သည့်နေရာ၌မဆို ရောက်ရှိနေကြသော လူကုန်ကူးခံရသူနှင့် လူကုန်ကူးခံရနိုင်ဖွယ်ရှိသူများအား ကာကွယ်ပေးခြင်းစသည်တို့အတွက် ရည်ရွယ်ဆောင်ရွက်မှုများမှတစ်ဆင့် လူကုန်ကူးခြင်းနှင့် ဆက်စပ်အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက်လည်းကောင်း၊ တရားဝင်လုပ်ဆောင်ပေးမှုအားလုံးသည် လူကုန်ကူးခံရသူ၏ ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို အဓိကအလေးထား ဆောင်ရွက်ပေးနိုင်ရေးအတွက် လည်းကောင်း ကတိကဝတ်ပြုခြင်း" နှင့် အမှတ်စဉ် (၉)အဖြစ် "လူကုန်ကူးမှုများတွင် ပါဝင်ပတ်သက်နေသော မည်သည့် Public နှင့် Private ကဏ္ဍတို့ကိုမဆို ခွင့်လွှတ်ခြင်းမပြုဘဲ အရေးယူမည့်မူဝါဒတစ်ခုကို ထိန်းသိမ်းလိုက်နာခြင်း" တို့ ပါဝင်ပါသည်။

## ကမ္ဘာ့လူဦးရေနေ့

လူဦးရေဆိုင်ရာလုပ်ငန်းများကို အသိပညာပေးရန် ရည်ရွယ်ချက်ဖြင့် လူဦးရေသန်း ၅၀၀၀ ပြည့်သော ၁၉၈၇ ခုနှစ်မှ စတင်ပြီး ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်မှာ "Vulnerable Populations in Emergencles" **(ထိခိုက်လွယ်သူ၊ ဖေးမကူ၊ အရေးပေါ်ဟူက စောင့်ရှောက်ကြ)** ဟူ၍ဖြစ်သည်။ ဤဆောင်ပုဒ်ထုတ်ပြန်ရခြင်းမှာ ကမ္ဘာ့နေရာအနှံ့အပြား၌ ဖြစ်ပေါ်နေသည့် ပဋိပက္ခအငြင်းပွားမှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် လူဦးရေသန်း၅၀ ကျော်မှာ ၎င်းတို့နေအိမ်မှ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း၊ ထွက်ပြေးတိမ်းရှောင်သည့် လူဦးရေ၏ လေးပုံသုံးပုံမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေတွင် အမျိုးသမီးများ၊ ကလေးများနှင့် လူငယ်လူရွယ်များအတွက် လိုအပ်ချက်များကို အထူးအလေးပေး ကူညီဆောင်ရွက်ကြရန် ဖြစ်ပါသည်။ "မျက်ဖြူဆိုက်လေ၊ ဆရာကြိုက်လေ" ဆိုသကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ထွက်ပြေးတိမ်းရှောင်ရသူ၊ ဒုက္ခရောက်နေကြသူများမှာ လူကုန်ကူးသူများ၏ သားကောင်ဖြစ်သွားတတ်သည်ကို ဂရုပြုရပါမည်။

## ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

မြန်မာနိုင်ငံသည် (United Nations Convention against Transnational Organized Crime-UNTOC) နှင့် နောက်ဆက်တွဲ စာချုပ်ဖြစ်သည့် (The Protocol to Prevent, Suppress and Punish Trafficking in Persons, especially Women and Children) စာချုပ်အရ ၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ဥပဒေတွင် အခန်းပေါင်း ၁၀ ခန်းနှင့် ပုဒ်မပေါင်း ၃၈ ခုပါဝင်ပါသည်။ သိမှတ်ထားဖွယ်ပုဒ်မအချို့ကို တင်ပြပါလျှင်-

(က) **အခန်း(၁)၊ ပုဒ်မ(၂)**တွင် "ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့်လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲနေထိုင်သည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ၊ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

(ခ) အခန်း(၂)၊ ပုဒ်မ(၄)တွင် ဥပဒေ၏ ရည်ရွယ်ချက်များကို ဖော်ပြထားရာ -**အပိုဒ်ခွဲ(က)**တွင် မြန်မာလူမျိုးတို့၏ တန်ဖိုးထားစောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန် (National Duty) တစ်ရပ်အဖြစ် တားဆီးကာကွယ်နှိမ်နင်းရန်ဟု လည်းကောင်း၊
**အပိုဒ်ခွဲ(င)**တွင် လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး (rescuing)၊ ပြန်လည်လက်ခံရေး (receving)၊ ကာကွယ်စောင့်ရှောက်ရေး (safe guarding)၊ ပြန်လည်ထူထောင်ရေး (rehabilitation) နှင့် အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး (reintegration into society) လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်ဟု လည်းကောင်း ဖော်ပြထားပါသည်။

(ဂ) အခန်း(၉)တွင် ပြစ်မှုနှင့်ပြစ်ဒဏ်များ (offences and penalties) များကို သတ်မှတ်ထားရာ **ပုဒ်မ(၂၄)**တွင် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၁၀ နှစ်မှ ထောင်ဒဏ်တစ်သက်နှင့် ငွေဒဏ်ချမှတ်နိုင်ကြောင်း၊ ပုဒ်မ (၂၅) တွင် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးမှုကျူးလွန်ခြင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၅) နှစ်မှ (၁၀) နှစ်နှင့် ငွေဒဏ်ချမှတ်နိုင်ကြောင်း၊ ပုဒ်မ(၂၈)(က)တွင် ပုဒ်မ ၂၄ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထောင်ဒဏ် (၂၀)နှစ်မှ ထောင်ဒဏ်တစ်သက်နှင့် ငွေဒဏ် ချမှတ်နိုင်ကြောင်း၊ **ပုဒ်မ (၃၀)** တွင် တာဝန်ရှိသူတစ်ဦးသည် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ၊ ငွေကြေး၊ ပစ္စည်းတစ်စုံတစ်ရာတောင်းခံခြင်း/ရယူခြင်းပြုကြောင်း ထင်ရှားလျှင် ထောင်ဒဏ် (၃) နှစ်မှ (၇) နှစ်နှင့် ငွေဒဏ်ချမှတ်နိုင်ကြောင်း စသည်ဖြင့် ပြဋ္ဌာန်းထားပါသည်။

## ဝိုင်းဝန်းကာကွယ်နှိမ်နင်းကြပါစို့

လူကုန်ကူးသူ၊ လူမှောင်ခိုသူများသည် ပုံမှန်အားဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၊ စီးပွားရေး၊ လူမှုရေးအခက်အခဲ တွေ့ကြုံနေရသူများအား သွေးဆောင်လှည့်ဖြားတတ်သကဲ့သို့ ရံဖန်ရံခါဖြစ်ပွားတတ်သည့် သဘာဝဘေးဒဏ်ခံစားရသူများကိုလည်း အကွက်ချောင်းနေတတ်ပါသည်။ မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသည့် ရေကြီးရေလျှံသဘာဝဘေးဒဏ်ခံစားနေရသည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးများဆောင်ရွက်နေသည့် ကြားကာလတွင် လူကုန်ကူးမှုများ၊ လူမှောင်ခိုမှုများ၊ ဖြစ်ပေါ်တတ်သဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူကုန်ကူးခံရသူများ အကူအညီပေးရေးအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူကုန်ကူးခံရနိုင်ဖွယ်ရှိပြီး ရပ်တည်ရန်ခက်ခဲသည့် အသိုက်အဝန်းများ စသည်တို့က လူကုန်ကူးမှုတားဆီးရေးဗဟိုအဖွဲ့နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့နှင့် လက်တွဲပူးပေါင်းကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်နိုင်ကြပါရန် တင်ပြအပ်ပါသည်။ ။

**လူကုန်ကူးသူ၊ လူမှောင်ခိုသူများသည် ပုံမှန်အားဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၊ စီးပွားရေး၊ လူမှုရေးအခက်အခဲ တွေ့ကြုံနေရသူများအား သွေးဆောင်လှည့်ဖြားတတ်သကဲ့သို့ ရံဖန်ရံခါဖြစ်ပွားတတ်သည့် သဘာဝဘေးဒဏ်ခံစားရသူများကိုလည်း အကွက်ချောင်းနေတတ်**

## ရေနစ်မြုပ်ပျက်စီးသွားသော မိုးစပါးဧရိယာများတွင် တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ပြန်လည်စိုက်ပျိုး

**နတ်တလင်း ဩဂုတ် ၂၄**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နတ်တလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ရေကြီးမှုများကြောင့် ပျက်စီးနစ်မြုပ်သွားသော ကျေးရွာအုပ်စု ၃၇ အုပ်စုမှ ထိခိုက်ဧရိယာ ၅၇၆၇ ဧကတွင် နှံပျိုးများ၊ အရပျိုးများဖြင့် ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

နတ်တလင်းမြို့နယ် အနောက်ဘက်ရှိ ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသော စပါးစိုက်ခင်း ၁၀၆၆ ဧကအား သက်လျင်စပါးမျိုးများ အသုံးပြု၍ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးပေးခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ဩဂုတ် ၂၂ ရက်က ရေကြည်ကျေးရွာအုပ်စုတောင်သူ ဦးဖိုးချို၏ ပျက်စီးလယ်သုံးဧကတွင် စိုက်ပျိုးပေးကြသည်။ အဆိုပါ စိုက်ပျိုးခြင်းကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် နတ်တလင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့နယ်စိုက်/ညီအဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)